
www.burmeseclassic.com


# လင်းရောင်ဝင်

ရွှေကိုယ်လေး ငွေကိုယ်လေး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**[illegible]**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၅/၂၀၀၃(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၃/၂၀၀၃(၁)
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၀၀ ကျပ်
ပထမအကြိမ် ၊ ၂၀၀၃ ခုနှစ်
မတ်လ
ထုတ်ဝေသူ - သော်ကစာပေတိုက်
ဦးတင့်လွင် (မြ-၀၁၉၅၂)
၆၀၅ / သုဓမ္မာလမ်း၊
၄ရပ်ကွက်၊ တိုးချဲ့မ/ဥက္ကလာပ
အဖုံးပုံနှိပ်နှင့် အတွင်းပုံနှိပ် - ဒေါ်ခင်ကြွေ (မြ-၀၄၇၈၀)-
ရတနာမဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၀၇)၊ဝေဇယန္တာလမ်း၊
၁၆/၂-ရပ်ကွက်၊သင်္ဃန်းကျွန်း၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - အောင်မြင်စာပေ
အမှတ်(၁)၊အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊
ရန်ကုန်မြို့။
☎ ၅၄၁၇၄၅
၀၉ ၈၀ ၃၄၅၈၀
၀၉ ၅၀ ၂၁၃၅၄

## အခန်း ( ၁ )

### ခြေထောက်ပေါက်၍ ပျောက်ဆုံးသွားသော စုရမိုက် သုံးစု

တယ်လီဖုန်းဘဲလ်မြည်သံကြောင့် ငွေဆံပင်သည် သွားရောက်ကောက်ကိုင်လိုက်ကာ ပြန်၍ ထူးလိုက်ရလေ၏။

"ဟုတ်ကဲ့....အမိန့်ရှိပါခင်ဗျား၊ ကျွန်တော် ငွေဆံပင်ပါ၊ ဒေါက်တာသိန်းအောင်ကျော်ရဲ့ တပည့်ပါ"

ငွေဆံပင် အသံပြုလိုက်သည်နှင့် တစ်ဖက်မှ အောင်မြင်ခန့်ညားသော အသက်ကြီးပုံရသည့် လူကြီးတစ်ယောက်၏ အသံထွက်လာလေ၏။

"ဟုတ်ပြီ မောင်ငွေဆံပင်၊ မင်းရဲ့ဆရာ ဒေါက်တာသိန်း အောင်ကျော်နဲ့ ကျုပ် စကားပြောပါရစေ၊ အရေးကြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရှိလို့ဆိုပြီး ပြောပေးပါ၊ ကျုပ်နာမည်က ဘသော်.... ဦးဘသော်”

“ဪ....ဟုတ်ကဲ့ပါခင်ဗျား၊ ကျွန်တော် ခုပဲ သွားပြောလိုက်ပါ့မယ်”

ငွေဆံပင်က ပြောပြောဆိုဆို တယ်လီဖုန်းကိုအသာပြန်ချလိုက်ပြီးနောက် ဒေါက်တာဟိန်းအောင်ကျော်ရှိရာ အိမ်ကြီး၏ အပေါ်ထပ် ယာဘက်ထောင့်တွင်ရှိသော စာကြည့်ခန်းဘက်သို့ အပြေးအလွှားတက်လာခဲ့လေ၏။

“တယ်လီဖုန်းလာနေပါတယ်ဆရာ၊ဦးဘသော်လို့ ပြောပါတယ်ဆရာ၊ အရေးကြီးတဲ့ကိစ္စရှိလို့ပါတဲ့”

ငွေဆံပင်က စာကြည့်ခန်းအတွင်းဝတွင် ခြေစုံရပ်လိုက်ကာ တရိုတသေအမူအရာဖြင့် ပြောလိုက်လေ၏။ ထိုအချိန်တွင် ဒေါက်တာဟိန်းအောင်ကျော်သည် စာအုပ်တစ်အုပ်ကို စားပွဲပေါ်၌ သဲကြီးမဲကြီးကုန်းဖတ်နေချိန်ဖြစ်၏။

သို့ဖြစ်၍ ဒေါက်တာဟိန်းအောင်ကျော်က လှည့်မကြည့်ဘဲ ပြန်၍အသံပြုလိုက်၏။

“ကောင်းပြီ ငွေဆံပင်”

ထို့နောက် ဖတ်လက်စ သစ္စတ္တပကာသနီကျမ်း စာအုပ်ကြီးကို အသာချထားလိုက်ပြီးနောက် စားပွဲပေါ်ရှိ တယ်လီဖုန်းကို ကောက်ကိုင်လိုက်လေ၏။

“ဟဲလို.... ဒေါက်တာဟိန်းအောင်ကျော် စကားပြောနေပါတယ်”



ဒေါက်တာဟိန်းအောင်ကျော်၏ အသံကို ကြားလိုက်ရသောကြောင့် တစ်ဖက်မှ ဦးဘသော်သည် တက်တက်ကြွကြွဖြစ်သွားလေ၏။

“ဪ.... ဒေါက်တာဟိန်းအောင်ကျော်လား၊ ကျုပ်ဘသော်ပါ”

“ဟုတ်ကဲ့၊ ဦးလေး အမိန့်ရှိပါ”

“ကျုပ်ပြောချင်ဆိုချင်တာတွေအားလုံးကို တယ်လီဖုန်းပြောလို့ မလုံလောက်ဘူး၊ ဒေါက်တာ အချိန်ပေးနိုင်မယ်ဆိုရင် ကျုပ်ဆီကို လာခဲ့ပါလား”

“ဟုတ်ကဲ့ ဦးလေး၊ နောက်တစ်နာရီလောက်ဆိုရင် ကျွန်တော် ဦးလေးဆီ အရောက်လာခဲ့ပါ့မယ်”

“ဒေါက်တာရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကိုများ လုယူသုံးစွဲသလိုများ ဖြစ်နေမလား မပြောတတ်ပါဘူး”

“ဦးဟာ အချိန်ကို အလွဲသုံးစား လုပ်တတ်တဲ့လူ တစ်ယောက် မဟုတ်ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်ဦး၊ ဦးဟာကအရေးတကြီးကိစ္စရှိလို့ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်၊ မဟုတ်ရင်တော့ ကျွန်တော် ဦးဆီကို ဆယ့်ငါးမိနစ်အတွင်း အရောက်လာခဲ့မလို့ပါပဲ၊ ဒါပေမယ့် အခုလောလောဆယ် ကျွန်တော်ဖတ်စရာရှိတဲ့ စာအုပ်ကလေး ဖတ်နေတာ မပြီးပြတ်သေးလို့”

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဟိန်းအောင်ကျော်၏ စကားကြောင့် ဦးသာဝေသော် အံ့ဩသွားမိ၏။

"ဘာဖြစ်လဲ ဒေါက်တာ၊ စာအုပ်တစ်အုပ်ဖတ်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဦး"

"ဘယ်လောက်များ စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်များ ဖြစ်နေလို့လဲ ဒေါက်တာ၊ ဘာစာအုပ်လဲ"

"စာအုပ်နာမည်က သင်္ခတ္ထပကာသနီကျမ်းပါ ဦး၊ ပါဠိဘာသာနဲ့ ရေးထားတဲ့ စာအုပ်ပါ"

"ဩော်...ဒေါက်တာက ပါဠိလိုလဲ တတ်သားပဲကိုး"

"ဟုတ်ကဲ့ ဦးလေး၊ ဘာသာကြီးဘော်တော်များများကို ကျွန်တော် လေ့လာထားပါတယ်"

"အဲဒီ ပါဠိ စာအုပ်က တော်တော်ကောင်းသလား"

"ကောင်းပါတယ် ဦး၊ စာရေးဆရာ မဟာ(ရ်)ဆွာမီဒယာနန်(န်)ဆာရာဆွတီရေးတဲ့ စာအုပ်ပါ၊ ဒသမနဲ့ ဘာသာရေးကျင့်စဉ်ကျမ်းတစ်ခုပေါ့ဦးရယ်၊ စာအုပ် ကောင်းတာ မကောင်းတာထက် မနက်စောစောတိုင်းမှာ ကျွန်တော်က စာကို အချိန်နှစ်နာရီပြည့်အောင် ဖတ်တဲ့အကျင့်



ယုပ်ထားပါတယ်၊ သေရေးရှင်ရေးလောက် အရေးကြီးတဲ့ ကိစ္စမရှိရင် စာဖတ်တဲ့အချိန်ကို ဘယ်တော့မှ မဖျက်ပါဘူး"

"ကောင်းပါတယ် ဒေါက်တာ၊ ကျုပ်ဖုန်းဆက်လိုက်တဲ့အတွက် ဒေါက်တာရဲ့စာဖတ်ချိန်ထဲကဖဲ့ပြီး သုံးလိုက်ရပြီပေါ့နော်"

"ကိစ္စမရှိပါဘူးဦးလေး၊ ဦးလေးနဲ့ စကားပြောတဲ့အချိန်ကို ဖြည့်ပြီးဖတ်မှာပါ၊ ဒါကြောင့် ဦးဆီကို နောက်တစ်နာရီခွာပြီး ချိန်းတာပေါ့"

"ကောင်းပါတယ် ဒေါက်တာရယ်၊ ကျုပ်ကိစ္စက သေရေးရှင်ရေးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အတော်ကလေးတော့ အရေးကြီးတဲ့ကိစ္စပါ ဒေါက်တာ၊ ဒါကြောင့်ပဲ ဒေါက်တာ့ကို လာခဲ့ဖို့ ချိန်းရတာပေါ့"

"ကောင်းပါပြီ ဦး၊ နောက်တစ်နာရီခွဲမှာ ကျွန်တော် ရောက်လာပါ့မယ်"

ဖုန်းချလိုက်ပြီးနောက် ဒေါက်တာ ဟိန်းအောင်ကျော်သည် ဘုဂတ်လင်စ ကျမ်းစာအုပ်ကို ပြန်၍ ကောက်ကိုင်လိုက်၏။ နှစ်နာရီမပြည့်မချင်း သူသည် စာကို သဲကြီးမဲကြီး ကျက်၍ဖတ်၍နေပြန်လေတော့၏။

ကန့်သတ်ထားသည့် စာဖတ်ချိန်ပြည့်တော့မှပင် ဒေါက်တာဟိန်းအောင်ကျော်သည် စာကြည့်စားပွဲမှ ထလေ၏

www.burmeseclassic.com

www.burmeseclassic.com



သူ၏စာကြည့်ခန်းထဲတွင် လွန်စွာကြီးမားသော စာအုပ်ဗီရိုကြီး ငါးလုံးရှိ၍ လွန်စွာရှားပါးသည့် စာအုပ်စာတမ်းများကို သိမ်းထားစုဆောင်းထားရှိသည်။

ထို့အပြင် ရှားပါးသော ပေ ပုရပိုက်များ၊အုတ်ခွက်စာချပ်များအထိ စုဆောင်းသိမ်းဆည်းထားလေ၏။ဒေါက်တာဟိန်းအောင်ကျော်၏စာကြည့်ခန်းထဲတွင်စာအုပ်များ၊ပေစာ ပုရပိုက်များအပြင် ရှေးဟောင်းရုပ်တုများ ရှေးဟောင်း ပစ္စည်းများအများအပြား သိမ်းဆည်းထား စုဆောင်းထားရှိလေ၏။

ရှေးဟောင်း ကျောက်ချပ်ဆင်းတုတော်များ၊ ရွှေထည်များ၊ အိမ်သုံး ရှေးဟောင်းပစ္စည်းများ၊ ရှေးဟောင်းမြေ ရေတကောင်းများ၊ ဒင်္ဂါးများ၊ ဆေးတံများ၊ ကချေသည် ရုပ်တုများ၊ ကြေးထည်ငွေထည် ပစ္စည်းများ၊ ပျူခေတ် ပယင်းပုတီးများ စသည့် ပစ္စည်းပစ္စယများကိုလည်း ရရှိခဲ့သည့်နေရာ၊ ခန့်မှန်းသည့်ခေတ်၊ သုံးဆောင်သည့် လူမျိုး မှတ်တမ်းတင်သည့် နေ့စွဲ စသည်ဖြင့် စနစ်တကျ ပြုစုထားသိုခဲ့ခြင်းဖြစ်၏။

ဒေါက်တာ ဟိန်းအောင်ကျော်သည် စာကြည့်ခန်းမှ ထွက်လာပြီးသောအခါ လိုအပ်သလောက် ကိုယ်လက်လေ့



ကျင့်ခန်းများကို ပြုလုပ်ပြီးနောက် ဦးဘသော်၏ အိမ်ရှိရာ ယောမင်းကြီးလမ်းဘက်သို့ ကားဖြင့် ထွက်လာခဲ့လေ၏။

ဒေါက်တာ ဟိန်းအောင်ကျော်၏ မာစီဒီးကား အဖြူရောင်ကို ငွေဆံပင်က မောင်းနှင်၍ လိုက်ပို့လေ၏။ ငွေဆံပင်က အပြင်သို့ လိုက်ပို့သည့်အချိန်တွင် အိမ်၌ ကြေးနီကြီးက ကျန်ရစ်ခဲ့လေ၏။

ကြေးနီနှင့် ငွေဆံပင်တို့သည် ဒေါက်တာဟိန်းအောင်ကျော်၏ ညာလက်ရုံးဘယ်လက်ရုံး တပည့်ကြီးနှစ်ဦးဖြစ်၏။

သူတို့နှစ်ယောက်စလုံးသည် အရပ်အမောင်း မြင့်မားကြလျက် ခန္ဓာတုတ်ခိုင်ထွားကျိုင်းပြီး အားကောင်းမောင်းသန်များ ဖြစ်ကြ၏။

သူတို့နှစ်ဦးစလုံးသည် လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံကြသူများ ဖြစ်ကြ၏၊ ဒေါက်တာ ဟိန်းအောင်ကျော်က အရိပ်ပြလျှင် အကောင်ထင်ကြသူများ ဖြစ်ကြ၏။

ငွေဆံပင်သည် ကားကိုဂရုစိုက်ကာ မောင်းနေသောကြောင့် စကားတစ်ခွန်းမှ မပြောချေ၊ ကားမောင်းရင်း စကားပြောသည့် အလေ့အကျင့်ကို ဆရာဖြစ်သူဒေါက်တာ ဟိန်းအောင်ကျော်က လုံးဝမကြိုက်သောကြောင့် ဖြစ်သည်။

"သိပ်ပြီး မြန်မြန်မောင်းဖို့မလိုဘူး ငွေဆံပင်၊ ပုံမှန်မောင်းဖို့ပဲလိုတယ်၊ တို့တွေ တစ်နာရီမပြည့်ခင် ဦးဘသော်ရဲ့အိမ်ကို ရောက်သွားမှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာသမား၏စကားကြောင့် ငွေဆံပင်ကမြင့်ထားမိသော ကားအရှိန်ကို ပြန်၍လျှော့ချလိုက်ရ၏။

"မလိုအပ်ဘဲ အလျင်စလိုဖြစ်တာမကောင်းဘူး ငွေဆံပင်၊ အချိန်ကာလဆိုတာ မဖြုန်းတီးရသလို ပဲ အလေသုံးဆယ်လဲ မလုပ်သင့်ဘူး၊ မလောသင့်ဘဲ လောကြလို့ စိတ်မရှည်ကြလို့ ပျက်စီးခဲ့တဲ့ ဘာဝ အများကြီးပဲ"

"ဟုတ်ကဲ့ ဆရာ"

နှစ်ဦးသား ပြန်လည်၍ တိတ်ဆိတ်သွားကြပြန်သည်။ မကြာမီမှာပင် ဦးဘသော်၏ အိမ်ကလေးရှိရာသို့ ရောက်ခဲ့ကြလေ၏။

ဦးဘသော်သည် ဧည့်ခန်းထဲတွင် အဆင်သင့်စောင့်ဆိုင်းလျက် ရှိသည်ကို တွေ့ကြရလေ၏။

"ကြွပါ ဒေါက်တာ ဟိန်းအောင်ကျော်၊ ခင်ဗျားရောက်လာမယ့်အချိန်ကို စိတ်ဖောပြီး မျှော်နေတာ၊ ဟောဒီမှာ ကျုပ်ရဲ့ သမီးကလဲ ဒီကိစ္စအတွက် စိတ်မကောင်းဖြစ်ပြီး အပြင်သွားစရာရှိတာတောင် မသွားတော့ဘဲ ရှိနေတာ"

ပွင့်လင်းဖော်ရွေသည့် ဦးဘသော်က သူ့နံဘေးတွင် ကျခြေရရ ထိုင်နေသော သမီးဖြစ်သူ နေခြည်နွေးအား ညွှန်ပြလိုက်၏။



"ဟောဒါက ကျုပ်ရဲ့တစ်ဦးတည်းသောသမီး နေခြည်နွေးပဲ ဒေါက်တာဟိန်းအောင်ကျော်၊ ကျုပ်နဲ့ဒေါက်တာတို့ အဖေနဲ့ မတွေ့ကြတာ ဆယ့်ငါးနှစ်လောက် ရှိပြီဆိုတော့ ဒေါက်တာတို့အချင်းချင်းလဲသိပ်ပြီး တွေ့ဖူးကြမှာ မဟုတ်ဘူး...."

"ဟုတ်ပါတယ်ဦး၊ ကျွန်တော်တို့ ငယ်ငယ်ကပဲ တွေ့ဖူးနေကြတာပါ၊ အဲဒီတုန်းကဆိုရင် ကျွန်တော်နဲ့နေခြည်က သိပ်ဟောင်ပြီ တည့်ကြဘူး၊ သူက အငြင်းသိပ်ပြီး သန်တာကို မှတ်မိနေတယ်"

ဒေါက်တာဟိန်းအောင်ကျော်က ပြုံးလျက် ပြောလိုက်သောကြောင့် နေခြည်နွေးကလည်း ပြုံးလိုက်မိလေ၏။

"အခုတော့ သူကသိပ်ပြီး ငြင်းတော့မှာ မဟုတ်ဘူး၊ ဘာသို့လဲဆိုတော့ သမိုင်းဘာသာအဓိကနဲ့ မဟာဝိဇ္ဇာတန်း ကျောင်းသူကြီး ဖြစ်နေပြီလေ ဒေါက်တာရဲ့"

"ကျွန်တော့်ကိုနာမည်မခေါ်ရစ်လဲရပါတယ်ဦး၊ ရင်းရင်းနှီးနှီးပေါ့"

ဒေါက်တာ ဟိန်းအောင်ကျော်၏ စကားကြောင့် ဦးဘသော်က ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာလို့ခေါ်တာကျုပ်တူရဲ့ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် ခေါ်တာပါ ဒေါက်တာ၊ ဒီလိုခေါ်ရတာကို ကျုပ်အာတွေ့တဲ့အတွက် ပြောင်းပြီး မခေါ်ပါရစေနဲ့"

"ဦးသဘောပါပဲ ခင်ဗျာ"

သူတို့နှစ်ဦးအချေအတင်ပြောနေကြသည်ကိုနေခြည်နွေးက သဘောကျစွာ ပြုံး၍ကြည့်နေ၏။နေခြည်နွေးကိုကြည့်ရသည်မှာ ငယ်စဉ်ကထက်ပို၍ ချောမောလှပ လာသည်ဟု ဒေါက်တာဟိန်းအောင်ကျော် ထင်မိ၏။

ငယ်ငယ်က မျက်စောင်းထိုးလေ့ရှိသော နေခြည်နွေးမှာ ယခုအခါတွင် မျက်စောင်းမထိုးတော့ပေ။ ကော့လှက်သော မျက်တောင်ကြီးများအောက်မှ တောက်ပြောင်ရွှန်းလဲ့သည့် မျက်ဝန်းနက်အစုံဖြင့် ဝင့်ခနဲဝင့်ခနဲ ကြည့်တတ်လာလေသည်။

နှင်းဆီပွင့်ဖတ်လွှာနှင့်တူသော နှုတ်ခမ်းနီနီကလေးများကလည်း စုစုကလေး၊ ငုံငုံဖူးဖူးကလေး ဖြစ်ဖြစ်သွားတတ်သောကြောင့် ကြည့်၍တစ်မျိုးကောင်းသည်။ ပန်းသီးရောင်ပါးအို့များ၊ ပေါ်လွင်သည့် နှာတံနှင့် စင်ရော်တောင်ပံ



မျက်ခုံးများ၊ ကြော့မော့သန့်ရှင်းသည့် လည်တိုင်နှင့် ပြေလျော့ အိဖြိုးသောပခုံးသားများသည်နေခြည်နွေး၏အလှကိုပို၍ အထောက်အကူ ပြုထားကြောင်း ဒေါက်တာ ဟိန်းအောင်ကျော် အမှတ်ထားမိလေသည်။

ဤကဲ့သို့ ချောမောလှပသည့် အလှများကို ဒေါက်တာဟိန်းအောင်ကျော်အနေဖြင့် အတန်ကြာအောင်မျက်စိစားပွဲတိုင်ခြင်းမျိုးမဟုတ်ဘဲ လျှပ်တစ်ပြက် မျက်လုံးဝင့်၍ ကြည့်လိုက်မိသည်နှင့် အချက်အလက်ပေါင်းများစွာကို ပြည့်ပြည့်စုံစုံမြင်သွားပြီးသား ဖြစ်သွား၏။

ထိုအတွင်း နေခြည်နွေးကလည်း ဒေါက်တာဟိန်းအောင်ကျော်၏ လှုပ်ချော ရုပ်လက္ခဏာ ယောကျ်ားပီသသည့်ခန္ဓာကိုယ်တို့ကို ယော့လာအကဲခတ်မိပြီးသား ဖြစ်လေ၏။

မျက်လုံးအကြည့်ချင်း မတော်တဆ ဆုံမိသောအခါ နေခြည်နွေးသည် ကူနွေကြီးမားသည့် မြန်မာမိန်းကလေး ပီသစွာ အလျှင်ဆုံးမျက်လုံးလွှဲကာ စားပွဲပေါ်သို့အကြည့်ပို့ထားလိုက်လေသည်။

စားပွဲပေါ်တွင်ကား သော့တွဲတစ်တွဲက ထူးထူးခြားခြားရှိနေ၏။ တခြားပစ္စည်းပစ္စယများမရှိဘဲ စားပွဲခုံပေါ်တွင် ရှင်းလင်းနေသည်မှာလည်း ထူးခြားမှုတစ်ခု ဖြစ်သည်။

"ကျွန်တော့်ကို ခေါ်ယူလိုက်တဲ့ကိစ္စနဲ့ ဟောဒီသော့တွဲ အဆက်အစပ်များ ရှိနေပြီလား မဆိုနိုင်ဘူးနော်ဦး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟိန်းအောင်ကျော်၏ စကားကြောင့် ဦးဘသော်သည် သဘောကျသွားဟန်ဖြင့် ပြုံးပြုံးကြီး ဖြစ်သွားလေသည်။

"သချာတာပေါ့ ဒေါက်တာရယ်၊ အဲဒီသော့တွဲနဲ့ ပတ်သက်တဲ့ကိစ္စကိုပဲ ဒေါက်တာ့ကို ခေါ်လိုက်ရတာပေါ့"

"ပြောပါဦး ဦးလေး"

"ဒီသော့တွဲထဲမှာ မီးခံသေတ္တာသော့လဲ ပါတယ်လေ၊ အဲဒီသော့တွဲဟာ ကျုပ်နဲ့မကင်းမကွာ ရှိနေပါလျှင်နဲ့ မီးခံသေတ္တာ အဖွင့်ခံရတယ်၊ မီးခံသေတ္တာထဲက ပစ္စည်းတစ်ခု ပျောက်ဆုံးနေတယ်"

"ဩော်...ဒီလိုလား၊ ဒါဆိုရင်တော့ ဦး ကျွန်တော့်ကို ခေါ်တာ မှားသွားပြီထင်တယ်၊ ပစ္စည်းအခိုးခံရတယ် ဆိုရင် ရဲတွေ စုံထောက်တွေနဲ့ပဲ ပတ်သက်မှာပေါ့။ ကျွန်တော်တို့ ရှေးဟောင်းပစ္စည်းသမား တစ်ယောက်၊ သမိုင်းပညာရှင် တစ်ယောက် အတွေးအခေါ်သမားတစ်ယောက်နဲ့ ဘာမှ မဆိုင်ဘူး ထင်ပါတယ်"

ဦးဘသော်က ခေါင်းကို သွက်သွက်ခါ ယမ်းပစ်လိုက်သည်။

"မဟုတ်သေးဘူးဒေါက်တာ၊ အဲသလိုပြောလို့မရဘူးထင်တယ်၊ ဒီကိစ္စက ဒေါက်တာ့လို ဉာဏ်အမြော်အမြင်ရှိတဲ့လူနဲ့ အများကြီး ဆိုင်ပါတယ်၊ ကျုပ်တို့ စုံထောက်တွေကို သိပ်ပြီး



အားမကိုးချင်ဘူး၊ ပြီးတော့ ဒီကိစ္စဟာ ရဲကိုတိုင်လောက်တဲ့ အမှုလဲ မဟုတ်ဘူးလေ"

"နေပါဦး ဦး၊ မီးခံသေတ္တာထဲက ပျောက်သွားတယ် ဆိုတာက ဘာပစ္စည်းများပါလဲ"

"အဲဒီပစ္စည်းကြောင့် ရဲကိုမတိုင်လောက်ဘဲ ဖြစ်နေတာပေါ့ ဒေါက်တာရေ၊ ပျောက်သွားတဲ့ပစ္စည်းက ငွေတို့၊ ရွှေတို့၊ စိန်တို့၊ လက်ဝတ်လက်စားတို့ ဘာမှမဟုတ်ဘဲ စာရွက် သုံးရွက် ဖြစ်နေလို့လေ"

"ဘာ...ဘာဖြစ်တယ်ဦးလေး၊ ပေစာရွက်သုံးရွက် ဖြစ်နေတယ် ဟုတ်လား"

ဒေါက်တာ ဟိန်းအောင်ကျော်က ဦးဘသော်စကားကြောင့် တအံ့တသြ ဖြစ်သွားမိ၏။

"ဟုတ်တယ်ဒေါက်တာ၊ ပေစာရွက်သုံးရွက်ပဲ ကွက်ပြီး ပျောက်သွားတာပါ၊ မီးခံသေတ္တာထဲက တခြား ရွှေထည်၊ စိန်ထည် ပစ္စည်းတွေ ဘာမှပါမသွားပါဘူး"

"ဒါဆိုရင်တော့ အတော်ကလေး စိတ်ဝင်စားစရာ ကောင်းသွားပြီဦးလေး"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒါကြောင့် ကျုပ်တို့လဲ စိတ်ဝင်စားနေမိကြတာပါ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံးငြိမ်သက်နားထောင်နေသည့် နေခြည်နွေးက ဝင်ပြောလိုက်သည်။

"ဒါနဲ့ နေပါဦး ဦးလေး၊ ပေစာရွက်တွေက ဘယ်လောက် တန်ဖိုးရှိတဲ့အကြောင်းအရာတွေ ဖြစ်နေလို့ မီးခံသေတ္တာထဲထည့်ပြီး သော့ခတ်ထားရတာလဲ"

ဒေါက်တာ ဟိန်းအောင်ကျော်၏ စကားကြောင့် ဦးဘသော် ပြုံးလိုက်၏။

"ပေစာတွေ ဘယ်လောက် တန်ဖိုးရှိသလဲ မရှိဘူးလဲ ဆိုတာတော့ ကျုပ်လဲ သေသေချာချာ မပြောတတ်ပါဘူး ဒေါက်တာရယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ စာတွေကို ကျုပ်မဖတ်တတ်လို့ပါပဲ၊ ပေစာတွေက မြန်မာစာနဲ့ ရေးထားတာ မဟုတ်ဘဲ ပါဠိဘာသာနဲ့ ရေးထားလို့လေ"

"ဩော်...ပါဠိဘာသာနဲ့လား၊ ဒါဆိုရင်လဲ ကိစ္စမရှိပါဘူး၊ ကျွန်တော်ဖတ်လို့ ရပါတယ်"

ဦးဘသော် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ ဒေါက်တာရဲ့၊ ဒါကြောင့်လဲ ဒီပေစာရွက်တွေ ပျောက်တဲ့ကိစ္စကို တခြားဘယ်နေရာကိုမှ သွားပြီး မတိုင်တော့ဘဲ ဒေါက်တာ့ကိုပဲ လှမ်းအကြောင်းကြားလိုက်ရတာပေါ့"



"ပေစာတွေကို ပေးတာက အညာက ကျုပ်ရဲ့ဘကြီး ဘုန်းကြီးကပေးတာ၊ သူပျံလွန်တော်မူခါနီးမှာ ကျုပ်ကို သေသေချာချာခေါ်ယူပြီး လက်ထဲထည့်ပေးတာ၊ ဒီပေစာတွေက တန်ဖိုးရှိတယ် မောင်ဘသော်၊ မင်းသေသေချာချာ သိမ်းဆည်းထား၊ တစ်နေ့မှာ အသုံးဝင်လာလိမ့်မယ်ဆိုပြီး ပေးသွားတာ"

"ဒါဆိုရင် ကျွန်တော် အဲဒီပေစာထုပ်ကိုမကြည့်ရဘူးလား ဦးလေး"

"ဟာ....ဘယ့်နှယ်ပြောပါလိမ့်ဒေါက်တာရယ်၊ အဲဒါကို ပြချင်လွန်းလို့ခေါ်ရတာပဲ၊ ကျုပ်လဲအမွေရလာပြီး သိမ်းဆည်းထားခါစတုန်းကတော့ ဒီလောက် စိတ်မဝင်စားပါဘူး၊ ခုလိုသေသေချာချာမီးခံသေတ္တာနဲ့သိမ်းထားကြတဲ့ကြားက ပေစာသုံးရွက်ပျောက်နေတာ တွေ့ရတော့မှပဲ ပိုပြီးစိတ်ဝင်စားမိတာပါ၊ ပေစာပျောက်တာလဲ နို့မဟုတ်ရင် သိမှာ မဟုတ်ဘူး၊ ခိုးတဲ့လူက လူသိပ်မလစ်လို့နဲ့တူပါတယ်၊ ပေစာရွက်တွေကို အစီအစဉ်တကျ ပြန်သီပြီးထပ်မထားနိုင်ခဲ့ဘဲ ဖရိုဖရဲဖြစ်နေလို့ စစ်ဆေးကြည့်တာနဲ့ တွေ့ရတာ"

"ဟုတ်လား ဦးလေး"

"ဟုတ်တယ် ဒေါက်တာ၊ ပေစာက သုံးအင်္ဂါပါတယ်၊ ဒုတိယအင်္ဂါက ဂု-ဂူ-ဂေ ဆိုတဲ့ ပေရွက်သုံးချပ်ပျောက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကြည့်ပါရစေဦးလေး"

"ကောင်းပြီလေ၊ ကဲ....သမီးနေခြည်နွေး၊ မီးခံသေတ္တာထဲက ပေစာထုပ်ကို သွားပြီးယူချည်ပါကွယ်၊ ရော့....သော့ယူသွား"

ဦးဘသော်က ပြောပြောဆိုဆို စားပွဲပေါ်တွင် တင်ထားသည့်သော့တွဲကို သမီးဖြစ်သူအား ယူပေးလိုက်ရာ နေခြည်နွေးကလည်း သော့ကိုယူလျက် အိပ်ခန်းထဲသို့ ဝင်သွားလေသည်။

ထို့နောက် မီးခံသေတ္တာသော့ကိုဖွင့်ကာ ပေစာထုပ်ကိုယူလျက် ပြန်ထွက်လာသောရာ မျှားစွာမစောင့်လိုက်ရပေ။ နေခြည်နွေးက ပေစာထုပ်ကို ဒေါက်တာဟိန်းအောင်ကျော်ရှေ့သို့ ချပေးလိုက်သဖြင့် သူကကောက်ယူလေ့လာကြည့်လေ၏။

"ဟာ....တယ်ဟုတ်တဲ့ပေစာထုပ်ပါလား၊ ကျွမ်းနှစ်ဖက်ကို ဆင်စွယ်ကိုအပြားလိုက်ဖြစ်အောင်ခွဲပြီးလုပ်ထားတယ်၊ ပြီးတော့ ပလ္လင်တိုင်ကိုလဲ ဆင်စွယ်ကို တိုင်လုပ်ထားတယ်"

"အပေါ်ကတစ်ပြား အောက်ကတစ်ပြား ညှပ်ထားတဲ့ ဆင်စွယ်ပြားတွေကို ကျွမ်းလို့ခေါ်တယ် ဟုတ်လားဒေါက်တာ၊ ပြီးတော့ ပေရွက်တွေကိုသီတဲ့တိုင်ကို ပလ္လင်တိုင်လို့ခေါ်တာလား"



နေခြည်နွေးက သိချင်စိတ်ဖြင့် မေးလိုက်၏။

"ဪ....နေခြည်နွေးက ပေစာကျမ်းစာတွေ သေသေချာချာမလေ့လာဖူးသေးဘူးနဲ့ တူတယ်ဟုတ်လား"

နေခြည်နွေးက ရှက်ပြုံးကလေးဖြင့် ခေါင်းဆတ်ညိတ်ပြ၏။

"ဟုတ်ပါတယ်ဒေါက်တာ၊ နေခြည်က မာစတာဆက်တက်နေတယ်ဆိုပေမယ့် ခုမှပြောပြီး ဘက်ရမှာပါ၊ ပေစာထုပ်ဘွတ္တာတွေ သေသေချာချာ မလေ့လာဖူးသေးပါဘူးရှင်"

"ဪ....ဒီလိုလား၊ ဒါဆိုရင် နေခြည်နွေး ဗဟုသုတရအောင် ကျွန်တော်ရှင်းပြပါ့မယ်"

"ကောင်းသားပဲဒေါက်တာ၊ ကျုပ်သမီးမပြောနဲ့ ကျုပ်ထောင်မှ ပေစာကျမ်းစာတွေအကြောင်း သိပ်ပြီးသိထားတာမဟုတ်ဘူး၊ လုပ်စမ်းပါဦးဗျာ"

ဤသို့ဖြင့် ဒေါက်တာ ဟိန်းအောင်ကျော်သည် စာပေပိုင်ရာ သိမှတ်ဖွယ်ရာများကို ပြောပြရှင်းပြရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### ပေစာ ပေထုပ်သာ

"စက္ကူမပေါ်ခင် ရှေးခေတ်ဟုန်းကဆိုရင် ခဲတို့ ရွှံ့ ပြား အုတ်ခွက်တွေမှာ ရေးခဲ့ကြတယ်၊ နောက်ပြီး သားရေ ချပ်တွေပေါ်မှာ ပေရွက်တွေပေါ်မှာ ရေးခဲ့ကြတယ်၊ ပုဂံ ခေတ်မှာဆိုရင်တော့ ကျောက်ပြားတွေပေါ်မှာ ထွင်းထုပြီး ရေးခဲ့ကြတာပေါ့၊ အနောက်ရထာမင်းကြီးဆိုရင် စာပေကို သိမ်းပြီး ထွန်းကားစေချင်တဲ့ ဆန္ဒ ရှိတယ်၊ ဒါကြောင့်မို့ စာပေနဲ့ပတ်သက်ပြီး သူ အစီအမံပြုခဲ့တာ်တာင်ရှိတယ်"

"ဪ...ဟုတ်လား ဒေါက်တာ၊ အနော်ရထာမင်းကြီး က စာပေနဲ့ပတ်သက်ပြီး အစီအမံပြုခဲ့ဖူးသလား"



"ဟုတ်တယ် နေခြည်နွေး၊ အနော်ရထာမင်း အစီအမံ ခဲ့တာ ငါ ဥက္ကိုင်တွင် မင်းပြုနိုဖြစ်သောအခါ ပေပင် ရှင်သန့်ထွန်းပေါက်ပါစေဆိုပြီး အစီအမံပြုခဲ့တာလေ"

ဦးဘသော်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ပေစာကိုရေးကြတဲ့နေရာမှာ သုံးမျိုးသုံးစားရှိပါတယ်၊ ပထမတစ်မျိုးက ဖင်နဲ့ရေးတဲ့ ပေစာ၊ ဒုတိယ အမျိုးအစား ကညစ်နဲ့ရေးတဲ့ ပေစာ၊ တတိယအမျိုးအစားကတော့ ဒန်းရေး ရွှေပေစာဆိုပြီး ဆေးဒန်းနဲ့ရေးတဲ့ ရွှေပေစာ ပြီး ဆေးဒန်းရေး ရွှေပေစာကို ဇီဇဝါ ရွှေပေစာရယ်လို့ ခေါ်ကြသေးတယ်၊ ဆေးဒန်းရေးရွှေပေစာကတော့ ကမ္မဝါ တွေ ရေးသားတဲ့ နေရာမှာ အသုံးပြုတတ်ကြပါတယ်"

"ပေစာနဲ့ပတ်သက်တဲ့ အခေါ်အဝေါ်တွေကို သက်ပြီး ပြောပါဦးဒေါက်တာ၊ ခုနကပြောလိုက်တဲ့ ကျမ်းတို့ ပလ္လင် တို့လို ဟာမျိုးတွေပေါ့"

"ပြောပါ့မယ် နေခြည်နွေးရယ်၊ သေသေချာချာကို ပြောပြသွားပါ့မယ်၊ ဒါ့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့ ပတ် သက်တဲ့ ပေစာတွေအကြောင်း သေသေချာချာ နားလည် ပါ့၊ ပြီးတော့ နိုင်ငံရပ်ခြား တိုင်းတစ်ပါးက လူတွေ လာရင်လဲ ပြောနိုင်တာပေါ့"

"ဟုတ်ပါတယ် ဒေါက်တာ"

"ပေရွက်ဆိုတာမျိုးက တစ်ဖက်မှာ ခုံပြီး တစ်ဖက်မှာ နောက်ဘယ်နေ့ဖြည့်ခဲ့၊ ဟောဒီမှာ တွေ့ကသာ်ပဲဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတင်ကြိုးအောင်ကျော်က ပြောရင်း ပေစာတစ်ရွက်ကို ထောင်ပြလိုက်၏။

"ဟောဒီလို ခုံးနေတဲ့ဘက်ကို စာကျောလို့ခေါ်ပြီး ခွက်နေတဲ့ဘက်ကို စာဝမ်းလို့ခေါ်တယ်၊ ပေရွက်တွေမှာ အမှတ်စဉ်တပ်တဲ့အခါကျတော့ ၁၊၂၊၃၊၄ ဆိုပြီး မတပ်ကြဘူး၊ က၊ကာ၊ကိ၊ကီ၊ကု၊ကူ၊ကေ၊ကဲ၊ကော၊ကော်၊ကံ၊ကား ဆိုပြီး တပ်ရတယ်၊ က၊ကာ၊ကိ၊ကီ ပြီးရင် ခ၊ခါ၊ခိ၊ခီ၊ခု၊ခူ၊ ခေ၊ခဲ၊ခေါ၊ခေါ်၊ခံ၊ခါး ဆိုပြီး ဆက်တပ်ရမယ်၊ က ကနေ ကားအထိ ပေစာရွက် (၁၂) ချပ်ကို တစ်အင်္ဂါလို့ ခေါ်ရတယ်၊ နှစ်အင်္ဂါအတွင်းရှိတဲ့ ပေရွက်တွေကိုတော့ တစ်ကိုက်လို့ ခေါ်ရတယ်"

"တစ်ကိုက်လို့ ခေါ်ရတယ် ဟုတ်လား"

"ဟုတ်တယ် နေခြည်နွေး၊ ပေရွက် (၁၂) ချပ် ကနေ (၂၄) ချပ် အတွင်းကို တစ်ကိုက်လို့ မခေါ်တာပေါ့နော်၊ ရှေးတုန်းက စာပေသင်ကြားတဲ့နေရာမှာ တစ်ရက်၊ တစ်ရက်က စာတစ်ကိုက် ဒါမှမဟုတ်ရင် တစ်အင်္ဂါ ရအောင် ကျက်မှတ်ကြရတယ်၊ ပြီးတော့ ပေရွက်တွေကို ပေရွက်လို့ မခေါ်ကြဘူး၊ စာပေးဝါဟာရအရ ပလ္လင်နှုပ်ရယ်လို့ခေါ်ကြရတယ်၊ ပေရွက်ကို အပေါက်ဖောက်တဲ့အခါကျတော့ ပလ္လင်ပေါက်လို့ ခေါ်ကြပြန်တယ်"

"ဩော်... ဒါကြောင့်မို့ ပေစာရွက်တွေ သီတဲ့တုတ်တိုကို ပလ္လင်တိုင်လို့ ခေါ်တာကိုး"



"ဟုတ်တယ် နေခြည်နွေး ဟုတ်တယ်၊ ပေချပ်တွေ သီထားတဲ့ တိုင်ကို ပလ္လင်တိုင်လို့ခေါ်ကြတယ်၊ အပေါ်ဆုံးနဲ့ အောက်ဆုံး ပေရွက်တွေကို နှစ်ရွက်သုံးရွက်ထပ်ပြီး ချုပ်ထားရတယ်၊ ဘောင်တင်း ခိုင်မာအောင်ပေါ့လေ၊ အဲဒီ အပေါ်ဆုံးနဲ့ အောက်ဆုံး ပေချပ်တွေကိုတော့ ပလ္လင်ခံလို့ ခေါ်ကြတယ်၊ ပေရွက်တွေ မစုတ်မပြဲ ကြာရှည် ခိုင်ခံ့အောင် သစ်သားပြား နှစ်ခု ဟောသလိုညှပ်ရတယ်၊ ဒါကို ကျမ်းလို့ ခေါ်တယ်၊ အဲဒါကိုရည်ရွယ်ပြီး ကျမ်းစာ ပေစာ ယ်လို့ ခေါ်ဝေါ်ကြတာပေါ့"

"ဩော်....ဟုတ်ပြီဒေါက်တာ၊ ဘုရားစူးကျိန်တယ်၊ကျမ်းကျိန်တယ်ဆိုတာ ဒီကျမ်းကို ခေါ်တာကိုး"

"ဟုတ်တယ် နေခြည်နွေး၊ အခု ဟောဒီ ပုရပိုက်ကိုကျတော့ ပိုပြီးခိုင်ခံ့အောင် ကျမ်းနေရာမှာ သစ်သားမသုံးဘဲ ဝါးခွယ်ကို အပြားလုပ်ပြီး ညှပ်ထားတယ်၊ တန်ဖိုးလဲ ပိုကြီးတာပေါ့"

နေခြည်နွေးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဟောဒီ ကျမ်းစာကို ပတ်ထားတဲ့ အဝတ်စကိုတော့ ကလွှာလို့ခေါ်ပြန်တယ်၊ တချို့ ပေစာထုပ်တွေကိုတော့ လိပ်ကာသေးသေးသုံးပြီး ပတ်လေ့ရှိကြတယ်၊ ကမ္ဗလာ ညီးဖို့ ချုပ်ခုတ်ပြီးမှ ရက်လုပ်ထားတဲ့ ကြိုးကိုကျတော့ စာပိုက်ကြိုးလို့ ခေါ်ရတယ်၊ ပေထုပ်ကြိုးပေါ်မှာ အရုပ်တွေနဲ့ ဆုတောင်းစာရွက်ကို ရက်လုပ်လေ့ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီပေထုပ်ကြိုးမှာတော့ ပေစာရေးခဲ့တဲ့ သူရဲ့ နာမည်ကိုပဲ ထိုးထားခဲ့တယ်နော်၊ ဘာတဲ့ မင်းသင်္ခယာတဲ့"

"ဪ....နေခြည်နွေးတောင် ဖတ်တတ်သားပဲ"

"ဒီနာမည်တစ်လုံးပဲ ဖတ်တတ်တာပါ ဒေါက်တာရယ် ဟင်း....ဟင်း"

နေခြည်နွေးက သူ့စကားကို သူ့ဘာသာ သဘောကျစွာဖြင့် ရယ်မောလိုက်၏။

"တချို့ပညာရှင်တွေဆိုရင် အဲဒီပေစာထုပ်တဲ့ကြိုးပေါ်မှာ နာမည်တင်မကဘူး၊ ဆုတောင်းစာတွေကိုပါ ချုပ်ခဲ့ပြီး ရက်လုပ်တာမျိုးတောင် ရှိတယ်၊ အံ့သြစရာကောင်းတဲ့ အနုပညာလုပ်ငန်းပါပဲ နေခြည်နွေး"

"ဒေါက်တာ ဟိန်းအောင်ကျော်နဲ့ တွေ့မှပဲ သိသင့် ထိုက်တဲ့ ပေစာအကြောင်းတွေ တော်တော် ပြည့်ပြည့်စုံစုံ သိရတယ်၊ ကျေးဇူးပါပဲဒေါက်တာ"

"ပြောလက်စနဲ့ ကျန်တာလေးတွေပါ နည်းနည်း ပြောပေးလိုက်ဦးမယ်နော်"

"ပြောပါရှင်၊ နွေးတို့က ပြောပြပေးမယ့်သူကိုပဲ တောင့်တနေတာပါ"

"ဪ....ဒီလိုလေ၊ ပေစာထုပ်တွေကို ခေါ်ပုံခေါ်နည်းကလေးတွေပါ သိထားရင် ပိုပြီး ကောင်းတာပေါ့နော်"

"ပြောပါဦး ဒေါက်တာ"



"ပေစာထုပ်ကို လေးဘက်လုံး ရွှေချထားမယ် ဆိုရင် ရွှေမျဉ်း၊ ဒါမှမဟုတ် ရွှေပိန်းပေစာလို့ ခေါ်တယ်၊ နှစ်ဖက်ရွှေချပြီး ဘေးဘက်ကို ဟင်္သပြဒါးသုတ်ထားရင် ကြံ့အစ်လို့ ခေါ်တယ်၊ ဟင်္သပြဒါးသက်သက် သုတ်ထားတဲ့ ပေစာကိုတော့ မျဉ်းနီလို့ ခေါ်တယ်၊ ဆေးနက်သုပ်ထားတဲ့ ပေစာကိုတော့ မျဉ်းနက်၊ ဆေးဖြူ သုတ်ထားတဲ့ ပေစာထုပ်ကိုကျတော့ မျဉ်းဖြူလို့ခေါ်တယ်၊ ဒါမျိုးတွေရှိနေတယ်ပေါ့လေ"

"ဪ....ဒါနဲ့ဒေါက်တာ၊ စာချွန်တော်ဆိုတာကဘာကို ခေါ်တာလဲ"

"ထန်းရွက်ပေါ်မှာ ရေးတဲ့စာကို စာချွန်တော် ဒါမှမဟုတ် စာခွေလို့ခေါ်တယ်"

"ဟုတ်တယ်နော်၊ ဒွေးစာခွေဆိုတာကိုလဲ ကြားဖူးတယ်၊ စေချင်ရဲ့ မယ့်စာခွေဆိုတဲ့ သီချင်းတောင် ရှိသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ် နေခြည်နွေး၊ စာချွန်ဆိုတာ ထီးသုံး နန်းသုံးစာ ဖြစ်ပြီးတော့ ထန်းရွက်ကို မဖြတ်မတောက်ဘဲ ရေးရတဲ့အတွက် စာချွန်လို့ခေါ်တယ်၊ တစ်ကြောင်းတည်း ရေးတဲ့စာချွန်ကို ရာထူးခန့်အပ်တဲ့ကိစ္စတို့၊ အမိန့်ပြန်တမ်းတို့မှာ သုံးရတယ်၊ နှစ်ကြောင်းရေးတဲ့ စာချွန်ကို ဘွဲ့တော်ကနေ ပေးတဲ့စာတွေမှာ သုံးလေ့ ရှိ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲခွဲပြီး ပေးတဲ့အခါကျတော့ ဗောဓောက နေခြည်နွေး ပြောတဲ့ စာခွေလို့ ခေါ်တယ်"

"အင်း....စာချွန်တို့၊ စာခွေတို့ အခေါ်အဝေါ်တွေကို အခုမှပဲ ရှင်းရှင်းလင်းလင်း သိခွင့်ရတော့တယ်"

"စာချွန်ကို ရာထူးဌာနအလိုက်ခွဲပြီး အရှည်အတိုခွဲခြားထားသေးတယ် နေခြည်နွေးရဲ့"

"ပြောပါဦး ဒေါက်တာ"

"နန်းတော်က ပေးတဲ့စာချွန်ဆိုရင် ဓာစ်ထွာသုံးရတယ်၊ လွှတ်တော်ဆိုရင်တစ်ညှို့၊ ရုံးကဆိုရင် တစ်မိုက်၊ အမတ်များကတော့ လက်ခုနစ်သစ်အရှည်သုံးလေ့ရှိကြတယ်၊ ကဲ.... ဒီလောက်ဆိုရင်ပေစာကျမ်းစာတွေအကြောင်း တော်တော်လေး သဘောပေါက်လောပေါ့နော် နေခြည်နွေး"

ဒေါက်တာ ဟိန်းအောင်ကျော်က နေခြည်နွေးဘက်သို့ လှည့်ပြီး ပြောလိုက်၏။

"ဟုတ်ကဲ့ ဒေါက်တာ၊ နွေးတို့ကို အခုလို စိတ်ရှည်လက်ရှည် ရှင်းပြပေးတာ ကျေးဇူးအများကြီး တင်ပါတယ်"

"သိတဲ့လူတွေက မသိတဲ့လူတွေကို ရှင်းပြပေးရမယ့် တာဝန်ရှိပါတယ် နေခြည်နွေး၊ ဒီအတွက်လဲ ဘယ်တော့မှ အပန်းမကြီးပါဘူး၊ နေဦးနော် ပျောက်တဲ့ပေချပ် သုံးရွက်ကို ကျွန်တော်ကြည့်လိုက်ဦးမယ်"



ပြောပြောဆိုဆို ဒေါက်တာဟိန်းအောင်ကျော်က ပေစာရွက်များကို တစ်ရွက်ချင်းလှန်လှောကြည့်နေရင်း ပျောက်သွားသည့် ပေရွက်ကို ရှာဖွေကြည့်လိုက်သည်။

"ခ၊ ခါ၊ ခု ဆိုတဲ့ ပေရွက်သုံးရွက်ပဲ ဒေါက်တာ"

ဦးဘဆော်က ဝင်ပြီးပြောလိုက်၏။

ထိုအတွင်း ဒေါက်တာ ဟိန်းအောင်ကျော်လည်း ပျောက်သောနေရာကို တွေ့သွားပြီး သေသေချာချာ လေ့လာဖတ်ရှုနေလေသည်။

ဆယ်မိနစ်ခန့်ကြာသည့်အထိ စကားဝိုင်းမှာ ငြိမ်သက်နေပြီး ဒေါက်တာ ဟိန်းအောင်ကျော်မှာလည်း သူတစ်ယောက်တည်းသာ လောကကြီးမှာရှိနေသကဲ့သို့ နံဘေးက လူများကိုမေ့လျော့ကာ သဲကြီးမဲကြီး လေ့လာဖတ်ရှုနေလေသည်။

အတန်ကြာမှ ခေါင်းတညိတ်ညိတ် လုပ်လိုက်ကာ....

"ကျွန်တော်ထင်ထားတဲ့အတိုင်းပါပဲ၊ ဒီပေရွက်သုံးရွက်ဟာ မြေပုံတစ်ခုကို ရေးဆွဲရည်ညွှန်းထားတဲ့ သဘောရှိပါတယ်"

ဟု မှတ်ချက်ချလိုက်၏။

"ဒါဆိုရင်....ဘယ်လိုမြေပုံဖြစ်တယ်၊ ဘာရည်ရွယ်ချက်နဲ့ ရေးဆွဲထားခဲ့တယ် ဆိုတာကိုလဲ ပြောပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘသော်က သိချင်ဇောဖြင့် မေးလိုက်၏။

"ဒီအကြောင်းတွေကို သေသေချာချာ ပြောပြဖို့ကတော့ နည်းနည်း အချိန်ယူရလိမ့်မယ်၊ ပါဠိဘာသာကို ကျွန်တော် တတ်ကျွမ်းတယ် ဆိုပေမယ့် အရေးဟောင်း သင်္ကေတတွေ လောက်တော့ မကျွမ်းကျင်ဘူး။ ဒီပေစာထုပ်တစ်ထုပ်လုံး ကုန်အောင်တော့ တစ်ရက်နှစ်ရက် အချိန်ယူဖတ်မှ ဂဃနဏ နားလည်နိုင်မှာ"

"ကောင်းပြီလေ၊ ဒါဆိုရင်လဲ ဒီအတွက် နောက်ရက်မှ ထပ်ပြီး ဆွေးနွေးကြတာပေါ့ဒေါက်တာ၊ လောလောဆယ် ဒီပေရွက်ထုံးရွက်ကို ဘယ်သူကဘယ်လိုလုပ်ပြီး ယူသွားတယ် ဆိုတာတော့ သိချင်တယ်"

"ဟုတ်တယ်ဦး၊ သိဖို့လဲ လိုအပ်တယ်၊ ကျွန်တော့် စိတ်ထင် ဒီမြေပုံဟာ တန်ဖိုးရှိလိမ့်မယ်လို့ ယူဆတယ်"

"ခက်တာက ဒေါက်တာရယ်၊ မီးခံသေတ္တာသော့ကို ကိုယ်နဲ့မကွာ ထားပါလျက်နဲ့ ဘယ်လိုလုပ် ခြေထောက်ပေါက်ပြီး ဒီပေစာသုံးရွက်က အပြင်ထွက်သွားရတယ် ဆိုတာကို မစဉ်းစားတတ်အောင်ပါပဲ"

ဦးဘသော်၏စကားကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။



"ကျွန်တော့် အယူအဆ ပြောရရင်တော့ ဒီပေရွက် သုံးရွက် ပျောက်ရတဲ့အကြောင်းရင်းက တခြားမဖြစ်နိုင်ပါဘူး၊ အတွင်းလူထဲက ဖြစ်ပါလိမ့်မယ်"

"ဒီလိုပဲယူဆရမှာပေါ့ဒေါက်တာ၊ ဒါပေမယ့် ဒီသော့ကို ကိုင်တာဆိုလို့ ကျုပ်ရယ်၊ ကျုပ်သမီး ဟောဒီက နေခြည်နွေးရယ်ပဲ ရှိကြတာပဲ၊ နေခြည်နွေး ကိုင်တယ်ဆိုပေမယ့် သမီးကလဲ ကျုပ်မသိဘဲ မီးခံသေတ္တာသော့ကို ဖွင့်လေ့မရှိပါဘူး"

"ဟုတ်ပါတယ် ဒေါက်တာ၊ နွေးက ဖေဖေ တစ်ခုခု ယူခိုင်းမှ မီးခံသေတ္တာနားကပ်တာပါ"

နေခြည်နွေးက ဝင်ပြောလိုက်၏။

"ကောင်းပြီလေ၊ ဦးရဲ့အိမ်မှာရှိနေတဲ့လူတွေ ကျွန်တော်နဲ့ တွေ့ပေးပါလား၊ သူတို့နဲ့ ကျွန်တော် စကားနည်းနည်း စီလောက် ပြောကြည့်ချင်တယ်"

"ရပါတယ်ဒေါက်တာ၊ ကျုပ်အိမ်မှာက လူအများကြီး မရှိပါဘူး၊ ထမင်းချက် ဒေါ်မြရယ်၊ မာလီရန်ကနားရယ်၊ ကားမောင်းတဲ့ မောင်ဝင်းရယ်ပဲ ရှိပါတယ်၊ ကဲ...သမီး သူတို့ကို သွားခေါ်လိုက်ပါကွယ်"

ဦးဘသော် ခိုင်းလိုက်သဖြင့် နေခြည်နွေးက အခန်းထဲမှ ထွက်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် အခန်းထဲသို့ ထမင်းချက် ဒေါ်မြ အရင် ရောက်လာသည်။

ဒေါ်မြကို ဒေါက်တာ ဟိန်းအောင်ကျော်က တောင် တောင် အီအီ မေးစမ်းကြည့်သည်။

ဒေါ်မြ စကားပြောရှေးသော်လည်း သူ စစ်မေးသမျှ အေးအေးဆေးဆေး မှန်မှန်ကန်ကန်ဖြေသွားနိုင်သည်။

ရိုးသားမှန်ရည်သော ဒေါ်မြကို ဒေါက်တာဟိန်းအောင်ကျော် သံသယမရှိချင်ပေ။

နောက်နှစ်ယောက် မာလီရန်ကနားနှင့် ဒရိုင်ဘာ မောင်ဝင်းမှာလည်း မသင်္ကာဖွယ်ရာအချက်များ သိပ်ပြီးမတွေ့ရ။

သို့ဖြစ်၍ သူတို့သုံးယောက်လုံးကို ခဏနေသောအခါ ပြန်၍ လွှတ်လိုက်ရ၏။

"ဘယ်လိုလဲ ဒေါက်တာ"

"သူတို့သုံးယောက်စလုံးမှာ မသင်္ကာစရာဘာမှ မတွေ့ပါဘူး၊ ခက်တာက ဒီကိစ္စမှာ အပြင်လူ မဖြစ်နိုင်ဘူးဦးရဲ့၊ တခြား ဦးအိမ်ကို ရင်းရင်းနှီးနှီးဝင်ထွက်သွားလာလေ့ရှိတဲ့ လူများ ရှိသေးလား"

"ရင်းရင်းနှီးနှီး ဟုတ်လား"

"ဟုတ်ပါတယ်ဦး"



ဦးဘသော် မျက်မှောင်ကြုတ်၍ အနည်းငယ် စဉ်းစား လိုက်၏။

"ဩော်....ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒီအိမ်ကို မကြာခဏ ဝင်ထွက်သွားလာတဲ့သူတစ်ယောက်တော့ရှိတယ်၊ အဲဒါ ကျုပ်ရဲ့ မိန်းမဘက်ကတူ မင်းမောင်ဆိုတဲ့သူ တစ်ယောက်ပဲ၊ အသက် သုံးဆယ်လောက်တော့ရှိမယ်"

"သူ ဘယ်မှာနေသလဲဆိုတာ ဦးသိလား"

"သိပါတယ်"

"သူ နောက်ဆုံးလာသွားတဲ့ အခေါက်ကိုရော မှတ်မိလား"

"အင်း....တစ်လသာသာလောက်တော့ ကြာပြီ"

"အဲဒီနေ့မှာ ဘာထူးခြားတာရှိသလဲ"

"အဲဒီနေ့က ကျုပ် နေလို့ထိုင်လို့သိပ်မကောင်းချင်တာနဲ့ တစ်ရေး ဝင်အိပ်တယ်၊ အဲ....မအိပ်ခင်မှာ ဘလက်ကော်ဖီ တစ်ခွက် သောက်ချင်လို့ မင်းမောင်ပဲ ဖျော်တိုက်သေး တယ်"

"နေခြည်နွေးက မရှိဘူးလား"

"ဟင့်အင်း....သူ့ သူငယ်ချင်း သိင်္ဂီတို့အိမ် သွားနေ တယ်"

ဒေါက်တာဟိန်းအောင်ကျော်က လက်ဖျောက်တစ်ချက် တီးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဖြေမှန်နဲ့ နိုးစပ်ပြီ ဦးဖေးရေ၊ ကျွန်တော် ပိုပြီး သေချာအောင် ဦးလေးရဲ့ မီးခံသေတ္တာဖွင့်တဲ့သော့ကို ခဏ လောက်ပေးပါ"

ဦးဘသော်က သူ့ရှေ့တွင် ချထားသည့် သော့တွဲကို ဒေါက်တာ ဟိန်းအောင်ကျော်အား လှမ်းပေးလိုက် လေ၏။

*

## အခန်း (၃)

### အကြံကြီးသူများ

"ခိုင်းတယ်လို့မထင်ပါနဲ့ နေခြည်နွေး၊ ကျွန် တော့်ကို ရေခွက် တစ်ခွက် ယူပေးပါ"

"ရပါ ခင်ခဲ့ရမသား ဒေါက်တာ"

"ဟုတ်ကဲ့၊ ရေတစ်ဝက်လောက်ပါရင် ဖြစ်ပါတယ်"

ဒေါက်တာ ဟိန်းအောင်ကျော် ခိုင်းလိုက်သောကြောင့် နေခြည်နွေး အလုပ်ရှုပ်သွားပြန်သည်။

မကြာခင် ဘားပွဲပေါ်သို့ ရေဖလားတစ်ခုရောက်လာပြီး မှာသိုက်သည့်အတိုင်း ရေတစ်ဝက်ပါလာသည်။

ဒေါက်တာဟိန်းအောင်ကျော်က ဦးဘသော်ရှေ့စားပွဲ ပေါ်တွင် ချထားသည့် မီးခံသေတ္တာသော့တွဲကို လှမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ရေဖလားထဲသို့ 'ခွပ်'ခနဲမြည်အောင် မာ်ချလိုက်သည်။

ထို့နောက် ရေကသိုဏ်း ရှုသကဲ့သို့ ရေဖလားထဲသို့ စူးစူးစိုက်စိုက်ကြီးကြည့်နေ၏။ ဒေါက်တာဟိန်းအောင်ကျော်က ထိုကဲ့သို့စိုက်ကြည့်နေသောကြောင့် ဦးဘသော်၊ နေခြည်နွေးနှင့် ငွေဆံပင်တို့သည်လည်း သူကဲ့သို့ပင် ရေဖလားကို မျက်တောင်မခတ်တမ်း ငေးကြည့်နေမိကြသည်။

အတန်ကြာသည်အထိ ထူးခြားမှုမရှိဘဲ အတော်ကလေးကြာသောအခါမှ ရေပြင်ပေါ်တွင် ဆီကဲ့သို့သော အရာများ ဇဝေ့ဇဝါလည်ကာ ပေါ်လာလေ၏။

"ဟုတ်ပါပြီ၊ ကျွန်တော်ထင်တာဟုတ်ပါပြီ"

ဒေါက်တာဟိန်းအောင်ကျော်က ပြောပြောဆိုဆိုဖြင့် ရေဖလားထဲမှ သော့တွဲကိုကောက်ယူလိုက်သည်။ ထို့နောက် သော့တွဲမှ မီးခံသေတ္တာသော့ကို နေခြည်နွေးအား ရွေးခိုင်းသည်။

မီးခံသေတ္တာသော့ ရသောအခါ ပြန်ယူ၍ နှာခေါင်းတွင်တေ့ကာ ရှူရှိုက်ကြည့်သည်။ ထိုနောက် ပြည့်ပြည့်ဝဝ ပြုံးလိုက်၏။

"ကဲ....နေခြည်နွေး၊ မီးခံသေတ္တာသော့ကို နမ်းကြည့်စမ်းပါဦး"



ဒေါက်တာဟိန်းအောင်ကျော် ခိုင်းသဖြင့် နေခြည်နွေးက မီးခံသေတ္တာသော့ကို နမ်းကြည့်သည်။

"ကဲ....ဘာစော်နံသလဲ နေခြည်နွေး၊ ပြောပြပါဦး"

"ကျွန်မ စိတ်ထင်လို့ပဲလားတော့ မပြောတတ်ပါဘူး ဒေါက်တာ၊ ဒီသော့ဟာ ဆပ်ပြာစော်နံနေသလိုပဲ"

"ဟဲ့ဟဲ....ဆပ်ပြာစော်နံနေသလိုပဲ မဟုတ်ပါဘူး နေခြည်နွေးရဲ့၊ တကယ့်ကို ဆပ်ပြာစော်နံနေတာပါ"

"ဆပ်ပြာသေတ္တာထဲလဲမထားပါဘဲနဲ့ ဘာဖြစ်လို့နံနေရတာတုံး ဒေါက်တာရဲ့"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းကိုယမ်းခါလိုက်သည်။

"ဆပ်ပြာသေတ္တာထဲထားလို့ ဆပ်ပြာစော်နံတာ မဟုတ်ပါဘူး နေခြည်နွေးရဲ့၊ ဒီသော့ကို ဆပ်ပြာပျော့ပျော့ထဲ ဖမ်းမြှုပ်တာခံရလို့ ဆပ်ပြာစော်နံနေတာပါ၊ ပြီးတော့ ဟာဒီမှာတွေ့လား၊ ရေဖလားမှာလဲ ဆပ်ပြာဆီတွေ ဝေ့နေတာ"

"ဟုတ်ကဲ့....တွေ့ပါတယ်"

"ဦးလေး....အိပ်ပျော်နေတုန်း သော့ကိုယူပြီး ဆပ်ပြာပျော့ပျော့ထဲမှာ ပုံစံနှိပ်ယူလိုက်မယ်၊ ပြီးတော့မှ ...

www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်၊ အေးအေးဆေးဆေး အချိန်မှာ ပီးခံသေတ္တာ သော့ဖွင့်ပြီး ပေတသုံးရွက်ကို အလွယ်တကူ လုတ်ယူသွားခဲ့တာပဲဖြစ်မယ်”

ဦးဘသော် ခေါင်းတညိတ်ညိတ်လုပ်လိုက်၏။

“ဒါဆိုရင် မင်းမောင်ကို သွားဖမ်းပြီး စစ်ဆေးလိုက်ရင် မကောင်းဘူးလား ဒေါက်တာ”

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းကိုယမ်းခါလိုက်၏။

“အဲဒီလို အကျပ်ကိုင်ရင် မကောင်းဘူးဦးလေး၊ အဖိုးတန်တဲ့ မြေပုံတစ်ခု ဆုံးရှုံးသွားနိုင်သလို ဦးလေးရဲ့တူလဲ အလကားနေရင်း ဒုက္ခကောင်းကောင်း ရောက်သွားနိုင်တယ်၊ ဒီတော့ ကျွန်တော်ပဲ သူ့ကိုသွားတွေ့ပါမယ်၊ အဖေးအယူ လုပ်သင့်ရင် လုပ်မယ်၊ ပြီးတော့ ဒီပုရပိုက်ထဲက အကြောင်းအရာတွေကိုလဲ သေသေချာချာ ဖတ်ကြည့်ရဦးမယ်လေ၊ ဒါကြောင့် အချိန်တော့ နည်းနည်းယူမှဖြစ်မယ်”

“ဖြစ်ပါ့မလား ဒေါက်တာ၊ တော်ကြာ မင်းမောင်မြေပုံ ဖျောက်သွားရင် ဘယ့်နှယ်လုပ်မလဲ”

“သူလဲ ချက်ချင်း ဘယ်ကိုမှသွားမှာမဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ ဒီက အခြေအနေကို သူစောင့်ကြည့်ရဦးမယ်



လေ၊ အချိန်ယူရမယ်ဆိုပေမယ့် အကြာကြီးတော့ မဟုတ်ပါဘူးဦးရဲ့၊ ပါသင်ရက်နှစ်ရက်လောက်ပါပဲ....

“ပေပုရပိုက်ကိုသေသေချာချာဖတ်ပြီးတာနဲ့ ဘာကြောင့်ပိုခိုးယူသွားရတယ်ဆိုတာ သိမှာပဲ”

“ဒီသေတ္တာသုံးရွက်ထဲမှာပါတဲ့ မြေပုံဟာ ရတနာမြေပုံ ပွတာတွေများ ဖြစ်နေမလား ဒေါက်တာ”

ဦးဘသော်၏ စကားကြောင့် ဒေါက်တာဟိန်းအောင် ပုံ ခေါင်းဆတ်ညိတ်လိုက်၏။

“ဟုတ်လိမ့်မယ် ထင်ပါတယ် ဦးလေး၊ ဖြစ်ဖို့များပါတယ်”

“အေးလေ၊ ဒေါက်တာ သေသေချာချာ ဖတ်ကြည့်ရင် သိကျကျသိရမှာပဲ၊ ကောင်းပြီလေ ဒေါက်တာ၊ ကျုပ်တို့ တစ်ရက် တွေ့ကြသေးတာပေါ့”

ထို့နောက် ဒေါက်တာဟိန်းအောင်ကျော်တို့သည် ဦးဘသော်နှင့် နေခြည်စန္ဒာတို့ထံမှ နှုတ်ဆက်ခဲ့ကြပြီး အိမ်သို့ ပြန်ခဲ့ကြသည်။

အိမ်ရောက်သည်နှင့် ဒေါက်တာဟိန်းအောင်ကျော်သည် ဦးဘသော်ထံမှ ယူဆောင်လာခဲ့သည့် ပုရပိုက်တစ်ခုနှင့် စာကြည့်ခန်းထဲတွင် တကုပ်ကုပ်ဖြင့် အလုပ်ရှုပ်၍ နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပေစာကိုဖတ်လိုက် ပါဠိအဘိဓာန်ကို လှန်လှောလိုက်ဖြင့် တစ်နေ့လုံး မအားမလပ်နိုင်အောင် ရှိနေလေ၏။ ညဘက်သို့ ရောက်သော်လည်း မအိပ်စက်ဘဲ ပုရပိုက်ပေစာများဖြင့် ဆက်၍ အလုပ်များနေခဲ့လေ၏။

ထိုကဲ့သို့ တစ်နေ့နှင့်တစ်ညလုံးလုံး ပေစာများကို အချိန်ပေး ဖတ် ရှု ပြီး သွားသောအခါကျမှပင် ဒေါက်တာ ဟိန်းအောင်ကျော်သည် နေသာထိုင်သာရှိသွားခဲ့၏။

သူသိသမျှ အကြောင်းအရာများကို တင်ပြပြောဆိုရန်အတွက် ဦးဘသော်အိမ်သို့ တပည့်ကြီး ငွေဆံပင်နှင့်အတူ သွားရောက်ခဲ့ကြ၏။

ထိုအချိန်တွင် ဦးဘသော်သည် စေတီဘင်ဆူ ထီးတော်တင်ရန်ကိစ္စအတွက် သွားရောက်နေချိန် ဖြစ်သောကြောင့် အိမ်တွင် နေခြည်နွေးကိုသာ တွေ့ရလေ၏။

"ဦးလေးမရှိရင်လဲ ကိစ္စမရှိပါဘူး၊ နေခြည်နွေးက ဒီအကြောင်းတွေ မှတ်သားထားပြီး ပြန်ပြောလိုက်ပေါ့နော်"

"ဟုတ်ကဲ့ပါ....ဒေါက်တာ၊ နွေးက ဒီအကြောင်းတွေ ဖေဖေ့ထက်တောင် ပိုပြီး သိချင်နေပါတယ်၊ ညက သော်တော်နဲ့ အိပ်လို့မပျော်ဘူး"



"ကျွန်တော်လဲ ညက အိပ်လို့တယ်မဟုတ်ပါဘူး နေခြည်နွေးရယ်၊ တစ်ညလုံးလိုလို ပုရပိုက်ဘို အားစိုက်ပြီး ဖတ်ကြည့်နေခဲ့တာ"

"ဟုတ်လိမ့်မယ်၊ ဒေါက်တာကြည့်ရတာ အိပ်ရေးပျက်တာ သိသာတယ်၊ တဲ...ဒေါက်တာ ပြောပြပါဦး၊ ဘာတွေ ရေးထားသလဲဆိုတာ"

ဒေါက်တာဟိန်းအောင်ကျော်က ခေါင်းကို ဆတ်ညိတ်လိုက်၏။

"ကျွန်တော်တို့ ထင်ထားတဲ့အတိုင်းပါပဲ နေခြည်နွေး၊ ပုရပိုက်ဘို ရေးခဲ့တဲ့ပုဂ္ဂိုလ်ဟာ သီပေါမင်းသိုက်ကို ရည်ရွယ်ပြီး ရေးသားခဲ့တာပဲ"

"ရှင်...သီပေါမင်းသိုက် ဟုတ်လား"

နေခြည်နွေးက အံ့ဩဟန်သေးဖြင့် ပြန်၍မေးလိုက်လေ

"ဟုတ်တယ် နေခြည်နွေး၊ ရေးတဲ့ပုဂ္ဂိုလ်ကိုတော့ ရေးသားလို့ မသိရဘူး၊ ဒါပေမယ့် ရေးခဲ့တဲ့ အချိန်ကာလကတော့ သီပေါမင်း ပါတော်မူခါနီး မြန်မာတွေ အရေးနိမ့်ခဲ့မယ့်ကာလမှာ ရေးသားခဲ့တာပဲ၊ ဒီပုရပိုက်မှာ မှတ်တမ်းတင်ထားတဲ့အကြောင်းအရာတွေဟာ တော်တော်လေး စိတ်ဝင်စားစရာကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပြောပါဦးဒေါက်တာ"

"သိပေါမင်းပါဒေါင်မူခါနီး နန်းတွင်းထဲ အရှုပ်အထွေး ဖြစ်နေကြတဲ့ အချိန်မှာ နန်းတွင်းမှာ အရေးပါအရာရောက်တဲ့ အဖွဲ့အစည်းတစ်ခုက နန်းတော်ထဲမှာ ရှိတဲ့ အဖိုးတန် ပစ္စည်းတွေကို အင်္ဂလိပ်တွေ သိမ်းပိုက်ယူငင်နိုင်အောင် လုံခြုံစိတ်ချရတဲ့နေရာကို ပို့ထားကြဖို့ တိုင်ပင်ဆုံးဖြတ်ခဲ့ကြ တယ်"

"ဘယ်နေရာကို ပို့ကြတာလဲဒေါက်တာ"

"ကျောင်းတောင်ကြောအထက်လို့ ဆိုထားတယ်၊ အဲဒီကျောင်းတောင်ကြောမှာ ရှိတဲ့ ဥမင်လိုဏ်ခေါင်းကြီး တစ်ခုထဲ သွားရင် ရှမ်းပြည်နယ်မြောက်ပိုင်း သိပေါမြို့အထိ ရောက် တယ်လို့ ဆိုတယ်၊ အဲဒီကျောင်းတောင်ကြောအထက်ကို ပို့ တာပဲ"

"အဲဒီဥမင်လိုဏ်ခေါင်းကြီးက အဖွဲ့သားတွေ တူးခဲ့ကြ တာလား ဒေါက်တာ"

"မဟုတ်ဘူး နေခြည်နွေးရဲ့၊ အဲဒီဥမင်လိုဏ်ခေါင်းကြီး တွေက သဘာဝအလျောက် ဖြစ်ပေါ်နေကြတဲ့ လိုဏ်ခေါင်း ကြီးတွေပါ"

"ဪ"



"အဲဒီနေရာကို နန်းစဉ်ရတနာပစ္စည်းတွေ ပို့ဆောင်တဲ့ အခါမှာတော့ ဝန်ကြီးတစ်ပါး ဦးဆောင်ခဲ့တယ်လို့ဆို တယ်၊ ဘယ်ဝန်ကြီးလို့တော့ အတိအကျမပါဘူး၊ နန်းစဉ် ရတနာပစ္စည်းတွေ ဆိုပေမယ့် အဲဒီ ဟာတွေတင်မကသေး ဘူး၊ ကြေးပုံရုပ်၊ သံပုရုပ်တွေလဲပါတယ်"

"ဟုတ်လား"

"ပြီးတော့ ရွှေကိုယ်လေး ငွေကိုယ်လေး ရုပ်တုတော် လဲ ပါတယ်လို့ ပြောတယ်"

"ရွှေကိုယ်လေး ငွေကိုယ်လေး ဟုတ်လား ဒေါက်တာ၊ အဲဒါက ဘာကိုပြောတာလဲ"

နေခြည်နွေးက အဖြစ်ကင်းစင်သော ကလေးတစ်ယောက် ကဲ့သို့ပင် သိချင်သည်ကို ဟန်ဆောင်မှုကင်းမဲ့စွာဖြင့် ပွင့်ပွင့် လင်းလင်း မေးလိုက်၏။

"ရွှေကိုယ်လေးငွေကိုယ်လေးဆိုတာကဒီလိုပါ၊ရှေးတုန်း က ရှင်ဘုရင်တွေရဲ့ ကိုယ်ခန္ဓာကိုယ်နဲ့ အလေးချိန်တူညီတဲ့ ရွှေစင်ရုပ်တုတွေကို သွန်းလုပ်ထားတာပါ နေခြည်နွေး၊ သိပေါမင်းသိုက်မှာတော့ သူ့ရဲ့ဘိုးတော်ဘေးတော်တွေဖြစ် ကြတဲ့ အလောင်းဘုရားရဲ့ ရွှေကိုယ်လေး ရုပ်တုတော်နဲ့ ဆင် ဖြူရှင်တို့ရဲ့ ရွှေကိုယ်လေးရုပ်တုတော် နှစ်ခုပါတယ်လို့ ပုရပိုက်ထဲမှာ ဖော်ပြထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပဲနော်"

"ဟုတ်တယ် နေခြည်နွေး၊ ရှေးရေးကိုကြိုးပြီး မြင့်တဲ့ အမြော်အမြင် ကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဦးဆောင်ပြီး ဒီကိစ္စကို စီစဉ်ခဲ့တာပဲ၊ မန္တလေးမြို့ကနေ ညအချိန်မတော်မှာ လှည်းအစီးပေါင်း နှစ်ဆယ်ကျော်နဲ့ အဲဒီခရီးကို ထွက်ခဲ့ကြတာလို့ ပုရပိုက်ထဲမှာပါတယ်"

"တော်တော်ကို ကြိုတင်ကြံစည်ခဲ့ကြတာပဲ"

"ဒါပေါ့၊ အစီအစဉ်အရဆိုရင် တကယ်လို့များ အချိန်မီ ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ရင် ရှင်နှစ်ပါးပါသွားပြီး ခိုလှုံနေနိုင်ကြရအောင်အထိ ရည်ရွယ်ခဲ့ကြတာ"

"သူတို့ရဲ့အစီအစဉ် မဖြစ်မြောက်သွားတာတော့ စိတ်မကောင်းစရာပဲပေါ့နော် ဒေါက်တာ"

"အင်း....အရှင်နှစ်ပါးသာ ရောက်မသွားနိုင်တာပါ၊ ရွှေကိုယ်လေးငွေကိုယ်လေးတွေနဲ့ နန်းစဉ်ရတနာတွေ၊ ပုရပိုက်တွေတော့ အစီအစဉ်အရ လှည်းအစီးနှစ်ဆယ်နဲ့ တင်ဆောင်ရောက်ရှိသွားခဲ့ကြတာပဲ နေခြည်နွေး"

"ဒါဆို ဒီပုရပိုက်ဟာ ဒီအကြောင်းအရာတွေ အသေးစိတ် ရေးသားခဲ့တာပေါ့နော်"

"ဟုတ်တယ်၊ အဲဒီလှည်းအစီးနှစ်ဆယ်ပေါ်မှာ တင်ဆောင်သွားခဲ့ကြတဲ့ နန်းစဉ်ရတနာစာရင်းတွေပဲ သေသေ



ချာချာ ရေးမှတ်ထားတယ်၊ပြောရမယ်ဆိုရင်တော့ ဒီခေတ် သယ်ယူစာရင်းစာအုပ်သဘောမျိုးပါပဲ၊ ခက်တာက မှတ်တမ်းတင်တဲ့ပုဂ္ဂိုလ်ဟာ သူ့ရဲ့အမည်နဲ့ မှတ်တမ်းတင်ခဲ့တဲ့ နေ့ရက် နာရီ အတိအကျ မရေးခဲ့တာဘဲ"

"အင်းနော်...ဒါတွေပါသိရရင် ပိုကောင်းမှာ"

"ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ လုပ်ဆောင်ချက်တွေကတော့ ချီးကျူးစရာပါပဲ နေခြည်နွေး၊ တကယ်လို့များ အရှင် နှစ်ပါးကို အပါခေါ်နိုင်ခဲ့ရင် နှစ်ရှည်လများ စားသောက်နိုင်ဖို့ ဆန်ရေစပါး စားနပ်ရိက္ခာနဲ့ လက်နက်ခဲယမ်းတွေပါ တင်ဆောင်ခဲ့ကြ တယ်လို့လဲ ပါသေးတယ်"

"အဲဒီ လှည်းအစီးနှစ်ဆယ်နဲ့ သွားပို့ထားခဲ့ကြတဲ့ အဖွဲ့သားတွေ ဘယ်ရောက်ကုန်ကြသလဲ မသိဘူးနော်"

"ဒါတော့ မပြောထားဘူး၊ ရန်သူနဲ့တွေ့ပြီးအသက်ပေးခဲ့ကြသလား၊ ဒါမှမဟုတ် လူစုခွဲပြီး တစ်နယ်တစ်ကျေးဆီ ထွက်ပြေးတိမ်းရှောင်ခဲ့ကြတာလား၊ ဘယ်ပြောနိုင်မလဲ"

"ဒါဆိုရင် ပုရပိုက်သုံးချပ်ယူသွားတဲ့ မင်းမောင် ဒါတွေ ဘယ်လိုလုပ်ပြီး သိသလဲ မပြောနိုင်ဘူးနော် ဒေါက်တာ"

"ကျွန်တော့်အထင်တော့ မင်းမောင်ဟာ ခေတ်ပညာတတ် မဟုတ်ရင်တောင် ပါဠိစာပေကို တော်တော် နှံ့စပ်တဲ့လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ ယူဆတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဪ....ဟုတ်ပြီ၊ဟုတ်ပြီ၊ ကိုမှင်းမောင်က လူပြန်တော် တစ်ယောက်ပဲ ဒေါက်တာ၊ သူ ရဟန်းဘဝတုန်းက ပါဠိ စာပေတွေ သင်ခဲ့ရတာပဲ၊ ပြီးတော့ သူ ဝိဇ္ဇာဘွဲ့လဲ ယူခဲ့ တာပဲ"

"ဒါကြောင့်လဲ ဒီကိစ္စကို သူ ကြံစည်နိုင်တာပေါ့ နေ ခြည်နွေးရယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တော့ သူ့ကို မတွေ့ တွေ့အောင်ရှာမှာပဲ"

"ဟုတ်တယ်နော်....၊ ဗီဒိုထဲမှာပါတဲ့ ရွှေကိုယ်လေး၊ ငွေကိုယ်လေးတွေဟာ တန်ဖိုးတော်တော်ရှိတယ်"

"ရွှေကိုယ်လေး၊ ငွေကိုယ်လေးသာဘယ်ကမလဲ၊ပုရပိုက် တွေရဲ့ တန်ဖိုးလဲ ဘယ်နည်းပါ့မလဲ၊ နက္ခတ်ကျမ်း၊ ဆေး ကျမ်းတွေ ပါနေတယ် မဟုတ်လား"

နေခြည်နွေးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ဪ....ဒေါက်တာ၊ ရွှေကိုယ်လေး၊ ငွေကိုယ်လေးဆို လို့ နွေး တစ်ခုသတိရတယ်"

"ဘာများလဲ"

"နွေးတို့ငယ်ငယ်က ဖတ်စာအုပ်ထဲမှာပါတဲ့ အကြောင်း လေ၊ တန်ခိုးထက်မြက်တဲ့၊ လက်ညှိုးညွှန်ရာ ရေဖြစ်တယ် ဆိုတဲ့ အလောင်းစည်သူမင်းကြီးဟာ သူ့ကိုယ်သူ ဘိပ်အထင်



ကြီးပြီး ငါ့လို လူ ဇမ္ဗူမှာမရှိဘူးလို့ ကြုံးဝါးမိတာကြောင့် မျက်လုံးတော်ကွယ်သွားခဲ့တယ် ဟုတ်လား"

"အင်း...."

"ဒီတော့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတွေက တွက်ချက်ကြည့် တဲ့အခါ အရှင်မင်းကြီးရဲ့ ဘေးတော် ဘိုးတော်တွေကို ဖြစ် မှားမိလို့ ခုလို မျက်လုံးတော်ကွယ်ရတာဖြစ်တယ်၊ မျက်လုံး ပြန်မြင်နိုင်ရင် အနော်ရထာ၊ ကျန်စစ်သား စတဲ့ ဘိုးတော် ဘေးတော်တွေရဲ့ ရွှေကိုယ်လေးရုပ်တုတွေ သွန်းလုပ်ပြီး ရှိခိုးပူဇော်ရမယ်လို့ ဆိုကြလို့ သွန်းလုပ် ပူဇော်ခဲ့ရဖူးတယ် မဟုတ်လား"

"ဟုတ်တာပေါ့၊ အဲဒါကြောင့် ရွှေကိုယ်လေး၊ ငွေကိုယ် လေးရုပ်တုပုံထုတွေက မြန်မာ့သမိုင်းကြောင်းမှာ အလောင်း စည်သူမင်းကြီးလက်ထက်ကတည်းက သွန်းလုပ်ခဲ့ကြတယ်လို့ ဆိုနိုင်တယ် နေခြည်နွေးရဲ့"

"အင်း...အခုလို သိခပါမင်း ပါကော်မမူခင်ကလေးမှာ အခြေအမြင်ရှိတဲ့ အမတ်ကြီးရဲ့ ဆောင်ရွက်ချက်တစ်ခုရှိပြီး ခါမှ အရှင်နှစ်ပါး အချိန်မီ မတိမ်းရှောင်နိုင်ခဲ့ဘဲ ရန်သူ့ လက်ထဲကို ကြက်ကလေး ငှက်ကလေးတွေလို ရောက်သွားခဲ့ ရတာတော့ စိတ်မကောင်းစရာပဲပေါ့နော်"

"ဟုတ်တယ် နွေး၊ ဒါကတော့ ကံစီမံရာ အတိုင်းပဲပေါ့၊ ဘာပဲဖြစ်ဖြစ် အနှုန်းတကယ် တန်ဖိုးရှိတဲ့ ပေပုရပိုက်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နှန်းစဉ်တနာတွေ၊ ရွှေကိုယ်လေး၊ ငွေကိုယ်လေးတွေဟာ နယ်ချဲ့တွေရဲ့ လက်ထဲ ပါမသွားဘာကိုပဲ ဝမ်းသာကြရမှာပေါ့၊ စိမ်ဆောင်ရွက်ခဲ့တဲ့ဝန်ကြီးနဲ့အဖွဲ့ကို ကျေးဇူးတင်ကြရမှာပေါ့"

"အင်း....အရေးကြီးတာက မြေပုံပါတဲ့ စာရွက် သုံးရွက်ကို ရအောင်လုပ်နိုင်ဖို့ပဲနော် ဒေါက်တာ"

"ဟုတ်တာပေါ့ နွေး၊ ကျွန်တော့် အထင်တော့ ဦးရဲ့တူ မင်းမောင်ဆီမှာပဲ ရှိလိမ့်မယ်လို့ ယူဆတာယ်"

"ကိုမင်းမောင်ဆီ ကျွန်မတို့ သွားပေးရမလား ဒေါက်တာ"

"နေခြည်နွေးတို့၊ ဦးလေးတို့သွားလို့ ဘယ်ဖြစ်မလဲ၊ ဒါဆိုရင် သူ ဘူးကွယ်နေမှာပေါ့၊ ကျွန်တော်ကိုယ်တိုင် သွားပြီး ဒီစာရွက်တွေကို မရ ရအောင်ယူပါ့မယ်၊ ကိုမင်းမောင် ဘယ်မှာနေတယ်ဆိုတာ လိပ်စာအတိအကျပေးပါ"

"ကိုမင်းမောင်က ပဲခူးညောင်တိုင်းဘက်မှာ နေပါတယ်၊ လိပ်စာအတိအကျ ရေးပေးလိုက်ပါ့မယ်"

နေခြည်နွေးက ပြောပြောဆိုဆို လိပ်စာ ရေးပေးမည်ပြုရာ ဒေါက်တာ ဟိန်းအောင်ကျော်က သူ့အင်္ကျီအိတ်ထဲတွင် အသင့်ပါလာသည့် လိပ်စာရေးသောစာအုပ်ကလေးနှင့်ရွှေရောင် ဘောလ်ပင်ကိုယူကာ နေခြည်နွေးလက်ထဲသို့ ကမ်း၍ ပေးလိုက်၏။



နေခြည်နွေးလည်း လိပ်စာ စာအုပ်ကလေးလိုဖွင့်ကာ မင်းမောင်၏ လိပ်စာကို သေသေချာချာ ဂဃနဏဖြစ်အောင် ရေးလေ၏။

ထိုအတွင်း ဒေါက်တာ ဟိန်းအောင်ကျော်သည် မင်းမောင်ထံသွားပြီး မည်သို့ ပြောဆို ကြံစည်ရမည်ကို တွေးတောနေလေ၏။

တစ်စုံတစ်ခုကို တွေးတောမိသောအခါ သူ့ဘာသာကျေနပ်သွားပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြည့်ပြည့်ဝဝကြီး ပြုံးလိုက်မိ၏။

ထိုအခါ နေခြည်နွေး လှမ်းအကြည့်နှင့် ဆုံသွားသောကြောင့် သူ့အပြုံးအတွက် မလုံမလဲဖြစ်သွားဟန်ဖြင့်....

"ဘာပြုံးတာလဲ ဒေါက်တာ" ဟု မေးလိုက်၏။

"ဩော်.... ကိုယ့်အတွေးနဲ့ကိုယ် ပြုံးမိတာပါ နေခြည်နွေး၊ ဘာမှ မဟုတ်ပါဘူး"

ဒေါက်တာဟိန်းအောင်ကျော် စကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် နေခြည်နွေးတစ်ယောက် ကြောင်တက်တက် ကလေးဖြစ်သွားရရှာလေသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

## တိမ်းရှောင်သောခဏ

နောက်တစ်နေ့ မနက်မှာပင် ဒေါက်တာ ဟိန်းအောင်ကျော်သည် မင်းမောင်နေထိုင်ခဲ့သည့် ပဲခူးဘက်သို့ ထွက်လာခဲ့၏။

ယခုအခါတွင်မူ ငွေဆံပင်ကို အိမ်စောင့်ထားခဲ့၍ ကြေးနီကြီးကို တစ်လှည့်ခေါ်လာခဲ့လေ၏။

ငွေဆံပင်ကို ရန်ကုန်မြို့ကွင်း ကားမောင်းသည့်နေရာတွင်ခိုင်း၍ ကြေးနီကြီးကို နယ်မြို့များသွားရာ၌ ခိုင်းစေခြင်း



သည်ပင် ဒေါက်တာဟိန်းအောင်ကျော်၏ စေ့စပ်သေချာမှု တစ်ခုဖြစ်၏။

ငွေဆံပင်သည် လူရှုပ်ရှုပ် ကားရှုပ်ရှုပ်တွင် စိတ်ရှည်သော်လည်း ကြေးနီကြီးမှာ စိတ်မြန်လက်မြန်သမားတစ်ယောက်ဖြစ်သောကြောင့် လူရှုပ်ကားရှုပ်သည်ကို စိတ်မရှည်တတ်။

သို့ဖြစ်၍ ကားကို မြန်မြန်ဆန်ဆန် လွတ်လွတ်လပ်လပ် မောင်းရမှ သဘောကျသည်။ ကြေးနီကြီးကို ခရီးဝေးသွားသည့်အခါမျိုးတွင် ဦးစားပေး၍ ခေါ်ရ၏။

“ရှေ့မှာ ကားတွေ လာနေတယ်နော် ကြေးနီကြီး၊ ကျော်ပြီး မတက်နဲ့ဦး”

စိတ်မြန်လက်မြန်လုပ်တတ်သည့် တပည့်ကျော်အကြောင်း သိသောကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်က သတိပေးလိုက်၏။

“ရပြီ၊ ကားရှင်းတယ်...ကျော်တော့”

ကြေးနီကြီးကလည်း သူ့ဆရာပြောသည့်အတိုင်း လိုက်နာ၍ တအိအိမောင်းနှင်နေသော ကုန်ကားကြီးကို ကျော်တက်လိုက်သည်။

ထို့နောက် ကားကိုအရှိန်မြှင့်၍ မောင်းလေတော့သည်။

ဤသို့ဖြင့် ပဲခူးမြို့သို့ အချိန်များစွာ မကြာလိုက်ဘဲ ရောက်ရှိသွား၏။ ပဲခူးမြို့ ညောင်ပင်ရပ်ကွက်သို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်၏ အိမ်ကိုရှာရာတွင် အလွယ်တကူပင် ရှာတွေ့လေ၏။

သို့သော်လည်း အိမ်တွင် မင်းမောင်ကို မတွေ့ရဘဲ ချက်ပြုတ်လုပ်ကိုင်နေသော သူ့တပည့်ကျော် ဖိုးဆိတ်ကိုသာတွေ့ရ၏။

"မင်းဆရာ အပြင်သွားတာ ဘယ်လောက်ကြာမယ်ပြောသလဲ ဖိုးဆိတ်"

"ကျွန်တော့်ဆရာ အပြင်သွားရင် ဘယ်ကို သွားမယ်၊ ဘယ်လောက်ကြာမယ်ဆိုတာ ဘယ်တော့မှ ပြောလေ့မရှိဘူး၊ မေးရင်လဲမကြိုက်ဘူး"

"ကောင်းပြီလေ ဖိုးဆိတ်၊ မင်းလုပ်စရာရှိတာ ဆက်လုပ်ပါ၊ ငါတို့ဒီအတိုင်း စိတ်ရှည်လက်ရှည်ထိုင်စောင့်မယ်၊ မင်းဆရာ မလာမချင်း စောင့်ရမယ့်တာဝန် တို့မှာရှိတယ်"

"ဟုတ်ကဲ့၊ စောင့်ပါဆရာ"

ဖိုးဆိတ်ကပြောပြီး မီးဖိုချောင်ထဲသို့ လှည့်ဝင်သွားခဲ့သည်။

ဒေါက်တာ ဟိန်းအောင်ကျော်နှင့် ကြေးနီကြီးတို့ နှစ်ယောက်သား အိမ်ရှေ့ခန်းတွင် ခြေပစ်လက်ပစ် ထိုင်ချကာ စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်ကြ၏။



ဖိုးဆိတ် နောက်ဖေးခန်းဝင်သွားပြီး မကြာခင်မှာပင် ဒေါက်တာ ဟိန်းအောင်ကျော်က ကြေးနီကြီးနားသို့ စကားတစ်ခွန်း တိုးတိုးကလေးကပ်ပြောလိုက်၏။

နှစ်ပေါင်းများစွာ ပေါင်းသင်းဆက်ဆံ လာခဲ့ကြသည့် ဆရာတပည့် ဖြစ်သောကြောင့် ကြေးနီကြီးသည် အရိပ်ပြ အကောင်ထင်သူဖြစ်သည်။

ဒေါက်တာ ဟိန်းအောင်ကျော် နား နား တိုးတိုး ကပ်ပြောလိုက်သည်နှင့် ကြေးနီကြီးသည် လျှင်မြန် ဖျတ်လတ်သော ပုံစံဖြင့် လှစ်ခနဲထသွားပြီး အိမ်၏ခေါင်းရင်းဘက်မှ ထွက်ကာ နောက်ဖေးဘက်သို့ ခပ်မြန်မြန် လျှောက်သွားလိုက်သည်။

နောက်ဖေးတံခါးပေါက်ကို အသံမမြည်အောင် ဖွင့်ရင်း အပြင်သို့ ထွက်သွားရန် ဟန်ပြင်နေသော ဖိုးဆိတ်ကို တွေ့လိုက်ရ၏။

"ဟေ့ကောင် ဖိုးဆိတ်"

ကြေးနီကြီး၏ခပ်ဆတ်ဆတ်လှမ်းခေါ်သံကြောင့် ဖိုးဆိတ်သည် တစ်ကိုယ်လုံးတုန်ကာ တုံ့ခနဲ ရပ်လိုက်လေ၏။

"ဒါ ဘယ်ကိုသွားမလို့လဲ"

www.burmeseclassic.com

ကြေးနီကြီး ပြောနေသည့်ကြားက ဖိုးဆိတ်သည် မထူး တော့ပါဘူးဟူ သဘောပိုက်လိုက်ပုံဖြင့် ထွက်ပြေးရန် ကြိုးစားလေသည်။

"မရဘူးဟေ့"

ကြေးနီကြီးက ပြောပြောဆိုဆို လေကဲ့သို့လျင်မြန်သော အဟုန်ဖြင့် ဖိုးဆိတ်ကို ပြေး၍ခုန်ဆွဲထားလိုက်၏။

ဖိုးဆိတ်လည်း ရုန်းထွက်ကြည့်သော်လည်း ပြွတ်ဘူးခွင့် ညှပ်ထားသကဲ့သို့ ခိုင်မာလှသော ကြေးနီကြီးလက်တွင်းမှ ရုန်းထွက်၍ မရချေ။

"ကြေးနီကြီးရဲ့လက်ထဲမှာ မိနေရင် ကမ္ဘာကျော်လူသန်ကြီး အာနိုးတို့တောင် လွတ်အောင်ရုန်းမထွက်နိုင်ဘူး သေချာတယ် ဖိုးဆိတ်ရေ၊ သိပ်ပြီးကြိုးစားမနေနဲ့၊ မင်း လက်မောင်းနာရုံ၊ မောရုံပဲ ရှိလိမ့်မယ်"

ကြေးနီကြီးကပြောရင်း ခပ်ဆတ်ဆတ်ကလေး ဆောင့်ဆွဲလိုက်ရာ တစ်ဖက်သို့လှည့်နေသည့်ဖိုးဆိတ်မှာ သူ့မျက်နှာရှေ့သို့ ဖျတ်ခနဲ ရောက်လာလေ၏။

"အား....အား....နာ....နာတယ်၊ နာတယ်ဗျ"

ဖိုးဆိတ် ရှုံ့မဲ့လျက်ပြော၏။



"နာရင် ငြိမ်ငြိမ်နေ၊ ထွက်ပြေးဖို့ မကြိုးစားနဲ့"

"ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော်ဘယ်ကိုမှ မပြေးတော့ဘူး ခင်ဗျာ"

သည်တော့မှပင် ကြေးနီကြီးသည်ဖိုးဆိတ်ကို တင်းတင်းကြီး ဆုပ်ကိုင်ထားရာမှ အနည်းငယ် အလျှော့ပေးလိုက်လေသည်။

ထိုအခါမှဖိုးဆိတ်လည်း နာကျင်မှုဝေဒနာ သက်သာရသွားပြီး နေသာထိုင်သာ ရှိသွားရှာလေတော့၏။

သို့နောက် ကြေးနီကြီးက ဖိုးဆိတ်ကို ဆွဲယမ်းခေါ်ငင်လာရာ ဒေါက်တာ ဟိန်းအောင်ကျော်၏ ရှေ့မှောက်သို့ ရောက်လာခဲ့လေ၏။

"ကဲ...ဘယ်လိုလဲ ဖိုးဆိတ်၊ မင်း နောက်ဖေးပေါက်ကနေ ပြေးသွားတဲ့နေရာကိုလိုက်သွားပြီး အခြေအနေ သတင်းပေးလို့ရတော့လား"

ဒေါက်တာ ဟိန်းအောင်ကျော်က မေးလိုက်သော်လည်း ဖိုးဆိတ်က တစ်ခွန်းတည်းဖြင့် အဖြေမပေး၊ မကြားသလို နေလိုက်၏။

"ဟေ့ကောင်...ဘာအာခံတာလဲ၊ ဆရာမေးတာကို ဖြေစမ်းကွာ"

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကြေးနီကြီးက ဒေါ်မွှာသွားပြီးနောက် ဖိုးဆိတ်၏လက်ကို ခပ်နာနာလေး ဖိလိမ်လိုက်၏။

"အမယ်လေးဗျာ၊ ကျိုးပါတော့မယ်ဗျာ၊ မလုပ်ပါနဲ့ဗျ"

ဖိုးဆိတ် မခံမရပ်နိုင်သဖြင့် အော်ဟစ်၍ တောင်းပန်လိုက်၏။

"အေး...မင်းလက်မကျိုးချင်ရင် ငါ့ဆရာမေးတဲ့ အမေးခွန်းတွေကို သေသေချာချာမှန်အောင်ဖြေ၊ နောက်ထပ်မထိမ်မဲ့ပြင် လုပ်လို့ကတော့ မင်းလက်ရိုးကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်အောင် ချိုးပစ်လိုက်မယ်"

"မလုပ်...မလုပ်ပါနဲ့ ခင်ဗျား ကျွန်တော် ဖြေပါ့မယ်"

"ကဲ...ဒါဆို မင်းဆရာသွားတဲ့နေရာကို မင်း သိတယ် မဟုတ်လား"

ဒေါက်တာ ဟိန်းအောင်ကျော်က စူးစိုက်ကြည့်ပြီး မေး လိုက်လေရာ အကြည့်ဒဏ်ကို မခံနိုင်ရှာသည့် ဖိုးဆိတ်သည် မျက်လုံးချင်း လွှဲဖယ်လိုက်လေသည်။

ဒေါက်တာ ဟိန်းအောင်ကျော်သည် မီးတာသိုက်းကွဲသို့ ကသိုဏ်းမျိုး ကြည့်ရှုလေ့ကျင့် ထားသောကြောင့် မည်သည့် ဝက်ဂျားမိန်းမျှ သူနှင့်မျက်လုံးချင်းဆိုင်၍ ကြည့်စံ့ရဲ



ဒေါက်တာ ဟိန်းအောင်ကျော် မျက်လုံးချင်းဆိုင် ကြည့်လိုက်ပါက လူမှုသားမကာ တိရစ္ဆာန်များပင် မခံရပ်နိုင်ဘဲ အောက်သို့ချာခနဲလှည့်ပြေးလေ့ရှိ၏။ ထိုသို့ပြေးသည့် သတ္တဝါများမှာ ဆင်များ၊ ကျားများ၊ ကြံ့များစသည့် ရိုင်းစိုင်းသော သတ္တဝါကြီးများအထိ ကြောက်ရွံ့ပြေးလွှားကြခြင်း ဖြစ်၏။

"ဟာ...ကောင် ဖိုးဆိတ်၊ ငါခေါ်မေးနေတယ်လေကွာ၊ မင်း ဆရာသွားတဲ့နေရာကို မင်းသိတယ် မဟုတ်လားလို့"

"ဟုတ်ကဲ့၊ သိပါတယ်"

"အေး...သိရင် ငါတို့ကို လမ်းပြလိုက်ပြ၊ ယိုးတိုးယားယား မလုပ်နဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ခုက္ခိတ ဖြစ်သွားမယ်၊ ကြားရဲ့လား"

"ဟုတ်...ဟုတ်ကဲ့"

"ကဲ...ဒါဆို ငါတို့သွားကြရအောင် ကြေးနီကြီး"

ပြောပြောဆိုဆို ဖိုးဆိတ်အား ဆွဲခေါ်သွားခဲ့ကြပြီး ကား ဆီသို့ ပြန်လာခဲ့ကြကာ ဖိုးဆိတ်အား ကားနောက်ခန်းတွင် ထိုင်စေကာ လမ်းပြစေ၏။

ကြေးနီကြီးက ကားမောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဟိန်းအောင်ကျော်က နောက်ခန်းမှထိုင်၍ ဖိုးဆိတ်ကို မလှုပ်ရှားနိုင်အောင် သတိကောင်းကောင်းထား ကာ စောင့်ကြည့်လိုက်ပါလာခဲ့လေ၏။

ဖိုးဆိတ်က သူ့ဆရာသွားသည့်နေရာသို့ လမ်းညွှန်ကာ မောင်းခိုင်းသောကြောင့် မကြာခင်မှာပင် ခြံဝင်းတစ်ဝင်းရှိ အိမ်ကြီးတစ်အိမ်သို့ ရောက်လာခဲ့လေ၏။

"ခြံရှေ့မှာပဲရပ်လိုက် ကြေးနီကြီး"

ဒေါက်တာ ဟိန်းအောင်ကျော်၏ အမိန့်ကြောင့် ကြေး နီကြီးက ကားသာ ရိုက်ကို အုပ်လိုက်၏။

"မင်း ဖိုးဆိတ်ကိုထွက်မပြေးနိုင်အောင်ကြည့်ထားလိုက်၊ ငါ မင်းမောင်နဲ့သွားတွေ့မယ်"

"ဟုတ်ကဲ့ဆရာ"

ကြေးနီကြီးက သူ့ဆရာအကြောင်း သိထားပြီးသား ဖြစ်၍ စိုးရိမ်ပူပန်ခြင်း မဖြစ်ချေ။

အိမ်ကလေးထဲမှ ခပ်အုပ်အုပ် စကားပြောသံ ထွက်လာ သောကြောင့် ရှေ့ဆက်မသွားသေးဘဲ အသာရပ်၍ နား ထောင်နေလိုက်၏။



"လိုက်ခဲ့ပါ ခင်စိန်ကြည်ရယ်၊ အစ်ကို မင်းကို မယား မှတ်မှတ် သားမှတ်မှတ် ပေါင်းပြီး ချမ်းချမ်းသာသာ ထား မှာပါ"

"ကျွန်မက ရှင်နဲ့တွေ့တာ ဘာမှကြာသေးတာမဟုတ်ဘဲ ကိုမင်းမောင်ရဲ့၊ ဘယ်လိုလုပ်ပြီး လိုက်ခဲ့လို့ဖြစ်မှာလဲ၊ အဒေါ် ကကော သဘောတူမှာလား"

"အဒေါ်သဘောမတူရင် ခင်စိန်ကြည်က အစ်ကိုနဲ့ မလိုက်ခဲ့တော့ဘူးလား"

"ယင့်အင်း....ကျွန်မက ဒီအရွယ်ရောက်တဲ့အထိ အဒေါ့် စကားကို ဘာတစ်ခွန်းမှ မပယ်ရှားခဲ့ဖူးသေးဘူး ကိုမင်း မောင်ရဲ့"

"တခြားစကားတွေ မပယ်တာတော့ ကောင်းပါတယ်၊ ဒါပေမယ့် အစ်ကိုနဲ့ လိုက်ခဲ့မယ့်ကိစ္စကိုတော့ မင်း ပယ်တန် ရင် ပယ်ရလိမ့်မယ် ခင်စိန်ကြည်"

"ဘာဖြစ်လို့"

"အစ်ကိုက မင်းကို ချစ်နေလို့ပေါ့၊ အခုဟာက အစ်ကို ခရီးထွက်ပြီး ဒီကို ပြန်လာချင်မှ လာမယ်၊ ဒါကြောင့် မင်း ကို တစ်ခါတည်းခေါ်နေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘယ်ကိုသွားမှာလဲ"

"တစ်နေရာရာကိုပေါ့"

"အို…ရှင့်ဥစ္စာကလဲ မရေရာ မသေချာနဲ့၊ ကျွန်မ ဘယ်လိုလုပ်ပြီး လိုက်ရမှာလဲ"

"စိတ်ကူးမလွဲစမ်းပါနဲ့ ခင်စိန်ကြည်ရယ်၊ အစ်ကိုနဲ့ မင်းလိုက်လာခဲ့လို့ကတော့ မင်းအတွက် အကျိုးအမြတ်ကြီး ရှိစေရမယ်၊ အစ်ကို တကယ်ပြောနေတာပါ၊ လိုက်ခဲ့စမ်းပါ ခင်စိန်ကြည်ရယ်၊ စိတ်ကူးမလွဲစမ်းပါနဲ့၊ အစ်ကိုနဲ့ မင်း လိုက်ခဲ့ရင် မင်းတစ်သက် ချမ်းချမ်းသာသာ နေရဖို့မှတ်၊ အစ်ကို ရတနာသိုက်ပြေပုံရထားတယ်"

စကားစကားပြောပါများ၊ စကားထဲကဇာတ်ပြယုသော ရှေးလူကြီးသူမတို့၏ ဆိုရိုးစကားအတိုင်း မင်းမောင်၏ နှုတ်ဖျားမှ ထုတ်ဖော် ပြောလိုက်သံကို ကြားလိုက်ရသည်နှင့် ဒေါက်တာ ဟိန်းအောင်ကျော်သည် အချိန်ဆွဲမနေတော့ဘဲ အိမ်ထဲသို့ ဖျတ်ခနဲ လှမ်းဝင်လိုက်၏။

မမျှော်လင့်ဘဲ မျက်နှာစိမ်းတစ်ဦး အိမ်ထဲရောက်လာခြင်း ကြောင့် မင်းမောင်ရော ခင်စိန်ကြည်ပါ တအံ့တဩ ဖြစ်သွားကြသည်။



ဓာတ်ရှ ကြောင်ငေးငေးဖြစ်နေကြသည်။

"ခင်…ခင်ဗျား ဘယ်သူလဲ၊ ခင်စိန်ကြည် သူ ဘယ်သူလဲ၊ မင်းတို့မိတ်ဆွေလား"

မင်းမောင်က မေးခွန်းတွေ ထုတ်ပစ်လိုက်သည်။

ခင်စိန်ကြည်က ခေါင်းကို ယမ်းခါပြ၏။

"ကျွန်မလဲ မသိဘူး"

"ခင်ဗျား ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ"

ဒေါက်တာဟိန်းအောင်ကျော်က သဘောကျစွာ ပြုံးလိုက်သည်။

"ကျုပ်ဘယ်သူလဲ၊ ဘာလာလုပ်တာလဲဆိုတဲ့မေးခွန်းကို အရင် မဖြေခင် ခင်ဗျားဟာ မင်းမောင် ဟုတ်မဟုတ်၊ ဦးဘသောင်ရဲ့ တူ ဟုတ်မဟုတ် အရင်ဖြေစမ်းပါ"

"ဟုတ်တယ်၊ ကျုပ် မင်းမောင်ပဲ၊ ဦးဘသော်ရဲ့ တူပဲ၊ ခင်ဗျားကဘာလဲ၊ ရဲဘက်ကလား၊ လူကို စစ်လားဆေးလား လုပ်ရအောင် ခင်ဗျားက ဘာတာဝန်ယူထားရလို့လဲ"

ဒေါက်တာ ဟိန်းအောင်ကျော် ခေါင်းကိုဖြည်းဖြည်း ယမ်းခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရဲ့သက်ကဆောင်မှု မဟုတ်ဘူး၊ ဒါပေမယ့် မောင်ရင် ပြောသလို တာဝန်တော့ယူထားရတယ်၊ အဲဒီ တာဝန်က တခြားမဟုတ်ဘူး၊ မောင်ရင်ရဲ့ဦးလေး ဦးဘသော်က ပေးအပ်လိုက်တဲ့ အထူးတာဝန်ပဲ၊ အဲဒါက မောင်ရင့်ဆီမှာ ရောက်နေတဲ့ ပုရပိုက်သုံးချပ်ကို ပြန်ယူဖို့ပဲ"

"ဘာ...."

မင်းမောင်က လန့်ဖျပ်အံ့သြစွာဖြင့် လွှတ်ခနဲ အသံထွက်သွားသည်။

"မငြင်းပါနဲ့တော့ မင်းမောင်ရယ်၊ ခုနက မင်း သူ့ကို ရတနာသိုက်မြေပုံ ရထားတယ်လို့ ပြောလိုက်တာကို ငါ နားနဲ့ဆတ်ဆတ် ကြားလိုက်ပါတယ်ကွာ၊ အဲဒါ တခြား မဟုတ်ဘူး၊ မင်းရဲ့ဦးလေး ဦးဘသော်ဆီက ခိုးယူလာတဲ့ ပုရပိုက်သုံးခုထဲကပါတဲ့ မြေပုံမဟုတ်လား"

ဒေါက်တာ ဟိန်းအောင်ကျော်၏ စကားကြောင့် မင်းမောင်ခမျာ ကြက်သေ သေသလိမ်သွားသကဲ့သို့ ဖြစ်သွားလေသည်။

"မင်းဟာ ဦးဘသော်ဆီက မီးခိုးဆေးတွေတောင်ကိုယူပြီး သော့အတုလုပ်တယ်၊ အေးအေးဆေးဆေး အချိန်ရတဲ့အခါမှာတော့ မီးခံသေတ္တာကို ဖွင့်ပြီး အဲဒီ ပုရပိုက်မြေပုံသုံးခုကို



ယူလာခဲ့တယ်၊ သစ်ကိုယ်ကောင်းစိတ်နဲ့ ရတနာသိုက်ကို မင်းတစ်ယောက်တည်း ရှာဖွေယူဖို့ စိတ်ကူးတယ် မဟုတ်လား"

မင်းမောင် ဘာမျှ မပြောနိုင်တော့။

"ဘယ့်နှယ်လဲ မင်းမောင်၊ မင်း ဘာမှ မပြောနိုင်တော့ဘူး မဟုတ်လား၊ တကယ်ဆိုရင် မင်း ခုလိုလုပ်ဖို့ မကောင်းဘူး၊ မင်း ဒီကိစ္စကို စိတ်ဝင်စားတယ်ဆိုရင် ဦးလေးဖြစ်တဲ့ ဦးဘသော်ကို ဖွင့်ပြောပြီး တိုင်ပင်သင့်တယ်....

"ဦးဘသော်ရဲ့ သဘောတူညီမှုကို ရယူပြီးမှ အဲဒီနေရာကို သွားရှာသင့်တယ်၊ ဘယ့်နှယ်လဲ၊ ငါပြောတာ မဟုတ်ဘူးလား မင်းမောင်"

မင်းမောင်က ခေါင်းကိုခါယမ်းလိုက်၏။

"မဟုတ်ဘူးဗျာ၊ မသိဘူး၊ ခင်ဗျားဘာတွေလာပြောနေတာလဲ၊ ခင်ဗျားပြောတဲ့ ပုရပိုက်သုံးခုဆိုတာလဲ ကျုပ်ဆီမှာ မရှိဘူး၊ ကျုပ်သွားမယ်"

ပြောပြောဆိုဆို သူ့ရှေ့မှာ ပိတ်ရပ်နေသည့်ဒေါက်တာ ဟိန်းအောင်ကျော်ကို တွန်းဖယ်ရင်း အိမ်ပေါ်မှ ထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဟိန်းအောင်ကျော်က အလွှတ်မပေးချ၊ သူ့ကို အတင်းဖြုတ်သွားရန် ကြိုးစားသည့် မင်းမောင်၏ လက်ကို ဖျတ်ခနဲ ဖမ်းယူဆုပ်ကိုင်လိုက်၏။

"ဖယ်...ဖယ်ဗျာ၊ ကျုပ်သွားမယ်"

"ဒီလိုလွယ်လွယ်နဲ့ ထွက်သွားလို့ ဘယ်ရပါ့မလဲ မင်းမောင်ရယ်၊ ဒီကို ငါတို့လာခဲ့တဲ့ အစီအစဉ်ကြီး အလဟဿ ဖြစ်သွားတော့မှာပေါ့"

"အ...အ...အား နာတယ်ဗျ၊ လက်ကိုမလိမ်ပါနဲ့၊ လွှတ်ပေးပါ၊ ကျွန်တော်သွားပါရစေ"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းကို ယမ်းခါလိုက်၏။

"မင်းလက်ကျိုးမသွားချင်ရင် ငါ့စကားကို သေသေချာချာနားထောင်၊ မဟုတ်လို့ကတော့ မင်းရဲ့လက်ကို နှစ်ပိုင်းမဟုတ်ဘူး၊ အစိတ်စိတ်အမြွှာမြွှာ ကျိုးအောင် ချိုးပစ်လိုက်နိုင်တယ် နားလည်လား၊ ငါ့ရဲ့လေ့ကျင့်မှု အတွေ့အကြုံဟာ မင်းလို လက်ချောင်းမျိုးကိုမပြောနဲ့ အားကောင်းမောင်းသန် မြင်းတစ်ကောင်ရဲ့လက်ကိုတောင် သွင်သွင်ကျိုးသွားအောင် ချိုးနိုင်တယ် နားလည်ရဲ့လား"

"နား...နားလည်ပါတယ်ဆရာ"



"အေး...နားလည်ရင်ပြော၊ မင်း ဦးဘသော်ရဲ့ မီးခံသေတ္တာသော့ကို အတုလုပ်ခဲ့တယ် မဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်"

"မီးခံသေတ္တာထဲက ပုရပိုက်ပေရွက်သုံးရွက်ကို ခိုးယူခဲ့တယ်မဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်"

"ကောင်းပါပြီ၊ ဒါဆိုရင် ငါက အဲဒီပုရပိုက်သုံးခုကို လိုချင်လို့ အခုလာခဲ့တာ၊ အဲဒီပုရပိုက်တွေကို ပေးမလား၊ မပေးဘူးလား"

"ပေး...ပေးပါ့မယ် ဆရာရယ်"

"ကောင်းပြီ၊ ငါတို့နဲ့ မင်း အေးအေးဆေးဆေး ပြန်ပြီးလိုက်ခဲ့ပေတော့"

ဒေါက်တာ ဟိန်းအောင်ကျော်က သူ့လက်ကိုနာအောင် လိမ်မထားတော့ဘဲ ဖြေလျှော့ပေးလိုက်၏။

"အ...ကျွတ်...ကျွတ်...ကျွတ်"

"ဒါဟာ မင်းကို သတိပေးလို့ ဒီလောက်ပဲ လုပ်တယ်လို့ အောက်မေ့ပါ၊ ကဲ...မင်းမောင် ရှေ့ကသွား၊ ထွက်ပြေးဖို့တော့ လုံးဝမကြိုးစားပါနဲ့နော်၊ အပြင်မှာ မင်းတို့ ဖိုးဆိတ်ဂါ ပါလာတယ်"

"မပြေးပါဘူး ဆရာရယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘော်ကလေး နှာကျင်သွားပြီဖြစ်သည့် မင်းမောင်မှာ အမှန်တကယ်လည်း ထွက်ပြေးရန် မကြိုးစားဝံ့တော့ချေ။

ဒေါက်တာ ဟိန်းအောင်ကျော် ခေါ်ဆောင်လာခဲ့ရာ နောက်သို့ ကြက်ကလေး ငှက်ကလေးသဖွယ် လိုက်ပါလာခဲ့ရှာလေတော့၏။

ဘုမသိဘမသိဖြစ်နေရှာသော ခင်စိန်ကြည်မှာလည်း အိမ်ပေါက်ဝတွင် ဝေးမျှော်ကြည့်၍ ကျန်ရစ်ခဲ့လေတော့၏။

☆

# အခန်း (၅)

## အဖြူခေါင်းသူ ရိုးသားလော

မကြာခင်မှာပင် ကြေးနီကြိုး မောင်းလာခဲ့သည့် ကားကလေးသည် မင်းမောင်၏ အိမ်သို့ ပြန်ရောက်လာခဲ့ကြလေသည်။

"ဆရာ့အကြောင်းကို ဦးလေးဦးဘသော်က မကြာခဏ ပြောသံကြားခဲ့ဖူးပါတယ် ဆရာ"

မင်းမောင်က ဒေါက်တာဟိန်းအောင်ကျော်ကို ရှိတရဲ ကြည့်ရင်း ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ ပြောထားသလဲကွ၊ လုပ်စမ်းပါဦး"

"ဩော်....တခြားတော့ မဟုတ်ပါဘူးဆရာ၊ ဆရာ့ရဲ့ တော်ကြောင်း ကောင်းကြောင်းတွေပါ၊ မိဘရဲ့ အမွေအနှစ် တွေ တစ်ပုံတစ်ပင်ကြီးရလိုက်ပေမယ့်မဟုတ်တဲ့အပျော်အပါး တွေ မလိုက်စားဘဲ၊ အရက်သေစာ မသောက်မစားဘဲ စာပေ လေ့လာလိုက်စားတဲ့နေရာ၊ ကိုယ်ပိုင်ပညာလေ့ကျင့်တဲ့နေရာ တွေမှာပဲ အချိန်ကို တန်ဖိုးရှိရှိ အသုံးချကြောင်းတွေ အများ ကြီးပေါ့ဆရာ"

"ကျန်သေးတယ်ကွ၊ အခုလိုရှေးဟောင်းရာဇဝင်ကိစ္စတွေ ရတနာသိုက်တွေ အကြောင်းကိုလဲ စိတ်ဝင်စားတတ်သေး တယ်ကွ၊ အဲဒီလိုကိစ္စတွေနဲ့ ကြုံကြိုက်လာရင်လဲ ရေဆုံးရေ ဖျားအထိ လိုက်တတ်သေးတယ်ဆိုတာတော့ ဦးဘသော်က ပြောမပြထားဘူးလား"

"ဟင့်အင်း ဆရာ၊ ဒီအထိတော့ အသေးစိတ် မပြောပြဖြစ် ပါဘူး ဆရာ"

"အေး....အဲဒီအချက်ပါမင်းသိထားရင် ဒီမြေပုံအကြောင်း ငါ့ကို ဖွင့်ပြီး တိုင်ပင်ချင်တိုင်ပင်မယ်လို့ငါမျှော်လင့်ပါတယ် မင်းမောင်ရယ်"



ဒေါက်တာဟိန်းအောင်ကျော်၏စကားကြောင့်မင်းမောင် မျက်နှာ အသွေးအရောင် ပြောင်းသွား၏၊ နေရထိုင်ရသက် သာသွားသလိုလည်း ရှိ၏။

"မှန်ပါတယ်ဆရာရယ်၊ ဆရာသာ ဒါမျိုးဝါသနာပါ လို့ကတော့ ကျွန်တော် ဆရာနဲ့တိုင်ပင်ဖြစ်မှာပါ"

"တစ်ခုတော့ ရှိတယ် မင်းမောင်၊ ငါဝါသနာပါတယ် ဆိုတာက တစ်ကိုယ်ကောင်း ကိစ္စအတွက် မဟုတ်ဘူး၊ ရှေးဟောင်းယဉ်ကျေးမှုတွေကို ရှာဖွေဖော်ထုတ်တဲ့ အလုပ် ကို ဝါသနာပါလို့ အများအကျိုး ရှိတဲ့အတွက် ငါကလုပ် ချင်တာ"

မင်းမောင် ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်အမ်း အမ်း ဖြစ်သွား၏။

"ကဲပါကွာ၊ မင်းဝှက်ထားတဲ့ပေရွက်သုံးခုကို ယူပေးပါ၊ ငါကြည့်ချင်လှပြီကွ"

"ဟုတ်....ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ယူပေးပါ့မယ်"

ပြောပြောဆိုဆို မင်းမောင်က အိပ်ခန်းထဲသို့ ဝင်သွား၏။ အရိပ်အကဲကို နားလည်သော ကြေးနီကြီးက [illegible]ယောင်

www.burmeseclassic.com

www.burmeseclassic.com



မလည်ဖြင့် နောက်ကကပ်ပါသွားပြီး ခင်းမောင်ကို လိုက်စောင့်ကြည့်နေလသည်။

အခန်းတွင်းသို့ ရောက်သွားသောမင်းမောင်သည် ပြတင်းပေါက် တံခါးသောကိုဖွင့်လျက် ခုန်ချထွက်ပြေးရန် ကြံစည်လိုက်သည်နှင့် ကြေးနီကြီးသည် လျှင်မြန်သွက်လက်စွာဖြင့် သူ့အပါးသို့ ကပ်သွားကာ ချုပ်ကိုင်ဖမ်းဆီးလိုက်၏။

မင်းမောင်သည် ကြေးနီကြီး၏ လက်ထဲတွင် ယက်ကန်ယက်ကန် မြောက်ပါလာပြီး အထိတ်ထိတ်အလန့်လန့် ဖြစ်သွားသည်။

"မ....မလုပ်ပါနဲ့ဗျာ"

"ငါ ကိုင်ပေါက်လိုက်ရင် မင်းခေါင်းကျိုးပြီး နေရာမှာတင် အသက်ထွက်သွားလိမ့်မယ် နားလည်လား"

"နား....နားလည်ပါတယ်"

"ဒါဖြင့်....ဘယ်ကိုမှ ပြေးဖို့မစဉ်းစားနဲ့၊ ပေစာသုံးချပ်ကိုသာ ကောင်းကောင်းမွန်မွန်ထုတ်ပေး"

"ဟုတ်....ဟုတ်ကဲ့"



ဆရာ့သက် တည့်လက်ခေါင်းထက်မည့် ပုံစံပေါက်နေသည့် ကြေးနီကြီးကို ကြည့်ရင်း ကြည့်ရင်း မင်းမောင်မျာကျာထဲက စိမ့်လာသောကြောင့် သံသေတ္တာထဲတွင် လုံခြုံအောင် သော့ခတ်သိမ်းဆည်းထားသည့် ပေသုံးချပ်ကို ထုတ်ယူပေးရလေတော့၏။

မကြာခင်မှာပင်ကြေးနီးကြီးနှင့်မင်းမောင်တို့နှစ်ယောက်သား ခည့်ခန်းတွင်းသို့ ပြန်ထွက်လာခဲ့ကြပြီးနောက် ပေရွက်သုံးချပ်ကို ကြေးနီကြီးမှတစ်ဆင့် ဒေါက်တာ ဟိန်းအောင်ကျော် လက်ထဲသို့ တရိုတသေ ထည့်ပေးလိုက်လေတော့သည်။

"ဟောဒီမှာဆရာ၊ ပေရွက်တွေ"

ဒေါက်တာ ဟိန်းအောင်ကျော်က ကြေးနီကြီးပေးသည့် ပေရွက်များကို ယူလျက် သေသေချာချာ လှည့်လာကြည့်ရှုနေလေ၏။

"အစစ်တော ဟုတ်ရဲ့လားဆရာ၊ ဒီကောင် ကလိမ်ခေါ်ဆင်ပြီး အတုတွေ လုပ်ထားဦးမယ်"

ကြေးနီကြီးက သံသယစိတ်ဖြင့် ပြောလိုက်သော်လည်း ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းကိုသာ [illegible] လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမောင် ဒီလောက်ထိသည့်မတွေးထားပါဘူး ကြေ
နီကြီးရယ်၊ ဟုတ်ဘယ်မဟုတ်လားတော့ မင်းမောင်"

"ဟုတ်...ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် ဖေရှာ်အတု
လုပ်ဖို့ အကြံတောင် မကြံစည်မိပါဘူး"

"ဟုတ်ပြီ... ဒါ.... မြေပုံအစစ်တွေပါပဲ၊ ဒီမြေပုံအရ
ဆိုရင် ရွှေကိုယ်လေး၊ ငွေကိုယ်လေး ရုပ်တုတွေအပါအဝ
သိပေါမင်းရဲ့ပစ္စည်းတွေထားတဲ့နေရာကိုသွားဖို့ သိပ်တော့
မလွယ်လှဘူး မင်းမောင်ရဲ့၊ ဒါကို မင်းတစ်ယောက်တည်း
သွားယူဖို့ စဉ်းစားတာ အံ့ပါရဲ့"

ကျွန်တော်တစ်ယောက်တည်း သွားဖို့တော့ မဟုတ်
ပါဘူး ဆရာရယ်၊ ဖိုးဆိတ်ကလဲ ခေါ်သွားမှာပါ၊ ပြီးတော့
နောက်ထပ် အပြည့်သုံးယောက်ကိုလဲ အကျိုးအမြတ်ပေးမယ်
ဆိုပြီး အဖော်ခေါ်သွားဖို့တော့ ရည်ရွယ်ထားပါတယ်
ဆရာ"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းဘဆတ်ဆတ်
ညိတ်လိုက်၏။

ဟင်း... ဟင်း... ဟင်း၊ တွက်ရေးတာတော့ ဝက်သူရေ
ပဲကိုးကွ မင်းမောင်ရ၊ ဟင်း...မင်းကဒီကိစ္စကို လွယ်လွယ်



ကွက်လားထားကိုး၊ အခုနက မင်း တွက်သလောက် မလွယ်
ဘူးကွ"

"ခင်ဗျာ..."

"ဟုတ်တယ် မင်းမောင်ရ၊ ဒီပစ္စည်းတွေကို သိမ်းဆည်း
ထားခဲ့တဲ့အဖွဲ့က အလွယ်တကူနဲ့ ဂူဘစ်ဂူထဲမှာ ဒီအတိုင်း
ပိမ်းထားခဲ့တယ်များ မှတ်နေလို့လား"

မင်းမောင်ကာ နားမလည်စွာဖြင့် ငေးကြည့် နေလေ
သည်။

က်အုပ်

"ဘယ်...ဘယ်လိုထားခဲ့လို့လဲဆရာ"

"ပစ္စည်းတွေ ထားခဲ့တဲ့ ဝန်ကြီးအဖွဲ့က နလပိန်း ယမ်းခါ
ဟုတ်ဘူး မင်းမောင်၊ ဒီပစ္စည်းတွေကို လူသာမန်တွေ
တူနဲ့ မသူနိုင်အောင် ယန္တရားအတတ်နဲ့ စီစဉ်ခဲ့ကြ
န္တရာယ်အများကြီး ရှိနိုင်တယ်၊ သေသေချာချာ မ အားအေး
မလေ့လာဘဲသွားရင် ကိုယ့်သေတွင်းကိုယ်တူးသလိုဘူးကွာ၊
သာ်နဲ့
သွားမယ် နားလည်ရဲ့လား"

ဒေါက်တာ ဟိန်းအောင်ကျော်၏ စကားကြောင့် မ
ောင်ခမျာ ခေသွေးဆုတ်ဖြူရော်သွားရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်ကဲ့ပါ ဆရာကြီး"

ဤသို့ဖြင့် မင်းမောင်နှင့် ဖိုးဆိတ်ကို ခေါ်ဆောင်ကာ ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြ၏။

ဦးဘသော်ထံသို့ ရောက်ကြသောအခါ ဦးဘသော်သည် လွန်စွာ အံ့အားသင့်လျက် ရှိလေသည်။

"ဘယ်လို ဖြစ်ကြတာတုံး ဒေါက်တာ ဟိန်းအောင်ကျော်"

ဦးဘသော်က အံ့ဩသောမျက်နှာဖြင့် မင်းမောင်နှင့် ဖိုးဆိတ်တို့ကို တစ်လှည့်၊ ဒေါက်တာ ဟိန်းအောင်ကျော်ကို တစ်လှည့်ကြည့်ရင်း မေးခွန်းထုတ်လိုက်ခြင်း ဖြစ်သည်။

"မြင်တဲ့အတိုင်းပဲ ဦးလေး၊ ကျွန်တော် ထွက်သွားသလို ပေရွက်သုံးရွက်က တောဒီဦးလေးရဲ့ ထူထောင်ခဲ့တဲ့ လက်ထဲမှာပဲ တွေ့ခဲ့ပါတယ်"

"တောက်..."

ဦးဘသော်က မင်းမောင်ကို ကြည့်လျက် တက်တစ်ချက် ခေါက်လိုက်၏။



"လုပ်ရက်လိုက်တာ မင်းမောင်ရယ်၊ ငါကတော့ မင်းကို ဘုရားစ်သောက်ဆိုပြီး ယုံကြည်လိုက်ရတာ၊ အားကိုးလိုက်ရတာ၊ ခုတော့ မင်းက လုပ်ရက်တယ်ပေါ့ ဟုတ်လား၊ ဘယ်မှာလဲ အဲဒီပေစာသုံးရွက်"

"ကျွန်တော့် ဆီ ရောက်နေပါပြီဦး၊ သူ့ဆီက ကျွန်တော် ယူထားလိုက်ပါပြီ"

"ကောင်းတယ် ဒေါက်တာ၊ ဒါနဲ့နေပါဦး၊ အဲဒီပေရွက်သုံးရွက်ထဲမှာ ပါတဲ့ အကြောင်းအရာတွေကကော ရတနာသိုက် မြေပုံအညွှန်း ဟုတ်ရဲ့လား"

ဒေါက်တာဟိန်းအောင်ကျော်က ခေါင်းဆတ်ညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဦး၊ ဒီသုံးရွက် စပ်ကြည့်လိုက်ရင် ရတနာမြေပုံအညွှန်းကို အပြည့်အစုံ တွေ့ရပါတယ်"

"နေရာကကော"

"နေရာကတော့ မန္တလေးဘက်က စကျင်တောင်ကြော တစ်နေရာကသွားရင် ရမှာပါပဲ၊ စာထဲက အတိုင်းပါပဲ ဦးလေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ၊ ဒါဆိုရင် အခု ဒီကောင်တွေကို ဘယ်လို လုပ်ချင်လို့ ဒေါက်တာက ဒီကိုခေါ်လာခဲ့တာလဲ၊ ခိုးဝှက်မှုနဲ့ ရဲလက်ကို အပ်ချင်လို့လား"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းကို ယမ်းခါလိုက်၏။

"ကိုယ့်ပစ္စည်းလဲ ပြန်ရနေပြီပဲ ဦးလေး၊ မင်းမောင်တို့ ဖိုးဆိတ်တို့ကို ရဲလက်အပ်စရာ မလိုတော့ပါဘူး"

"ဒါဖြင့်...."

"သူကလဲ ဒီရတနာပစ္စည်းတွေကို စိတ်ဝင်စားလို့ ဖြစ်မလားထင်ပြီး မြေပုံယူသွားတဲ့ လူဆိုတော့ ဒီခရီးမှာ သူ့ကို ပါဝင်ခိုင်းချင်တယ်၊ သူ့ရဲ့ ကံအတိုင်းပေါ့ ဦးလေးရယ်၊ အဆင်ပြေရင်လဲ ပြေသလိုပေါ့"

ဒေါက်တာ ဟိန်းအောင်ကျော်၏ စကားကြောင့် ဦးဘသော် နဖူးကြောကြီးများ ရှုံ့လိုက်၏။

"အကျင့်စာရိတ္တ မကောင်းတဲ့လူတစ်ယောက်ကို ဒေါက်တာတို့ အဖွဲ့ထဲမှာ ပါဝင်ခိုင်းဦးမလို့လား ဒေါက်တာ၊ ဖြစ်နိုင်ပါ့မလား"



"မျက်အစဉ်း ပြင်ခေါ်ဆိုတဲ့ စကားရှိပါတယ် ဦးရယ်.... မင်းမောင်ကို ကျွန်တော်ဆုံးမပြီး နောင်ကို ဒီလိုမျိုး ပိုင်ရှင်ရှိတဲ့ ပစ္စည်းကို မခိုးယူဖို့ တားမြစ်ပြီးပါပြီ၊ သူလဲ သဘောပေါက် နားလည်သွားပါပြီ၊ လောကမှာ အမြဲတမ်း စာရိတ္တ ပျက်စီးနေတဲ့လူဆိုတာလဲ မရှိနိုင်ပါဘူး၊ ပြုပြင်ရင် ရပါတယ်"

"ဟုတ်ပါတယ် ဦးလေး၊ ကျွန်တော် နောင်တရပါပြီ၊ ဟောဒီက ဒေါက်တာပြောတဲ့စကားကို မမေ့ဝယ်မကျ နားထောင်ပါ့မယ်၊ ဦးလေးတို့ ဒေါက်တာတို့ အပေါ်မှာလဲ တစ်သက်နဲ့တစ်ကိုယ် သစ္စာဖောက်ပါဘူးလို့ ကတိပေးပါတယ်"

မင်းမောင်က မျက်နှာငယ်ကလေးဖြင့် ဝင်ရောက် ကတိပေးလိုက်၏။

"ကောင်းပြီလေ၊ ယောကျ်ားချင်း ပြောတဲ့စကား ဖြစ်လို့ မင်းကို ငါယုံကြည်လိုက်မယ် မင်းမောင်၊ အေး....ဘာသံ ညာသံ မကြားချင်ဘူးနော်"

"စိတ်ချပါ ဦးလေး"

"ကဲ....ဒေါက်တာ၊ သူ့ဆီကရလာတဲ့ ပုရပိုက်သုံးခုကို ဆက်ပြီး မြေပုံကိုဆက်ကြည့်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘသော်က စိတ်ပင်ပန်းစွာဖြင့် ပြောလိုက်သော ကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်သည် ပုရပိုက် သုံး ချပ်ကို ထုတ်ယူကာ စားပွဲပေါ်တွင် သုံးခုယှဉ်လျက်သား ဆက်စပ်၍ ချထားလိုက်လေ၏။

ဦးဘသော်သည်း သူ၏မျက်မှန်ကို မတင်ကာ မြေပုံကို ပြူးတူးပြဲတဲဖြင့် စေ့စေ့စပ်စပ် ကြည့်ရှုလေတော့၏။

## အခန်း ( ၆ )

### မိုးခေါ်ပွဲ

ဤသို့ဖြင့် စကျောင်းတောင်ကြောဘက်သို့ ရွှေကိုယ်လေး ငွေကိုယ်လေး ရတနာသိုက်ကို ရှာဖွေကြမည့် အစီအစဉ် အတိုင်း ဒေါက်တာ ဟိန်းအောင်ကျော်၊ ကြေးနီကြီး၊ ငွေ ဆံပင်၊ မင်းအမောင်နှင့် ဖိုးဆိတ်တို့အပြင် နေခြည်နွေးကပါ လိုက်ချင်သည်ဆို၍ ခေါ်ငင်ရလေ၏။

ဦးဘသော်ကလည်း နေခြည်နွေးလိုက်မည့် အစီအစဉ်ကို မကန့်ကွက်ချေ။

"ဦးကတော့ ဝိကားဆက် ဆိုတဲ့ ကမ္ဘာက အတိမှတ် ပြောဆိုနေကြတဲ့စကားကို သိပ် လက်မခံချင်ဘူး ဒေါက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေဟာ အားအင်နည်းပါးတဲ့ အမျိုးဖြစ်တယ်ဆိုပြီး နေရာတကာမှာ သူတို့ကို အထင် မသေးချင်ပါဘူး၊ အမှန်တကယ်တော့ ရှေးကျမ်းအဆိုတွေနဲ့ ပြောရရင် မိန်းမတွေဟာ အစားအစာစားသောက်တဲ့အခါမှာ ယောက်ျားတွေထက် နှစ်ဆသာတယ်၊ အသိဉာဏ်အရာမှာလဲ လေးဆသာတယ်၊ လုံ့လဝီရိယ အရာမှာလဲ ခြောက်ဆ သာတယ်လို့ဆိုထားတယ် မဟုတ်လား၊ ဒါကြောင့်မို့ အခုလို ခရီးမှာ နေခြည်နွေး လိုက်မယ်ဆိုတာကို ဦးမကန့်ကွက်ပါဘူး"

"ဝမ်းသာလိုက်တာ ဖေဖေရယ်၊ သမီးက အဲဒီလို စိတ်ဝင်စားစရာ ကောင်းတဲ့ စွန့်စားခရီးကို သိပ်ပြီး တွက်ချင်တာ၊ ရန်ကုန်မြို့ကြီးမှာပဲ အမြဲနေနေရတော့ ဘွေးသံ ငှက်သံတွေပဲ ရှိတဲ့ တောထဲ တောင်ထဲကို ခရီးသွားချင်တယ်လေ"

"ကောင်းပါတယ် သမီး၊ စိတ်အပြောင်းအလဲ ဖြစ်တာပေါ့၊ ဒေါက်တာ့အနေနဲ့ကကော ဆန္ဒကိုပြောပါဦး၊ နေခြည်နွေး ပါတဲ့အတွက် ခရီးမှာ အနှောင့်အယှက် ဖြစ်နိုင်သလား"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းကို ယမ်းခါလိုက်၏။



"ကျွန်တော့် ခံယူချက်ကတော့ အနှောင့်အယှက် ပေးတယ်ဆိုတဲ့ သူဟာ မိန်းမ မဟုတ်ပါဘူး၊ ယောက်ျားလဲ ဖြစ်နိုင်တာပဲ၊ အရေးကြီးတာကတော့ စိတ်ဓာတ်ပါ၊ နေခြည်နွေး အနေနဲ့ မကြောက်တတ်ဘူး၊ စွန့်စားလိုစိတ်ရှိမယ်ဆိုရင် ပြီးတာပါပဲ"

"ကောင်းပြီလေ ဒေါက်တာ၊ ဒါဆိုရင် သမီးကို ဒေါက်တာ အဖွဲ့သား တစ်ဦးအဖြစ် လက်ခံလိုက်ပါ၊ သူ မကြောက်တတ်ပါဘူး၊ ငယ်စဉ် ကတည်းက အမှောင်ကို မကြောက်တတ်အောင် အရာရာကို ချင့်ချင့်ချိန်ချိန် ရှိအောင် ကျွန်တော် လေ့ကျင့်ထားပြီးသားပါ ဒေါက်တာ"

"ကျွန်တော် ယုံကြည်ပါတယ်ဦး"

ဤသို့ဖြင့်....

ဒေါက်တာ ဟိန်းအောင်ကျော်တို့ ခရီးထွက်ကြသော အဖွဲ့ထဲတွင် နေခြည်နွေး တစ်ယောက်ပါ ပါဝင်လာခဲ့၏။

နေခြည်နွေးသည် ရန်ကုန်မြို့ပေါ်တွင် နေထိုင် [illegible] ယာအခါ ပညာတတ် ဣန္ဒြေရှင်မိန်း[illegible] [illegible]ပ် ဝတ်စားသော်လည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



တော့မည် ဆိုသောအခါ လှုယ်လွယ်ကူကူ ပေါ့ပေါ့ပါးပါး လုံလုံခြုံခြုံ ဖြစ်မည့် ဂျင်းဘောင်းဘီ၊ စပို့ရှပ် စသည်တို့ကို ခေတ်မီစွာ ဝတ်ဆင်လေသည်။

နေပူဒဏ်ကို ခံနိုင်စေရန်အတွက် ဒေါက်တာ ဟိန်းအောင်ကျော်တို့လိုပင် တောဘောင်း ဦးထုပ်ကိုပင် ဆောင်းထားလိုက်သေးသည်။

ထို့နောက် လည်ရှည် သားရေဖိနပ်ကိုလည်း ဝင်ဆင်ထား၏။

"အင်း....ငါ့ညီမကို ကြည့်ရတာ တကယ့်ကို နိုင်ငံခြားရုပ်ရှင်ကားထဲက မင်းသမီးလေး အတိုင်းပဲ၊ လုံလုံခြုံခြုံ ပေါ့ပေါ့ပါးပါးလဲရှိ၊ လှလဲလှ"

မင်းမောင်က သူ့ညီမကိုကြည့်ပြီး ချီးမွမ်းခန်း ထုတ်သောအခါ နေခြည်နွေးက ချစ်စဖွယ်ကလေး ပြုံးလိုက်၏။

"အစ်ကို မင်းမောင်ကလဲ မောင်နှမချင်း မြှောက်နေပြန်ပါပြီ"

"မြှောက်ပြောတာ မဟုတ်ဘူး၊ တကယ် ပြောတာပါ"



"ဟုတ်တယ် နေခြည်နွေးရဲ့၊ ကိုမင်းမောင် ပြောတာ မဆိုးပါဘူး၊ နွေးက တကယ်ကိုလှနေတာ၊ အမ်းမာဂရက်ဆိုတဲ့ ဟိုးတုန်းက ဟော်လီးဝုဒ် မင်းသမီး တစ်ယောက်နဲ့ တူတာ"

ဖိုးဆိတ်ကပါ ဝင်ပြီး ထောက်ခံစကား ပြောလိုက်၏။

ဒေါက်တာ ဟိန်းအောင်ကျော်ကမူ ဘာမှ မပြောဘဲ ကျေနပ်စွာ ပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်နေလေ၏။

ဤသို့ဖြင့်....

သူတို့အဖွဲ့သည် မန္တလေးသို့ အမြန်ယာဉ်ဖြင့်ရောက်လာကြပြီး မန္တလေးမှတစ်ဆင့် စကျင်တောင်ကြောဘက်ဆီသို့ ထိုးထွက်ခဲ့ကြလေသည်။

ဘောလမ်းအတိုင်း ဖြတ်လျှောက်လာကြ သောအခါ တြောမိပင် သာယာအေးချမ်းသော ရွာကလေးတစ်ရွာသို့ ရောက်လာ၏။

ထိုရွာလေးသည် သစ်ပင်ရိပ် ဝါးပင်ရိပ်များ ပေါများသောကြောင့် နေပြောက်ထိုးသည့် နေရာပင် ခပ်ရှားရှား ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍လည်း ဤမျှ အေးချမ်းနေခြင်းဖြစ်၏။

နွေခေါင်ခေါင်ကြီး ဖြစ်သော်လည်း ဒေါက်တာ ဟိန်းအောင်ကျော်တို့ အဖွဲ့သည် မအမောမပန်းဘဲ ရှိနေကြလေသည်။

ရွာကလေးအစွန်သို့ ရောက်သောအခါ ကြာချိုးငှါးပါးဖြင့် စုံလင်ဝေဆာနေသော ကြာပင်အိုင်ကြီးရှိလေ၏။

ထိုရေအိုင်ကြီး၏ အနီးတွင် တောင်ကုန်း မို့မို့ကလေး ရှိသည်။

ထိုတောင်ကုန်းပေါ်တွင် စေတီ တစ်ဆူ ရှိ၏၊ စေတီကလေးသည် ငှက်ပျောဖူးမှ အထက်ကို ရွှေသင်္ကန်းကပ်ထား၍ အောက်ဘက်တွင်မူ သုံးသင်္ကန်းဖွေးဖွေး ကပ်လှူထားသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့ ရောက်သွားကြသော အချိန်တွင် ထိုစေတီတော်၏ ဘုရားပွဲ ကျင်းပနေချိန်ဖြစ်၏။

ဈေးဆိုင်တွေ တော်တော်များများတွေ့ရ၏။ သစ်ပင်ရိပ်များအောက်တွင် နွားလှည်းတွေ၊ နွားလှည်းတွေကိုလည်း အများကြီး တွေ့ရ၏။



တောသူတောင်သားများသည် နွားလှည်းများကို ဒေါက် ...ထောက်ထားကြလျက် ထိုအောက်တွင် အိပ်သူအိပ်ကြ၏။

အချို့ကမူ သစ်ပင်ကြီးများ၏ မြစ်ပျဉ်းခွကြားတွင် ခွေ ...ကလေးခွေ၍ ဝင်အိပ်နေသူများလည်း ရှိကြ၏။

အနီးအပါးမှ ရွာသူရွာသားများ အိုးပစ် အိမ်ပစ်ဖြင့် ...ားမွဲလာကြသောကြောင့် အချို့လှည်းများတွင် ခွေးများ ...ခြင်များပင် ပါလာကြ၏။

အိမ်သုံးဘျှတ် ဘုရားပွဲလာ ကြခြင်း ဖြစ်ပေလိမ့်မည်။

အချို့သော ဈေးသည်မိခင်များက သူတို့၏ကလေးငယ် ...းကို နို့တိုက်လျက်၊ အချို့မိန်းမများကား သမင်းတင်း ...ဖြတ်လျက်၊ အချို့ကားတစ်ယောက်ခေါင်းတစ်ယောက် ...ရှာပေးရင်း သူတို့ ညကကြည့်ခဲ့ကြသည့် ဇာတ်အဖွဲ့ ...ကြောင်း စားမြုံ့ပြန်နေကြ၏။

ဒေါက်တာ ဟိန်းအောင်ကျော်တို့အဖွဲ့သည်း ဘုရားဖူး ...သည့်အဖွဲ့များအတိုင်း ဖြတ်ကျော်လာခဲ့ကြပြီး ကုန်းမို့မို့ ...လေးပေါ်တွင်ရှိသော စေတီကလေးရှိရာသို့ သွားကြ ...ပြီ။

www.burmeseclassic.com

www.burmeseclassic.com



စေတီကိုဖူးမြော်ကြ၏။ လိုအပ်သောဆုများ တောင်းကြ၏၊ စေတီအတွက် ထိုက်သင့်သော အလှူငွေများ ထည့်ဝင်ကြ၏။

ဒေါက်တာ ဟိန်းအောင်ကျော်ကမူ သူ့ထုံးစံအတိုင်း လက်ရှိလုပ်ကိုင်သည့် အလုပ်ဖြစ်သော ရွှေကိုယ်လေး ငွေကိုယ်လေးသိုက်အား တွေ့ရှိနိုင်ပါစေ ဟူသော လှိုက်လှိုက်ကူကူ ဆုတောင်းကိုသာ တောင်း၏။

နေခြည်နွေးကမူ ဘုရားရှိခိုးလည်း ကြာသည့်အပြင် ဆုတောင်းလည်း အရှည်ကြီးဖြစ်၏။

အဖွဲ့သားများအားလုံး နေခြည်နွေးကိုစိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းကြရ၏။

"ဘုရားရှိခိုးတာ ကြာလှချည်လား နေခြည်နွေးရဲ့ ဆုတွေအများကြီးတောင်းနေတယ် ထင်ပါရဲ့"

ဒေါက်တာ ဟိန်းအောင်ကျော်က ဘုရားရှိခိုးပြီး ထလာသည့် နေခြည်နွေးကို ပြောလိုက်၏။

"ဟုတ်တယ် ဒေါက်တာ၊ နွေးက အဲဒီလိုပဲ အကျင့်ရှိတယ်၊ ဘာလဲ ... စောင့်ရတာ စိတ်မရှည်လို့လား"



"ဟာ....မဟုတ်ပါဘူး၊ စိတ်ရှည်ပါတယ်၊ ဘုရားကိုကြာကြာရှိခိုးတော့ ကုသိုလ်စိတ် ကြာကြာဖြစ်တာပေါ့နွေးရဲ့၊ ဆုတောင်းတာလဲ ကြာတာလဲကောင်းပါတယ်၊ အိန္ဒိယစာဆိုကြီး ရာဘိန်ဒြာနတ်တာဂိုးပြောဖူးတယ်၊ သူဟာ ဆုတောင်းတာကိုမှ လုပ်လေ့မရှိဘူးဆိုပဲ"

"ဟုတ်လား"

"ဟုတ်တယ်နွေး၊ ဘာပဲဖြစ်ဖြစ်ယုံကြည်မှုရှိတာ ကောင်းပါတယ်၊ ယုံကြည်ချက်ရှိမှလဲ အောင်မြင်မှုကို ရနိုင်မှာပေါ့နွေးရဲ့"

စကားတပြောပြောဖြင့် ဘုရားကျွန်းတော်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသောအခါ တစ်နေရာတွင် လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်ကို တွေ့ရသဖြင့် သူတို့ အံ့သြသွားကြ၏။

"ဘာဖြစ်တာလဲ မသိဘူး၊ ရန်များဖြစ်နေကြသလားမသိဘူး ဆရာ၊ ဆူဆူညံညံ ရုတ်ရုတ်သဲသဲနဲ့"

ငွေဆံပင်က ပြောလိုက်၏။

"ရန်ဖြစ်တာ မဟုတ်ပါဘူး လူကလေးရယ် ... ဟိုမှာ ရွာသူရွာသားတွေ ထိုးစံသတဲ့"

www.burmeseclassic.com



သစ်ပင်ရိပ်အောက်မှ မြင်ကွင်းကို ရင်ကြည့်နေသေ
ချောင်းထုံးနှင့်အဘိုးအိုတစ်ယောက်ကလှမ်းပြောလိုက်သေ
အခါ ဒေါက်တာ ဟိန်းအောင်ကျော် စိတ်ဝင်စားသွားမိ

"အဘတို့ ရွာဘုရားပွဲရဲ့ ထုံးစံ ဟုတ်လားအဘ၊ ရှင်းပြ
ပါဦး၊ သူတို့ ဘာတွေလုပ်နေကြတာလဲ"

"လူတို့တွေ မိုးခေါ်နေကြတာ၊ မိုးခေါ်ပွဲ လုပ်နေကြ
တာကွယ့် မောင်ရင်ရဲ့"

အဘိုးအိုအံ့စကားကြောင့် ဒေါက်တာဟိန်းအောင်ကျေ
ာ်အံ့အားသင့်သွားလေ၏။

"ဘာဖြစ်တာလဲအဘ၊ မိုးခေါ်ပွဲလုပ်နေကြတာ ဟုတ်
လား"

"အေးလကွယ်"

"ကြားကြီးစည်ရာအတာရယ်၊ ဒီလိုအချိန်မျိုးမှာ မိုးခေါ်ပွဲ
ရနိုင်ပါ့မလား"

ဒေါက်တာ ဟိန်းအောင်ကျော်၏ မေးခွန်းကြောင့်
အဘိုးအိုသည် ကွမ်းယာတွေးကို ပျော်ခနဲ တစ်ချက်လှမ်းပြေ
ရင်းက....



"ရပါတယ် လူကလေးရယ်၊ မောင်ရင်တို့က လောက
ဓာတ်ပညာတတ်တွေဆိုတော့ ဒီအယူအဆ ရိုးရာဓလေ့ကို
ယုံချင်မှ ယုံမယ်၊ ယုံကြည် မြင်ဖူးသွားရအောင် စောင့်
ကြည့်နိုင်ရင် စောင့်ကြည့်သွား၊ မနက်ဖြန် အဘတို့ ဒီနေရာ
တစ်ဝိုက်မှာ မိုးကိုရွာလိမ့်မယ်"

"မိုးရွာမယ် ဟုတ်လား"

နေခြည်ရွှေးက မယုံကြည်နိုင်လောက်အောင် အံ့ဩသော
အမူအရာဖြင့် ဝင်၍မေးလိုက်၏။

"သေချာတာပေါ့ သူငယ်မရယ်၊ ဒီကနေ့ မိုးခေါ်ပွဲ
လုပ်တယ်ဆိုရင် မနက်ဖြန် မိုးသေချာပေါက်ကို ရွာကို ရွာ
တယ်ကွယ့်၊ အဲဒီ မိုးရွာမှလဲပဲ ပြောင်းနှမ်းဝါ ယာခင်းတွေ
အတွက် အဆင်ပြေသကွယ့်"

"ဪ...."

နေခြည်ရွှေးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

ပြီးနောက် ဒေါက်တာဟိန်းအောင်ကျော်၏ မျက်နှာကို
ဆာဝီဖွယ်ပါပါ လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုသည့်သဘောက ဘယ့်နှယ်လဲဆိုသည့် သဘောပင် ဖြစ်၏။

ထိုအခါ ဒေါက်တာဟိန်းအောင်ကျော်က....

"စောင့်ကြည့်ကြသေးတာပေါ့ နွေး"

ဟု ခပ်တိုးတိုးကလေး ပြောလိုက်၏။

ထိုအခိုက် ဆံပင်ဖားလျားချထားသော လူရွယ် တစ်ယောက်သည် ဝါးလုံးကို မြင်းသဖွယ် ဒုန်းစိုင်း စီးနှင်ကာ သူတို့ဘက်သို့ ရောက်လာ၏။

သူ့နောက်မှ ကလေးလူကြီး တစ်ပြုံတစ်မကြီးကလည်း ဗြောသံပေးအော်ဟစ်ရင်း လိုက်ပါလာကြလေ၏။

ထို့နောက် ရေပုံးကိုယ်စီကိုင်ထားကြသည့် သူများသည် ဝါးလုံးမြင်းစီးလာသူ ဆံပင်ဖားလျားနှင့်လူရွယ်အား ရေပုံးများဖြင့် တဝုန်းဝုန်း ပိုင်းပက်ကြလေ၏။

လူတစ်ကိုယ်လုံး ရွှဲရွှဲစိုသွားသောအခါ လူအုပ်ကြီးက....

"မိုးတွေလာပြီလား"



ဟု တညီတညွတ်တည်း အော်ဟစ်မေးလေ၏။

ထိုအခါ ဝါးလုံးမြင်းပေါ်မှလူကလည်း....

"မိုးတွေ နောက်ကလိုက်လာပြီ"ဟု ပြောကာ ဆက်၍ ဒုန်းစိုင်းပြေး၏။ ဝါးလုံးကို မြင်းသဖွယ်ခွစီးလျက် ဒုန်းစိုင်း ပြေးနေသော ထိုသူ့ကိုကြည့်ရင်း ဒေါက်တာဟိန်းအောင် ကျော်တို့လူစုမှ ရယ်ချင်ကြသော်လည်း ရွာသူရွာသားများ မကျေမနပ်ဖြစ်မည်စိုး၍ မရယ်ရဲကြပေ။

ကိုယ့်ဘာသာကိုယ် တစ်ယောက်ချင်း ရယ်ချင် ပြုံးစိ ဖြစ်၍နေကြ၏။

ဝါးလုံးတစ်လုံးကို မြင်းသဖွယ် ဟန်ပါပါခွစီး၍လွှောက် ပြေးနေသူမှာ ခပ်ငယ်ငယ်မဟုတ်ဘဲ အဆက်သုံးဆယ်အရွယ် လူကြီးတစ်ယောက်ဖြစ်၏။

ဆံပင်ကိုလည်း ဖားလျားချထားကာ မျက်နှာကို ခပ်တည်တည်လုပ်ထား၏။

ရေများ တစ်ကိုယ်လုံးစိုရွှဲကာ တစ်လမ်းလုံးရေ[illegible] တတောက်တောက်ကျနေသော်လည်း ထိုသူသည် [illegible] ...း၍ပုံမရချေ။

www.burmeseclassic.com

www.burmeseclassic.com



ရွာသားများကလည်း ရေတွေ တစ်ပုံးပြီးတစ်ပုံး လောင်းပေးနေကြ၏။

ထို့အပြင် ပါးစပ်ကလည်း 'မိုးတွေ လာပြီလား' ဟု သံပြိုင်အော်၍ မေးကြပြန်လေ၏။

ရေတွေစိုရွှဲနေသောသူကလည်း 'မိုးတွေနောက်ကလိုက်လာပြီ'ဟု အတိုင်အဖောက်ညီညီ ပြန်၍ အဖြေပေးလိုက်ပြန်လေ၏။

လူကြီးများက ရေပုံးကိုယ်စီဖြင့် ဝိုင်း၍ရေဖြင့်ပက်နေကြသော်လည်း ကလေးများကမူ ပါးလုံးမြင်းစီးလာသူအနားရောက်လာလျှင် လန့်၍ တစ်ကြိုးတည်း ပြေးကြလွှားကြသည်။

အချင်းချင်း တွန်းထိုးတိုက်ခိုက်မိကာ အလဲလဲအကွဲကွဲဖြစ်ကြ၏။

သူတို့လူစုသည် 'မိုးတွေလာပြီလား'၊ 'မိုးတွေနောက်ကလိုက်လာပြီ'ဟူ၍ အတန်ကြာသည့်တိုင် မေးကြ၊ ဖြေကြလုပ်နေပြီး မောလောက်ရှိမှ သူတို့၏ မိုးခေါ်ပွဲကို ရပ်လိုက်ကြလေ၏။



သူတို့အဖွဲ့ မိုးခေါ်ရပ်လိုက်သည့်အချိန်တွင် နေလည်းအတော်ကျသွားပြီဖြစ်သောကြောင့် မကြာမီ မှောင်ရိပ်ပျိုးလာလေတော့၏။

ဒေါက်တာဟိန်းအောင်ကျော်တို့အဖွဲ့လည်း မိုးချုပ်ပြီဖြစ်သောကြောင့် ဘုရားပွဲမှာပင်တစ်ညတာနားနေအိပ်စက်ရန် ဆုံးဖြတ်လိုက်ကြရလေတော့၏။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

### ဆရာဖြန့်ဖြေး မိန်းကလေး

ဘုရားကုန်းတော်ပေါ်တွင် ဝါးရုံပင်များပေါက်ရောက်နေကြ၏။ ဝါးရုံပင်များအောက်တွင် နားနေအိပ်စက်ရန်နေရာယူကြရ၏။ သူတို့အဖွဲ့ အနီးအနားတွင် ညနေကတွေ့ခဲ့ရသော အဘိုးကြီးကလည်း အိပ်စက်နားနေရန် နေရာတစ်ခုယူထား၏။

"ဩော်....ငါ့လူတို့ကလဲ ဒီည ဘုရားကုန်းတော်ပေါ်မှာပဲ အိပ်ကြမလို့ကိုး"



"ဟုတ်ပါတယ် အဘ၊ ကျွန်တော်တို့လဲ ဒီနေ့ည ဒီမှာပဲ စခန်းချပြီး မနက်ဖြန်မှပဲ ခရီးဆက်ကြပါတော့မယ်"

"ကောင်းပါတယ်ကွယ်၊ နားနားနေနေပေါ့၊ ဒါနဲ့နေပါဦး၊ စပ်စုတယ်တော့မအောက်မေ့ပါနဲ့ မောင်ရင်လေးရယ်၊ မောင်ရင်တို့အဖွဲ့က ဘာကိစ္စနဲ့ ဒီဘက်ကို လာခဲ့ကြတာလဲကွယ့်"

အဘိုးအို၏ မေးခွန်းကြောင့် ဒေါက်တာ ဟိန်းအောင်ကျော် အဖြေရကျပ်သွားလေ၏။

အမှန်အတိုင်း လူသိ မခံရမည့်ကိစ္စဖြစ်သောကြောင့် မည်သို့ဖြေရမည်ကို စဉ်းစားနေဆဲ အဘိုးအိုကပင် စကားဆက်လိုက်ပြန်လေ၏။

"မဟုတ်မှလွဲရော မောင်ရင်တို့ ဒီဘက်ကိုရောက်လာခဲ့ကြတာ သိုက်တွေဘာတွေများ ဖော်ကြမလို့လားကွယ့်"

"ခင်ဗျာ...."

အဘိုးအို၏အမေးစကားကြောင့် ဒေါက်တာဟိန်းအောင်ကျော် အံ့အားတသင့်ဖြစ်သွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုသင်းအတာရယ်၊ ဘာခေါ်မလဲ၊ အဲ...ကျွန်တော်တို့ အဖွဲ့က လေ့လာရေးအဖွဲ့ပါ၊ ရှေးဟောင်းပစ္စည်းတွေ ဘာတွေကို သုတေသနလုပ်ကြတာပါ"

"ဪ...ဪ...ဒီလိုလား ဒါဆိုရင်တော့ ကောင်းပါတယ်ကွယ်၊ အဲ...အဲ... ဟောင်းလို့များတော့ သိုက်တွေ ဘာတွေဆိုရင် တူးဖို့ မကြံကြနဲ့ကွယ့်၊ ဒုက္ခတွေ့တတ်တယ်၊ အထူးသဖြင့် ဘုရားသိုက်လို့တာမျိုးကိုတော့ စိတ်နဲ့တောင် မဖြစ်မှားကြနဲ့"

"ဟုတ်ကဲ့ပါ အဘ"

သိုက်အကြောင်း သေသေချာချာ ကြားရသည်နှင့် ကြေးနီကြီးနှင့် ငွေဆံပင်တို့ပါ အာရုံစိုက်လာကြ၏။ ငင်းမောင်နှင့် ဖိုးဆိတ်တို့ဆရာတပည့်ကမူ မေတ်နားသို့သွား၍ ဘုရားရှိခိုးနေကြလေ၏။

"အဘတို့ ဒီဘက်နယ် တစ်ဝိုက်မှာတော့ သိုက်တွေ တော်တော်များများ ရှိတယ်ကွယ့်၊ ဒါပေမယ့် သိုက်တူးတဲ့ ဆရာတွေ ဒုက္ခရောက်တာများပါတယ်၊ အဲ... ဒီဘုရားကို တောင် တစ်ခါတုန်းက သိုက်ဆရာတွေ လာခဲ့ကြဖူးတယ်ကွယ့်"



"ဒီဘုရားမှာ သိုက်ရှိလို့လား အဘ"

ကြေးနီကြီးက စိတ်ဝင်စားစွာ ဝင်၍မေးလိုက်၏။

"ဘယ့်နှယ် ပြောပါလိမ့် ငါ့သူရယ်၊ ရှိတာပေါ့ကွ၊ ဒီဘုရားသိုက်က တော်တော်ကြီးကြီးကျယ်ကျယ်ကို ပစ္စည်းတွေ ရှိနေတယ်လို့ ကြားဖူးပါတယ်၊ ဒါပေမယ့် သိုက်စောင့်တွေကလဲ နှယ်နှယ်ရရ ပုဂ္ဂိုလ်တွေတော့ မဟုတ်ဘူး၊ တော်တော် ကမ္ဘာ့ဒီ ဘုန်းခိုးကြီးတဲ့သူတွေ စောင့်ရှောက်ကြတာကွ၊ အဲ... မမြင်ရတဲ့သိုက်စောင့်ပုဂ္ဂိုလ်တွေသာ်မကဘူး၊ လူ့လောကမှာ ပါ သူတို့ရဲ့အစောင့်တွေ လွှတ်ထားတာ"

"ဘာပြောတယ် အဘ၊ လူ့လောကမှာပါ သူတို့ရဲ့ အစောင့်တွေ လွှတ်ထားတယ် ဟုတ်လား"

ငွေဆံပင်က ဘာအံ့တကြ ဝင်၍မေး၏။

"အေး...တို့ရွာမှာ ပိမိုးဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်၊ သိပ်ပြီးချောတာကွယ့်၊ သူကရွာမှာ ကွမ်းတောင် ကိုင် ပန်းတောင်ကိုင်ပဲ"

"ဟာ... ဒါဆိုရင် ခုတောင်တွေ့ချင်လာပြီ အဘရယ်"

www.burmeseclassic.com

www.burmeseclassic.com



ငွေဆံပင်က အားတက်သရော ပြောလိုက်၏။

"ခုတွေ့ချင်လို့တော့ မလွယ်ဘူးကွယ်၊ ဘယ်ကိုရောက်နေ တယ်လဲ မပြောတတ်ဘူး၊ ချုပ်သေး ပွဲခင်းထဲပဲ ရောက်နေ မလား၊ သူ့အိမ်မှာပဲ အိပ်နေပြီလား မပြောတတ်ဘူး၊ အဲ.... တစ်ခုတော့ရှိတယ်၊ ဒီကလေးမလေးခများ ရုပ်ရည်ကလေး လှသလောက် စိတ်က သိပ်မမှန်ဘူးကွယ့်"

"ခင်ဗျာ..."

အဘိုးအိုး၏စကားကြောင့် ငွေဆံပင်ခမျာ မျက်နှာရှုံ့ သွား၏။

"စိတ်မမှန်ဘူးဆိုတော့ ရူးနေတာလား အဘရဲ့"

"သုံးမရအောင် သွက်သွက်ခါ ရူးနေတာမျိုး မဟုတ်ပါ ဘူး၊ ရူးတူးတူး ပေါ်တောတောကလေးနဲ့ ကလေးဆန်ဆန် နေတာမျိုးကို ပြောတာပါ။ အဲ....သူက ဒီဘုရားသိုက်က လူ့ပြည်ကို ရောက်လာတာလို့ တို့ရွာသားတွေက ယုံကြည် နေကြတယ်"

"ဟုတ်နေတာဟုတ်သလား အဘ"



"ဟုတ်သလား၊ မဟုတ်သလားဆိုတာတော့ မောင်ရင်တို့ မနက်ဖြန်စောင့်ကြည့်သွားကြပေါ့"

"မနက်ဖြန်ဆို သူ ဒီကိုလာမှာလား"

"အေး....လာလိမ့်မယ်၊ သူကလပြည့်နေ့တိုင်း ဒီဘုရားမှာ ပန်းလဲလာသေး ရှိတယ်ကွယ့်၊ ဘုရားမှာ ပန်းတွေဝေနေ အောင် လှူသလို သူ့ခေါင်းမှာလဲပန်းတွေ ဝေနေအောင် ပန်ထားတတ်တယ်၊ ပြီးတော့ သနပ်ခါးကိုလဲ အဖွေးသား ခြေဆုံးခေါင်းဆုံး လူးထားသေး ရှိတယ်ကွယ့်"

"ဒါဆို အဲဒီအချိန်မှာ မိမိုးဟာ ပိုပြီးလှနေမှာပေါ့"

"ဟုတ်တယ်မောင်ရင်၊ ကျုပ်အထင်တော့ သူဟာ ဒီရွာ မှာ အချောဆုံးပဲ၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ ကိုယ်လုံးကိုယ်ပေါက် အိုးကွယ် ဘာဆိုဘာမှအပြစ်ပြောစရာ မရှိသလောက်ပါပဲ၊ ကျုပ်သာ အရွယ်ကောင်းသေးရင် မိုးကို ကြံရွယ်မိမှာ အမှန်ပဲ"

"ဒီရွာက ကာလသားတွေကရော အဲဒီမိန်းကလေးကို ချဉ်းကပ်ကြဘူးလား အဘ"

ငွေဆံပင်ကပင် ဆက်၍မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတောင်းမလဲ ငါ့လူရယ်၊ ကာသသားဘိုင်း လိုလို မိမိုးကို ချဉ်းကပ်ဖူးကြတာပေါ့၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲအဘ"

အဘိုးအိုက ခေါင်းကို ခါယမ်းလိုက်၏။

"မိမိုးက ဒီကနေ့အထိ ဘယ်သူ့ကိုမှ ခေါင်းမညိတ်ခဲ့ဘူး ကွယ်"

"ဟာ...ဒါဆိုရင်တော့ မျှော်လင့်ချက်ရှိသေးတယ်ပေါ့ ငွေဆံပင်"

ကြေးနီကြီးက လှမ်း၍နောက်လိုက်၏။

"အေး....ဟုတ်တယ်၊ ဒါဘာ မင်းလာသတင်းပွဲကွ၊ တော်ကြာ ငါဟာ ဒီရွာသား ဖြစ်ချင်ဖြစ်သွားမှာ၊ ငါပြန်မလိုက်နိုင်တော့တဲ့ အခါကျရင်သာ မင်း အရာကို ငါကိုယ်စား နှစ်ဆပြုစု စောင့်ရှောက်လိုက်ပါ ကြေးနီကြီးရာနော်၊ ဟဲ.... ဟဲ....ဟဲ...."

"ငွေဆံပင်တို့ကတော့ ပေါက်ကရ ပြောရမယ်ဆိုရင် နှစ်ယောက်မရှိဘူး"



ဒေါက်တာ ဟိန်းအောင်ကျော်က ပြုံးလျက် ပြောလိုက်သည်။

"တကယ်လို့များ အဲသလိုဖြစ်ခဲ့ရင် တပည့်ကြီးကို ဆရာ ခွင့်လွှတ်နားလည်ပါနော် ဆရာ"

ငွေဆံပင်က ရွှတ်ရွှတ်နောက်နောက် ဆက်၍ ပြောဆိုပြန်၏။

"မင်းလို အသက်ခုနစ်ဆယ်ကျော် အဘိုးအိုကြီးရဲ့ခေါင်းလို တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်နေတဲ့ ငနဲသားကို ဘယ်ကွမ်းတောင်ကိုင်က ကြိုက်မှာတဲ့တုံး"

"ဟာ....ဒါတော့ အပြတ်မပြောလိုက်နဲ့ဆရာ၊ အဘပြောတဲ့မိမိုးက စိတ်သိပ်မမှန်ဘူးဆိုတော့ ငွေဆံပင်နဲ့အံကိုက် ဖြစ်ချင်ဖြစ်နေမှာ"

ကြေးနီကြီးက ငွေဆံပင်ကို ဖလိုက်သဖြင့် ငွေဆံပင်က လက်သီးဆောင်ပြလေ၏။

"ခေါင်းရင်းဘိုတို ကျုပ် ထူးဆန်းတာ တစ်ခုပြောရ ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကပြောလိုက်သဖြင့် သူတို့အားလုံး စိတ်ဝင်စားသွားမိကြ၏။

"ဘာအထူးအဆန်းလဲ အဘ"

"ကျုပ်ခုနပြောတဲ့ မိမိုးရဲ့အဖြစ်အပျက် အထူးအဆန်းကိုပြောချင်တာ"

"ဘာလဲ အဘ၊ မိမိုးက ဥစ္စာစောင့်မ ဖြစ်နေလို့လား"

"ဒါကတော့မောင်ရင်တို့စဉ်းစားကြည့်ကြပေါ့၊ ကျုပ်က ဒီလိုတော့ ဆုံးဖြတ်မပေးပါဘူး"

"ပြောပါဦးအဘ"

BURMESE CLASSIC .com

ဒေါက်တာ ဟိန်းအောင်ကျော်က စကားထောက်ပေးလိုက်၏။

"အဲဒီ မိမိုးရဲ့ထူးခြားချက်ကိုလဲ မနက်ဖြန်ဆိုရင် မောင်ရင်တို့ တွေ့ကြရမှာပဲ၊ အဲ...တကယ်လို့ မိုးရွာမယ် ဆိုရင်ပေါ့"

"မိုးကရော မနက်ဖြန် တကယ်ရွာမှာလား အဘရဲ့"



ကြေးနီကြီးက မေးလိုက်ပြန်၏။

အဘိုးအိုက ခေါင်းဆတ်ညိတ်ပြ၏။

"ယောဗိရွာမှာ အဘလာနေတဲ့ တစ်သက်မှာတော့ ည နေကသို မိုးခေါ်ပြီးရင် နောက်တစ်နေ့ မိုးရွာတာအမှန်ပဲ၊ ိုးခေါ်ရဲ့သားနဲ့ မရွာတဲ့နှစ်ရယ်လို့ မရှိတာလဲ အမှန်ပဲ၊ စောင့်ကြည့်ကြပေါ့"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"အဲ...မိမိုးနဲ့ပတ်သက်တဲ့ ထူးခြားချက်တစ်ခုကြုံလို့ပြော ရဦးမယ်"

"ဟုတ်ကဲ့ အဘ"

"တစ်ခါတုန်းက ကျုပ်တို့ရွာကယောဒိဘုရားပွဲမှာ သိုက် ာတူးကြတဲ့ သိုက်ဆရာနဲ့သူ့ တပည့်အဖွဲ့ သိုက်တူးဖို့ရောက် ာကြတယ်၊ သိုက်ဆရာက ကန်တော့ပွဲပေးပြီး သိုက်တူးဖို့ င်းဆင်နေတုန်းမှာ မိမိုးရောက်လာပြီး တန့်တားသိုက်မတူးဖို့ ပြောတယ်....

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သိုက်ဆရာကနားမထောင်တာနဲ့မိမိုးဒေါသ ထွက်လာတယ်၊ ဆဲဆို ဆောင်ဟစ်ပြီး ကန်တော့ပွဲတွေကို သတ္တိရှိရှိ ဖျက်ဆီးပစ်လိုက်တယ်၊ နောက်ဆုံးတော့ သိုက် ဆရာလဲ မိမိုးကို မယှဉ်နိုင်ဘဲ ထွက်ပြေးရတော့တာပဲ၊ ကြည့်လေ....မိန်းကလေးတန်မဲ့ သိုက်ဆရာရဲ့အဖွဲ့ကို နှင် ထုတ်နိုင်တဲ့ အစွမ်းက ဘယ်လောက်လဲနော်"

"ဟုတ်တာပေါ့ ဘဆရဲ့"

ကြေးနီကြီးက ဝင်၍ထောက်ခံလိုက်၏။

"နောက်တစ်ခုရှိသေးတယ်၊ မိမိုးကြောင့် သူတို့အိမ်မှာ ခွဲကြီးတွေ လက်စွပ်တွေ မကြာခဏရတယ်၊ မြေကြီးထဲတုတ် တစ်ချောင်းထည့်ထိုးဆွလိုက်တာနဲ့ အလိုလိုပေါ်လာတာပဲ ကွယ့်"

"အဲဒါပြောတာနဲ့ မိမိုးဆိုတာကို ကျွန်တော်တောင် အား ချက်ချင်း ပြေးပြီးကြည့်ချင်စိတ်တောင် ပေါ်လာပြီဗျာ"

ငွေဆံပင်က အားမလိုအားမရဖြင့် ပြောလိုက်ပြန်၏။

ဤသို့ဖြင့် အချေအတင်ပြောနေကြရင်းနှင့်ပင် ညဥ့်သည် တဖြည်းဖြည်းနက်လာလေ၏၊ အိပ်ချင်သမ်းဝေလာကြသော



ကြောင့် လူစုခွဲလိုက်ကြပြီး ကိုယ့်အိပ်ရာကိုယ်နေရာယူကြကာ ဝါးရုံကိုင်းများတွင် ခြင်ထောင်ကြီး ချည်နှောင်ကြလျက် အိပ်စက်ကြလေတော့၏၊

အဘိုးအို၏ခြင်ထောင်တွင်းမှ ဘုရားရှိခိုးသံ သဲ့သဲ့ကို ကြားနေရပြီးနောက် မကြာခင်မှာပင် ဒေါက်တာဟိန်း အောင်ကျော် အိပ်ခမောကျ၍သွားလေတော့၏။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

BURMESE CLASSIC .com

### ဦးခုတ်ခုန်၏ ခုတ်ထောင်များ

နောက်တစ်နေ့ မနက်နေထွက်သည်ဆိုသည်နှင့် အနောက်တောင်ဘက်တောင့်ဆီမှ မိုးရိပ်လေရိပ်မှုား တရိပ်ရိပ်တက်လာပြီးနောက် မိုးဖွဲကလေးများ ကျလာတော့၏။

သို့ဖြစ်၍ ဒေါက်တာဟိန်းအောင်ကျော်တို့ အဖွဲ့သည် မိုးလေလွတ်မည့် စေတီနားရှိ တန်ဆောင်းရှိရာသို့ သွားရောက်ခိုရလေတော့၏။

ဒေါက်တာဟိန်းအောင်ကျော်တို့အဖွဲ့နှင့်အတူ အဘိုးအိုလိုက်ပါလာပြီး မိုးခိုလေတော့၏။



မကြာခင်မှာပင် မိုးကြီးသည်းထန်စွာ ရွာချလေတော့ရာ အဘိုးအိုက "ကိုင်း....ဘယ့်နှယ်လဲ"ဟူသော အဓိပ္ပာယ်မျိုးရသည့်အကြည့်ဖြင့် ဒေါက်တာ ဟိန်းအောင်ကျော်တို့အား ပြုံး၍ကြည့်လေ၏။

"တယ်ဟုတ်ပါလား အဘ၊အဘတို့အရပ်ရဲ့ ရိုးရာဓလေ့က တယ်ဟန်ကျပါလား၊ မနေ့က မိုးခေါ်လိုက်တာ ဒီကနေ့ အခုန်တကယ်ကို မိုးရွာချပါလား"

ဒေါက်တာ ဟိန်းအောင်ကျော်က အံ့သြဝမ်းမြောက်စွာဖြင့် ပြောလိုက်၏။

"ဒါကြောင့် ကျုပ်ကပြောတာပေါ့၊ မောင်ရင်တို့ကို စောင့်ကြည့်ကြပါလို့ ပြောတာပေါ့"

"တကယ့်ကို ထူးဆန်းတယ်နော်"

နေခြည်နွေးကလည်း အံ့အံ့သြသြ အမူအရာဖြင့် ဝင်၍ပြောလေ၏။

"နောက်ထပ်ထူးဆန်းတာ တွေ့ရလိမ့်ဦးမယ် သမီးရေ၊ အဲဒါကတော့ မနေ့ညနေက အဘပြောတဲ့ မိမိုးကို့ မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးပဲ၊ မိုးတွေ ရွာလာပြီဆိုရင် သူမကြာခင် ဟောဒီဘုရားကုန်းတော်ပေါ်ကို ရောက်လာလိမ့်မယ်”

“တကယ်သား အဘ”

ငွေဆံပင်က စိတ်ဝင်တစားမေးလိုက်လေ၏။

“တကယ်ပေါ့ မောင်ရင်ရယ်၊ ဒါလဲ တို့အရပ်က အစဉ်အလာတစ်ခု ဖြစ်နေပါပြီ၊ မိုးခေါ်ပြီးလို့ နောက်နေ့ မိုးရွာတဲ့အချိန်မှာ မိမိုးဟာ ဟောဒီဘုရားကုန်းတော်ပေါ်ကို အမြဲတမ်းရောက်လာတယ်၊ ပြီးတော့ တောပန်းတောင်ပန်းနဲ့ ဘုရားကို ပန်းကပ်တယ်၊ အဲ...ထူးခြားတာ တစ်ခုက အခုလို မိုးတွေ သဲကြီးမဲကြီးရွာချနေတဲ့အချိန်မျိုးမှာ မိမိုးကို မိုးတစ်စက်မှ မစိုဘာတဲ့ကွယ့်”

“ခင်ဗျာ၊ မိမိုးကို မိုးမစိုဘူးဟုတ်လား အဘ”

“ဟုတ်တယ် မောင်ရင်၊ လူတွေအားလုံး မိုးကစိုရွှဲအောင် လုပ်နိုင်ပေမယ့် ဘာကြောင့်မှန်းတော့ မပြောတတ်ဘူး၊ မိမိုးကို စိုရွှဲအောင် မလုပ်နိုင်ဘူးကွယ့်”

“တကယ့်ကို အံ့ဩစရာပဲနော်”



သူတို့တစ်တွေအချီအချပြောဆိုနေကြစဉ်ဘုရားကုန်းတော်ပေါ်သို့ တောပန်းတောင်ပန်းတွေတစ်ပွေ့တစ်ပိုက်ကြီးသယ်လာသည့် မိန်းကလေးတစ်ယောက်သည် ပြုံးရွှင်ရယ်မော လျက် ရောက်လာလေတော့၏။

ထိုမိန်းကလေးသည် အစိမ်းရောင်အင်္ကျီလက်ရှည်၊ ထဘီစိမ်းနုဖြစ်ပြီး သနပ်ခါးပါးကွက်ကျား လိမ်းကျံကာ တောပန်းဖြူဖြူများ ဖွေးနေအောင် ပန်ဆင်ထားသည်ကို တွေ့ကြရလေ၏။

“အဲ...အဲဒါ အဲဒါ အဘပြောတဲ့ မိမိုးဆိုတာလားဟင်”

ငွေဆံပင်က ထိုမိန်းကလေးကို လက်ညှိုးထိုးပြရင်း မေးလိုက်၏။

“ဒီပ်တုတ်ပေါ့ မောင်ရင်လေးရယ်၊ မိမိုးဆိုတာ သူပဲပေါ့၊ တဲ...ကဲ သေသေချာချာကြည့်ကြစမ်းပါဦး၊ အခု သူမိုးရေထဲမှာ လျှောက်လာတာနော်၊ သူ့ကိုယ်ပေါ်မှာ မိုးရေစိုဘာ တွေ့ကြရဲ့လားလို့”

အဘိုးအိုက ပြောလိုက်သောအခါ သူတို့ အားလုံး၏ မျက်လုံးအစုံတို့သည် မိမိုးဆိုသော မိန်းမချောလေးဆီသို့ ရောက်ရှိသွားကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....ဟုတ်ပါရဲ့၊ မိုးတစ်စက်မှ စိုပုံမရဘူး၊ မျက်နှာက သနပ်ခါးပါးကွက်ကျားလဲ လုံးဝမပျက်သွားဘူး"

သူတို့ ပြောဆိုနေကြစဉ်မှာပင် မိန်းကလေး မိမိုးသည် ဒေါက်တာဟိန်းအောင်ကျော်တို့ရှိနေကြသည့် တန်ဆောင်း အတွင်းသို့ ရောက်ရှိလာလေ၏။

တန်ဆောင်းအတွင်း ဝင်လိုက်မှပင် သွေ့ခြောက်နေသော မိမိုး၏ခန္ဓာကိုယ်ဘို ပြက်ပြက်ထင်ထင် တွေ့ကြရလေရာ အားလုံးအံ့ဩလွန်းသောကြောင့် ကြက်သေသေ၍ နေမိကြလေ၏။

ဒေါက်တာ ဟိန်းအောင်ကျော်အနေနှင့် ဤကဲ့သို့ မြင်ကွင်းမျိုးကို တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးသကဲ့သို့ ငွေဆံပင်၊ ကြေးနီကြီး၊ ဖိုးဆိဘ်၊ မင်းမောင်နှင့် နေခြည်ငွေ့တို့အားလုံးလည်း မည်သူတစ်ဦးတစ်ယောက်မျှ မတွေ့ဖူးကြသောကြောင့် အားလုံး တအံ့တဩကြီး အံ့ဩနေကြလေတော့၏။

မိမိုးကား အဘိုးအိုပြောသည့်အတိုင်း ကျွန်းတောင်တိုင် ပန်းတောင်ကိုင် မိန်းကလေး တစ်ယောက် ဖြစ်ထိုက်သည့် မိန်းကလေး၊ မိန်းမချောလေး ဖြစ်ကြောင်းလည်း တွေ့ရ၏။



မိုးသည်းထဲတွင် ဖြတ်သန်းလာသော ဤ မိန်းမချောကလေး မိမိုးသည် အဘယ်ကြောင့် မိုးရေတစ်စက်မျှ မစိုစွတ်ရလေသနည်း၊ မည်သည့်သိပ္ပံပညာ ပေတံဖြင့် တိုင်းတာကြမည်နည်း။

ဒေါက်တာ ဟိန်းအောင်ကျော်လည်း မစဉ်းစားတတ်တော့ချေ။

ပို၍ထူးခြားနေသည်ကား မိန်းကလေးမိမိုး၏ မျက်လုံးများပင် ဖြစ်သည်။

မိမိုး၏ မျက်လုံးများသည် သာမန်ထက် ထူးခြားသည်။ တောက်လက်စူးရှသော အသွင်သဏ္ဌာန် ရှိ၏။

သို့သော်လည်း မိမိုးသည် ထို တောက်လက်စူးရှသော မျက်လုံးအစုံဖြင့် မည်သူ့ကိုမျှ စေ့စေ့ကြည့်ခြင်း မရှိချေ။ ... အရှေ့၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ရုပ်ပွား ဆင်း ...တော်မြတ်ကိုသာ ကြည်ညိုညွတ်နူးစွာ ကြည့်လျက် လက် ...တွင် ကိုင်ဆောင်လာသည့် တောပန်း တောင်ပန်းများဖြင့် ...ပ်လှူပူဇော်နေလေ၏။

ဘုရားတန်တော့လိုက် ပန်းကပ် ပူဇော်သည့် ... ...းသည် အသံနေအသံထားဖြင့် ရွတ်ဆိုပူဇော်လျက် ...။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင် ကြည်လင် ပီသသော အသံဖြင့် ဆွဲဆောင်မှုလည်း ရှိ၏။ နားထောင်၍ပင်ကောင်း၏။ အဖြတ်အတောက် အဆွဲအငင် မှန်ကန်သောကြောင့် နားဝင်ပီယံရှိလေ၏။

အတန်ကြာ၍အောင် ဘုရားဝတ်ပြု ဆုတောင်းပြီးနောက် မိမိုးသည် တန်ဆောင်းတွင်းရှိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ စောင်းကြည့်မနေတော့ဘဲ တန်ဆောင်း အတွင်းမှ တည်တည်ငြိမ်ငြိမ်ပင် ထွက်ခွာသွားလေ၏။

"ဘယ့်နှယ်လဲ မောင်ရင်၊ မိမိုးကို တွေ့လိုက်ရဲ့မဟုတ်လား၊ သူ့ကိုယ်မှာ မိုးရေ တစ်စက်မှ မစိုဘူးနော်"

အဘိုးအိုက ဒေါက်တာဟိန်းအောင်ကျော်အား ကပ်လာရင်း မေးလိုက်၏။

"ဟုတ်တယ်အဘ၊ ဘော်တော်ကိုထူးဆန်းတာပဲ"

"ဟုတ်ပါရဲ့ အဘရယ်၊ နွေးတော့ အိပ်မက်တောင် မက်နေသလိုပဲ"

နေခြည်နွေးကပါ အံ့ဩဘကြီး ဝင်၍ပြောလိုက်၏။

"အိပ်မက်မက်နေတာ မဟုတ်ပါဘူး ကလေးရယ်၊ ခုန မိမိုးကို ကလေးမတွေ့လိုက်တာ အမှန်တကယ်ပဲ တွေ့လိုက်



တာပါ၊ တစ်ခါမှ မကြုံဖူးသေးတဲ့ကလေးမတို့အဖို့ အဆန်းတကြယ် ဖြစ်နေကြပေမယ့် ဒီအရပ်သူ အရပ်သားတွေကတော့ မိမိုးအကြောင်း သိနေကြလို့ မဆန်းတော့ပါဘူး၊ တကယ်တော့ ဒါဟာ ထူးခြားဆန်းကြယ်တဲ့ ကိစ္စတစ်ခုပဲကွယ်၊ မိမိုးကို ဘာကြောင့် မိုးမစိုသလဲဆိုတဲ့အကြောင်းကိုတော့ ကျုပ်အပါအဝင် ဘယ်သူမှ မပြောနိုင်ကြဘူး"

"အဲဒါကြောင့်လောကကြီးမှာမဖြစ်သေးတာဘဲရှိတယ်၊ မဖြစ်နိုင်တာ မရှိဘူးဆိုတဲ့စကားဟာ မှန်တာပဲ"

ဒေါက်တာဟိန်းအောင်ကျော်က မှတ်ချက်ချလိုက်၏။

မိမိုး တန်ဆောင်းမှ ထွက်ခွာသွားပြီး မကြာမီမှာပင် ဒေါက်တာ ဟိန်းအောင်ကျော်တို့အဖွဲ့လည်း ခရီးဆက်ရန် ပြင်ဆင်ကြရလေတော့၏။

"အောင်ရင်တို့ကို ကျုပ် တစ်ခု မေးပါရစေ၊ စပ်စုတယ်လို့တော့ မအောက်မေ့ပါနဲ့"

"ဟုတ်ကဲ့ အဘ...မေးပါခင်ဗျာ"

ခရီးထွက်ကြရန် ပြင်ဆင်နေချိန်တွင် အဘိုးအိုက ဒေါက်တာ ဟိန်းအောင်ကျော်နားသို့ ကိုးလာပြီး ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မောင်ရင်တို့ကို ခန့်မှန်းရတာ ဒီနယ်ကလူတွေတော့ မဟုတ်တန်ရာဘူး ဟုတ်စ"

"ဟုတ်ပါတယ်အဘ၊ ကျွန်တော်တို့က ရန်ကုန်က လာကြတဲ့ သူတွေပါ၊ ကျွန်တော့်နာမည်က ဒေါက်တာ ဟိန်းအောင်ကျော်ပါ၊ အဲ....ဒေါက်တာဆိုပေမယ့် ကျွန်တော်က ဆေးကုသတဲ့ ဒေါက်တာတော့ မဟုတ်ပါဘူး၊ သမိုင်းပညာရှင် ပါရဂူဘွဲ့ ရထားသူ တစ်ယောက်ပါ၊ ပါရဂူ ဘွဲ့ကို လွယ်လွယ်နဲ့ ဒေါက်တာလို့ ခေါ်ကြတာပါပဲအဘ"

အဘိုးအိုက ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေ၏။

"သြော်.... ဟုတ်ပါပြီ ဒေါက်တာ ဟိန်းအောင်ကျော်၊ ဒေါက်တာလို ပညာရှင်တစ်ယောက်နဲ့ တွေ့ဆုံ သိကျွမ်းခွင့် ရတာ ကျုပ် အများကြီး ဝမ်းသာ ဂုဏ်ယူပါတယ်"

ပြောပြောဆိုဆို အဘိုးအိုက လက်ယာဘက် လက်တစ်ဖက် ကမ်းပေးလိုက်သောကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်ကလည်း ဆွဲယူနှုတ်ဆက်လိုက်ရ၏။

"ဆရာတို့က တကယ်ကို ရယ်ဖို့ကောင်းတာပဲ"



ငွေဆံပင်က ပြုံးလျက်ပြောလိုက်၏။

"တို့က ဘာများ ရယ်စရာစကားတွေ ပြောနေကြလို့ ပင်းက ရယ်ချင်ရတာလဲ ငွေဆံပင်ရဲ့"

ဒေါက်တာ ဟိန်းအောင်ကျော်က မျက်မှောင်ကြုတ်၍ မေးလိုက်၏။

"သြော်....ဘာမှမဟုတ်ပါဘူးဆရာ၊ ဆရာနဲ့ ဟောဒီကအဘနဲ့ မနေ့က ညနေကတည်းက တွေ့ကြပြီး အခုမှ တစ်ယောက်နဲ့ တစ်ယောက် နာမည်တွေ ဘာတွေ မေးကြမြန်းကြနဲ့ဆိုတော့ သဘောကျလို့ ပြောတာပါ ဆရာရယ်"

"ဒါက ဒီလိုရှိတယ် မောင်ငွေဆံပင်၊ မိတ်ဆွေ အပေါင်းအသင်းဆိုတာ အရိပ်အကဲကြည့်ပြီးမှ လုပ်သင့်မှ လုပ်ရတယ်ကွယ့်၊ လူတိုင်းကို မိတ်ဆွေမဖွဲ့သင့်ဘူး၊ လူ့ဗာလလို လူစားမျိုးတွေကို မိတ်ဆွေဖွဲ့မိရင် မခက်ပေဘူးလား"

"ဟုတ်ကဲ့ပါအဘ"

"မှတ်ထားကြဦး၊ နာမည်က ဦးမှတ်စုတဲ့"

"ဘာရယ်အဘ၊ အဘနာမည် ဦးမြတ်စု ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ....ဟဲ ဦးမြတ်စုမဟုတ်ပါဘူး မောင်ရင်ရယ်၊ ဦးမှတ်စုပါ"

"ဩော်....ဦးမှတ်စုတဲ့လား၊ အဘနာမည်ကအဆန်းပဲ"

ငွေဆံပင်က မှတ်ချက်ချလိုက်၏။

"ဘာဖြစ်တယ် မောင်ရင်မောင်ငွေဆံပင်၊ ကျုပ်နာမည်က ဆန်းတယ် ဟုတ်လား၊ ဟား-ဟား-ဟား-ဟား"

ဦးမှတ်စုက သဘောကျစွာ တဟားဟား ရယ်လိုက်၏။

"ဘာဖြစ်လို့ ရယ်ရတာလဲအဘ"

"ကျုပ်နာမည်ကို မောင်ရင်က ဆန်းတယ်ဆိုလို့ ရယ်မိတာလေကွယ်၊ တကယ်တော့ မှတ်စုဆိုတာ ဘယ်မှာ ဆန်းလို့လဲ၊ တကယ့်ကို ရိုးအီနေတဲ့ နာမည်မျိုးပါကွယ်၊ မှတ်စုဆိုတာ မင်းတို့ကျောင်းနေတဲ့အရွယ်ကတည်းကစပြီး ရင်းနှီးခဲ့ကြတဲ့အရာမဟုတ်လား"

"ဘာလဲအဘ၊ မှတ်စုစာအုပ်ကိုပြောတာလား အဘ"

"အေးလေကွယ်"

"ကျွန်တော်ကလဲ အဲဒါကြောင့်မဲ့ ရယ်မိတာ ပေါ့ အဘရယ်....



"အဘနာမည်မျိုးက လူနာမည် မှည့်လေ့မရှိတာဘဲ"

"မောင်ရင်တို့ ကြားဖူးနားဝ သိပ်မရှိသေးလို့ပါကွယ်၊ ရှေးတုန်းက ဒါဘို ညှိ တို့ သိုခပါ၊ ဦးမှတ်စု ဆိုတာလဲ ယ်ငယ်ကတည်းကမှတ်စုမှတ်ရာရေးတာသားတာဝါသနာ ါလွန်းလို့ လူကြီးတွေက မှတ်စုမှတ်စုနဲ့ ခေါ်ရာက တွင်ားတာခလ"

"ဘာပဲဖြစ်ဖြစ်ကောင်းပါတယ်အဘ၊ ဒီနာမည်ကို ကျွန်ာ်တော့ သဘောကျတယ်၊ မှတ်စုမှတ်ရာ ဝါသနာပါတဲ့ ာမှတ်စုနဲ့ သိရကျွမ်းရတာ ကျွန်တော်လဲဝမ်းသာဂုဏ်ယူါတယ်"

ခေါက်တာဟိန်းအောင်ဘျော်က ပြုံးရွှင်လျက် ပြောာ်၏။

"မိတ်ဆွေဖွဲ့တယ်ဆိုလို့ သတိရတုန်းပြောရဦးမယ်၊ကျုပ် မှတ်စု မှတ်ရာ ဝါသနာပါလို့လားတော့ မဆိုနိုင်ဘူး၊ ရှေးဆိုရင် မှတ်စုတွေက ခေါင်းထဲ ရောက်ရောက်လာင်"

"ဟုတ်ကဲ့၊ ပြောပါဦး အဘ"

"မိတ်ဆွေကောင်းဘာဖြစ်ကြောင်း ကျင့်ဆောင်ရမယ့် ကျ ်က ခုနစ်ချက်ရှိတယ်ကွယ့်၊ တစ်က.... ပေးနိုင်ခွင့်သော

www.burmeseclassic.com

www.burmeseclassic.com



အရာကို ပေးရမယ်၊ နှစ်က... ဖြူနိုင်စွမ်းသော ဝတ္ထုရားကို ဖြူစုရမယ်၊ သုံးက....သည်းခံနိုင်စွမ်း ရှိရတယ်၊ လေးက.... ထိမ်ချန်လျှို့ဝှက်အပ်တဲ့ အမှုကိစ္စကို ဘယ်သူမှမသိအောင် စောင့်စည်းရမယ်၊ ငါးက....လျှို့ဝှက်ရမယ့်အမှုကို လျှို့ဝှက်ဖို့ပြောကြားရမယ်၊ ခြောက်က....ဘေးရန် ကြုံတွေ့တဲ့အခါ တစ်ကိုယ်ကောင်းဆန်ဆန် မထွက်ပြေးရဘူး၊ ခုနစ်က ဆင်းရဲပေမယ့် အခေါ်အပြော မပျက်ရှိရမယ်၊ ဒီခုနစ်ချက်နဲ့ပြည့်စုံမှ မိတ်ဆွေကောင်းလို့ ခေါ်တယ်၊ ကိုယ်ကလဲ သူတစ်ပါးအပေါ် အဲဒီအချက် ခုနစ်ချက်နဲ့ ပြည့်စုံအောင် ကျင့်ကြံမှ ကိုယ်တိုင်လဲ မိတ်ဆွေကောင်းတစ်ယောက်ဖြစ်လာနိုင်တယ်"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"နောက်တစ်ခု မောင်တို့တစ်တွေ သတိထားကြရမှာက အပေါင်းအသင်းမိတ်ဆွေထားတယ်ဆိုတဲ့နေရာမှာ သူတော်ကောင်း၊ သူယုတ်မာ၊ သီလရှိသူ၊ သီလမရှိသူ စတဲ့ သူတွေကို ပေါင်းသင်းဆက် ဆံတဲ့အခါမှာအဲဒီလူတွေရဲ့အမူအကျင့် စရိုက်တွေဟာ ပေါင်းသင်းတဲ့လူကိုလဲ ကူးကူနိုလေ့ရှိကြတယ်ကွယ့်၊ ငါးပုပ်ကို ဖက်နဲ့ထုပ်တဲ့အခါ အဲဒီထုပ်တဲ့ဖက်မှာ အပုပ်နံ့ နံသလိုပဲ လူမိုက်နဲ့ ပေါင်းဖော်တဲ့လူကလဲ လူမိုက်ဖြစ်လာရတယ်၊ မွှေးတဲ့တောင်ဇလပ်ပန်းကို ဖက်နဲ့



ထုပ်တဲ့အခါ အဲဒီဖက်ဟာလဲ အမွှေးနံ့သင်းပျံ့သလိုပဲ လူလိမ္မာနဲ့ပေါင်းဖော်တဲ့ သူကလဲ လူလိမ္မာ ဖြစ်လာရတယ်"

"ဟုတ်ကဲ့ပါ အဘ မှတ်စု"

ကြေးနီကြီးက ဝင်ထောက်ပေးလိုက်၏။

"မကောင်းမှုကို ကိုယ်က မပြုလုပ်ပေမယ့် မကောင်းမှုပြုသူနဲ့ ပေါင်းဖော်ခဲ့လို့ရှိရင် ကိုယ့်ကိုလဲ မကောင်းမှုပြုသူဖြစ်လေမလားလို့ အထင်မှားခံရတတ်တယ်၊ မကောင်းသတင်းကျော်စောမှုတွေလဲ ကိုယ့်ဆီ ရောက်လာတတ်တယ်၊ အဆိပ်လူးသားတဲ့ မြားဟာ အဆိပ် မလူးရသေးတဲ့ မြားကို မြားဆိပ်တွေလိမ်းကျံကူးစက်သလိုပဲ လူယုတ်မာဟာလဲ သူနဲ့ပေါင်းဖော်တဲ့ သူတော်ကောင်းကို ယုတ်မာမှုတွေနဲ့ လိမ်းကျံကူးစက်တတ်တယ်"

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ပြောလက်စနဲ့ ဆက်ပြီး ပြောလိုက်ရဦးမယ် ဒေါက်တာ၊ မိကျောင်းခေါင်း ရေကင်းပြုတယ်တော့ မမှတ်ပါနဲ့ဗျာ...."

"ခြော်...ဟုတ်ကဲ့အဘ၊ ဆုံးမစရာရှိတာ ဆုံးမပါ၊ ကျွန်တော်တို့က လူငယ်တွေပါ၊ အတွေ့အကြုံရင့်ကျက်တဲ့ အဘရဲ့ အဆုံးအမကို ခံယူဖို့အသင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတာက ကိုယ့်ထက် သီလ စတဲ့အချက်နှိမ့်က တဲ့သူတွေနဲ့ ပေါင်းဖော်လေ့ ရှိတဲ့သူတာ ဆုတ်ယုတ်တတ်ပါ တယ်၊ ကိုယ်နဲ့ သီလ တူမျှတဲ့ပုဂ္ဂိုလ်နဲ့ ပေါင်းသင်းရင်တော့ မဆုတ်ယုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်ထက် သီလ စတဲ့မြင့်မြတ် တဲ့သူကို ဆည်းကပ်သူကတော့ အကောင်းဆုံးပါပဲ၊ ဘာဖြစ် လို့လဲဆိုတော့ ကိုယ့်ထက်သီလမြင့်တဲ့သူကို ပေါင်းသင်းတဲ့ အတွက် မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပေါ် လာကြလိမ့်မယ်၊ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားတွေလဲ ဆုတ်ယုတ်သွားကြလိမ့်မယ်ကွယ်"

"တကယ့်တန်ဖိုးရှိတဲ့ စကားပါပဲ အဘဦးမှတ်စုရယ်"

"ကဲ...ကဲ...ကျုပ် စကားပြောကောင်းနေတာနဲ့ မော ရင်တို့ ခရီးဆက်ဖို့ အချိန်ဖင့်နေးနေလိမ့်မယ်"

"ဒါနဲ့ နေပါဦး၊ အဘကကော ဘယ်ကို ခရီးဆ မှာလဲ"

"မောင်ရင်တို့သွားမယ့်ဘက်ကိုပါပဲကွယ်၊ အဲဒီတော ကြောတစ်ဝိုက်မှာ ဂမုန်းပင်တွေလဲ ရှိနေကြတယ်လေ၊ ကျု က ဂမုန်းတစ်ထောင်ပြည့်အောင် စုနေတယ်ဒေါက်တာရဲ့"

"ဪ....ဟုတ်လားအဘ၊ ဒါဆိုရင် ကျွန်တော်တို့အဖွဲ့ အတူလိုက်ရင် အဘအတွက် အဖော်ရတာပေါ့၊ ကျွန်တေ



တို့အဖွဲ့ကလဲ အဘနဲ့ အတူသွားရတဲ့အတွက် အကျိုးပိုရှိ တာပေါ့ အဘရယ်"

"ကောင်းပါလေ့ဗျာ.... ကောင်းပါလေ့"

ဤသို့ဖြင့် ဒေါက်တာ ဟိန်းအောင်ကျော်တို့ အဖွဲ့ထဲတွင် ဦးမှတ်စုဟု ခေါ်သော လွန်စွာ စာတိုပေစ စုဆောင်း မှတ် သားလေ့ရှိသည့် အဘိုးကြီးတစ်ယောက် တိုးလာခဲ့လေ တော့၏။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

### ဒေါ်ဖဲနှင့် ငှက်ပျောသီး

ဦးမှတ်စုသည် အသက်ကြီးသလောက် လမ်းလျှောက်ရာတွင် ခြေမြန်လက်မြန် ရှိလေ၏။ ဒေါက်တာဟိန်းအောင်ကျော်တို့ထက်နောက်မကျဘဲ များသောအားဖြင့် ဦးမှတ်စုသည် ရှေ့ဆုံးမှ လျှောက်လေ့ရှိ၏။ လမ်းသွားရင်းလည်း ဆုံးမစကားများ တတွတ်တွတ်ပြောသွားသောကြောင့် သူတို့အဖွဲ့သည် ယခင်ကထက်ပို၍ စိုပြည်နေတော့၏။

"လောကမှာ တစ္ဆေသရဲတွေရှိနေကြတယ်ဆိုတာ အဘ ယုံကြည်သလား ဟင်"



လမ်းခရီးတွင် ကြေးနီကြီးက ဦးမှတ်စုနားကပ်၍ မေးလိုက်ရာ....

ဦးမှတ်စုက ခေါင်းဆတ်ညိတ်၏။

"မောင်ရင်တို့လူငယ်တွေကတော့ တစ္ဆေသရဲ ရှိတယ်ဆိုတာ ဘယ်ယုံချင်ကြမလဲ၊ တစ်နည်းအားဖြင့် မယုံတာလဲ ကောင်းပါတယ်၊ ဘာလို့လဲဆိုတော့ သူတို့ကို သိပ်ပြီးဂရုမစိုက်ကြတော့ဘူးပေါ့၊ ဒါပေမယ့် အမှန်တကယ် ပရလောကဆိုတာ ရှိနေတယ်၊ သုံးဆယ့်သုံးဘုံကို ယုံကြည်တယ်ဆိုရင် ဒီနာမ်လောကကိုလဲ ယုံကြရမယ်ကွယ့်၊ ယုံတာကသတ်သတ်၊ ကြောက်တာလန့်တာ ကသတ်သတ်ပဲ၊ သူတို့ရှိနေကြပေမယ့် ကျုပ်တို့လူသားတွေအနေနဲ့ တစ္ဆေသရဲဆိုတာကို လုံးဝ ကြောက်ရွံ့စရာမလိုဘူးကွယ်၊ သူတို့ခမျာ ကောင်းမွန်တဲ့ ဘဝတစ်ခုခုကို မကူးပြောင်းနိုင်ကြသေးလို့ နာနာဘာဝ ဘဝမှာ နေနေကြရတာ မဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"တစ္ဆေသရဲ ရှိ မရှိဆိုတဲ့ကိစ္စကို အငြင်းပွား[illegible]
တော့ မင်းကြီးမဟာဗေဒယျာဘွဲ့ခံ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရေးသားစီရင်တဲ့ ဇေတ္တဒီပနီကျမ်းကို လေ့လာကြည့်သင့်တယ်ကွယ့်"

"ဇေတ္တဒီပနီ ဟုတ်လား အဘ"

"ဟုတ်ပ.... ဒေါက်တာရယ်၊ အဲဒီ ကျမ်းထဲမှာ ပါတဲ့ အကြောင်းတချို့ ပြောပြရမယ်ဆိုရင် သက္ကရာဇ် ၄၅၅-ခုနှစ်မှာ ကျန်စစ်သားမင်းဟာ နန်းတော် ပြာသာဒ်အဖျားမှာ ဘီလူးတစ္ဆေသုံးကောင် ကိုယ်ထင်ပြခဲ့တဲ့ အကြောင်းလဲပါတယ်ကွယ့်၊ ပြီးတော့ သက္ကရာဇ် ၂၃၈-ခုနှစ်မှာ စလေငခွေးဟာ နန်းရင်ပြင်ထဲမှာ ထန်းငင်ပမာဏရှိတဲ့ ဘီလူးကြီးတစ်ကောင် ကိုယ်ထင်ပြလာတာ မြင်ဖူးတဲ့အကြောင်းလဲ ပါတယ်"

"ရှေးက မှတ်တမ်းတွေ တိတိကျကျရေးခဲ့တာပဲနော်"

ကြေးနီကြီးက ပြောလိုက်သည်။

"ဟုတ်တယ် မောင်ကြေးနီ၊ ဒါကြောင့် စာပေမနှံ့စပ်သေးဘဲ ဟိုဟာမရှိနိုင်ဘူး၊ ဒီဟာ မဟုတ်နိုင်ဘူးဆိုပြီး အကြောက်အကန်ငြင်းချက် မထုတ်သင့်ဘူးကွယ့်၊ ဘယ်အရာမဆို မဖြစ်နိုင်ဘူးဆိုတာမရှိဘူး၊ အရာအားလုံးဟာ ဖြစ်နိုင်တာတွေချည်းပဲ"



"ဒါဆိုရင် ဟိုနေ့က ဝါးလုံးကို မြင်းလိုလုပ်စီးပြီး မိုးခေါ်တာဟာ အစီအရင်ရှိသလား၊ တိုက်ဆိုင်လို့ ရွာတာလား"

ကြေးနီကြီးက မေးခွန်းထပ်ထုတ်လိုက်ပြန်၏။

"ဒါကိုတော့ မောင်ရင်ကိုယ်တိုင်ပဲ စဉ်းစားကြည့်ပါလား မောင်ရင်ရယ်၊ တိုက်ဆိုင်တယ်ဆိုရင်လဲ တစ်နှစ်ပေါ့၊ နှစ်တိုင်း အခုလိုမိုးခေါ်တိုင်း ဒုလို ရွာရွာချတာကျတော့ ကော မောင်ရင်ဘယ်လို ယူဆမလဲ၊ တိုက်ဆိုင်တာလို့ ပြောမှာလား"

ကြေးနီကြီး ခေါင်းကုတ်သွား၏။

"အင်း....ကျွန်တော်လဲ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး အဘရယ်"

ဦးမှတ်စုက ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။

"လောကကြီးဟာ ဆန်းကြယ်တယ်မောင်ရင်၊ [illegible] တယ်၊ မာ[illegible]ဗိုက်ဘာတယ် ဆိုတဲ့ဟာမျိုးကျတော့ [illegible] ဦးနှောက်နဲ့ ဝေဖန်လို့မရဘူး၊ ဓာတ်ပညာဟာ [illegible] ရှိတယ်၊ မိုးခေါ်လို့ မိုးရွာတာမျိုးတွေဟာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



နားလည်တဲ့လူတွေ လုပ်နိုင်ကြအောင်ပဲကွယ်၊ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တော်မှာ ဓာတ်ဆရာ ဆရာပိုဆိုတာ ရှိတယ်ကွယ့်”

ဦးမှတ်စု၏စကားကြောင့် သူတို့အားလုံး စိတ်ဝင်စားသွားမိကြပြီး လမ်းလျှောက်ရင်း နားစွင့် ထောင်ကြ၏။

တောလမ်းခရီး ဖြစ်သောကြောင့် ဦးမှတ်စု၏ အောင်မြင်သောအသံသည် ကောင်းမွန်စွာ ကြားနေရ၏။ သူတို့ခရီးသွားတစ်စု၏ သစ်ရွက်ခြောက်များ ပေါ်တွင် နင်း၍ လျှောက်သံများ တဖြောက်ဖြောက် ထွက်ပေါ်နေသော်လည်း ဦးမှတ်စု၏ စကားသံကို မဖုံးကွယ်နိုင်ချေ။

“ဟုတ်ကဲ့....ပြောပါဦးအဘ”

ဦးမှတ်စုက ခေတ္တဆိုင်းငံ့နေသောကြောင့် စိတ်ဝင်စားနေပြီဖြစ်သော ကြေးနီကြီးသည် စကားထောက်လိုက်လေသည်။

“အဲ....အဲဒီလို မင်းတုန်းမင်းကြီး လက်ထက်တော်ကာလမှာ ဓာတ်ဆရာ ဆရာပိုရှိနေသလို အင်းချက်ထည်းမှာပဲ ကဝေသည် ဒေါ်ဖဲဆိုတာလဲ ရှိနေတယ်ကွယ့်”



“ကဝေသည်ဟုတ်လား အဘ”

“ဟုတ်တယ်၊ ဘာဖြစ်လို့လဲ”

“အဲဒီခေတ်မှာ ကဝေသည်က လူသိရှင်ကြား နေခွင့်ရှိလို့လား အဘ”

“သူကလဲ လောကီပညာသည် တစ်ယောက် ပဲကွယ့်၊ ကဝေသည် ဒေါ်ဖဲက မင်းညီမင်းသားတွေရဲ့ အချစ်တော်ဆိုပဲ၊ ဒီအဘွားကြီးက မင်းတို့လိုအရွယ်တွေ သဘောကျတဲ့ ပီယဆေးဖော်တဲ့နေရာမှာ ထိပ်တန်းမဟုတ်လား၊ ဒီတော့ မင်းညီမင်းသားတွေက ဒေါ်ဖဲကို ဆည်းကပ်ကြတာပေါ့၊ ဒေါ်ဖဲက မျှတ်နှာတော်တော် ပွင့်ခဲ့တာပေါ့ကွယ်”

“ဟုတ်ကဲ့၊ ပြောပါဦး”

“ဒေါ်ဖဲက ကဝေပညာမှာနာမည်ကြီးသလို ဓာတ်ဆရာ ဆရာပိုကလဲ ဓာတ်ဖက်ပြီး ဆေးကုတဲ့နေရာမှာ နှစ်ယောက်မရှိအောင် တော်တယ်လေ၊ ဒါကြောင့် အဲဒီအချိန်မှာ သူတို့နှစ်ယောက်စလုံးဟာ အပြိုင်အဆိုင် နာမည်ကြီးနေခဲ့ကြတာပေါ့၊ တစ်နေ့တော့ မင်းတုန်းမင်းကြီး စိတ်ကူးရတာနဲ့ ဓာတ်ဆရာ ဆရာပိုနဲ့ ကဝေသည် ဒေါ်ဖဲတို့ လေးတော်ပွဲချင်း ယှဉ်ပြိုင်ကြတဲ့ပွဲတစ်ပွဲ စီရင်စေတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်ပွဲ လုပ်ပေးတာပေါ့နော်"

"ဟုတ်တယ်၊ သူတို့နှစ်ယောက်ပညာ ဘယ်သူသာမလဲ သိချင်တာနဲ့ နန်းရင်ပြင်မှာ ပညာပြိုင်စေခဲ့တယ်၊ လူတွေ တအားစိတ်ဝင်စားတဲ့ ပွဲကြီးပွဲကောင်းတစ်ခုပေါ့၊ ကဝေသည် ဒေါ်ဖဲနဲ့ ခေတ်ဆရာ ဆရာပိုတို့ ပညာပြိုင်မယ်ဆိုတာ သိကြရတဲ့ ပရိသတ်တွေဟာ ဖွေးဖွေးလှုပ် ရောက်လာကြတာပေါ့"

"တော်တော်စိတ်ဝင်စားစရာ ကောင်းမယ့် ပြိုင်ပွဲတစ်ခုပဲ၊ ကျွန်တော်သာ အဲဒီအချိန်မှာ ရှိနေရင်လဲ ဒီပြိုင်ပွဲကို မလွတ်တမ်း သွားတိုးကြည့်မှာ သေချာတယ်"

ငွေဆံပင်က ဝင်ပြီး မှတ်ချက်ချလိုက်၏။

"ဟုတ်တယ်၊ အဲဒီအချိန်မှာ မောင်ငွေဆံပင်တို့လို စိတ်ဝင်စားတဲ့လူက တစ်မြို့လုံးပဲလေ၊ အဲဒါနဲ့ ပြိုင်ပွဲဝင်ရမယ့် အချိန် ရောက်လာတယ်၊ နန်းရင်ပြင်မှာ ဆရာပိုနဲ့ဒေါ်ဖဲ ခပ်လှမ်းလှမ်းမှာ မျက်နှာချင်းဆိုင် အနေအထားမှာရင်ဆိုင် တွေ့ကြတယ်၊ ဆရာပိုက အင်း၊ အိုင်၊ ခါးလှည့် လက်ဖွဲ့ မန္တရားတွေဘာတွေ တစ်ခုမှ ဆောင်မလာခဲ့ဘူး၊ ဒါပေမယ့် ဆရာပိုဟာ ဒေါ်ဖဲရဲ့ ပညာချက်တွေကို ခံနိုင်ရည်



ရှိအောင် ထောပတ်၊ နွားနို့စတဲ့ ပထဝီခေတ် ခိုင်ခံ့စေတဲ့ အစားအသောက်တွေကို ကြိုတင်ပြီး စားသောက်လာတယ် လို့ဆိုတယ်၊ သူက ခေတ်သဘောကိုသာ ယုံကြည်တဲ့သူကိုး"

အဖွဲ့သားအားလုံးသည် ဦးမှတ်စု၏ စကားပေါ်၌သာ အာရုံရောက်နေကြသဖြင့် အချင်းချင်း စကားပြောခြင်းကို ရပ်ဆိုင်းထားကြသောကြောင့် ဦးမှတ်စု စကားဖြတ်လိုက်သည်နှင့် တစ်မတာလုံး တိတ်ဆိတ်သွားလေသည်။

ငှက်ကလေးများအသံသာ ကြားနေကြရသည်။

"တကယ့်တကယ် အဲဒီအချိန်တုန်းက အခြေအနေမှန်ကို ပြောရမယ်ဆိုရင်ခေတ်ဆရာ ဆရာပိုဟာပညာလဲတတ်တယ်၊ ပညာတတ်သလောက်လဲ စကားအပြောအဆို ကြမ်းတမ်းတယ်၊ အဲဒါကြောင့်လဲ လူအများစုက ခေတ်ဆရာ ဆရာပိုကို အမြင်ကတ်ကြတယ်၊ နိုင်ခြင်းနိုင်ရင် ကဝေသည်ဒေါ်ဖဲကိုပဲ နိုင်စေချင်ကြတဲ့ သူတွေများတယ်၊ ဆရာပိုဘက်က နိုင်စေ ချင်တဲ့သူ သိပ်ပြီး မရှိလှဘူး"

"နောက်တော့ကော အဘ"

ကြေးနီကြီးက စိတ်ဝင်စားစွာဖြင့် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ကြေးနီ၊ မင်းကလဲကွာ အဲဒီလိုပြောနေတာကို သေသေချာချာ နားထောင်နေစမ်းပါကွ၊ အနှောင့်အယှက်မပေးစမ်းပါနဲ့"

ငွေဆံပင်ကဝင်ပြီး ဟန့်လိုက်ရာ ဦးမှတ်စုကမှ သူပြောလက်စစကားကို ဆက်ပြောသည်။

"နောက်တော့....ကဝေသည် ဒေါ်ဖဲက အရင်စပြီး စိန်ခေါ်တယ်လေ၊ ကိုင်း....ဆရာပို၊ ရှင်အရင်လိုသလား၊ ကျုပ်က ပထမ စရမလား၊ သတိမြဲမြဲထားနော်ဆိုပြီး ပြောလိုက်တယ်၊ ဒီတော့ ဆရာပိုကလဲ မင်းကအရင် ကဝေတို့လက်စွမ်းကို အသက်တန်းကျကျ လုပ်ပါတော့ကွာဆိုပြီး ပြောလိုက်တယ်၊ ဒါနဲ့ပဲဆိုပါတော့၊ ကဝေသည် ဒေါ်ဖဲ့ကစပြီး ခေတ်ဆရာ ဗုန်းဗုန်း လဲကျသွားအောင် လုပ်မယ်လို့ ကြိမ်းဝါးပြီး သူတတ်တဲ့ ကဝေပညာ အမျိုးမျိုးနဲ့ တိုက်ခိုက်တော့တာပဲ"

"ဆရာပိုက ခံနိုင်ရဲ့လား အဘ"

"ခံနိုင်တယ်ကွယ့်၊ ကဝေသည် ဒေါ်ဖဲက ကဝေတို့ တတ်အပ်တဲ့ပညာနဲ့ ချွေးဒီးဒီးကျလာအောင် လုပ်ပေမယ့် ခေတ်ဆရာ ဆရာပိုကလုံးဝကျဆုံးမသွားခဲ့ဘူးဆိုပဲ ကဝေသည်



ဒေါ်ဖဲက လုပ်လေ သူကပြုံးလေ ဖြစ်လာတာနဲ့ နောက်ဆုံးမှာ ဒေါ်ဖဲ လက်လျှော့လိုက်ရတယ်ဆိုပဲ"

"ဒါဆို ခေတ်ဆရာ ဆရာပိုအလှည့်ပေါ့"

"ဟုတ်တယ် ကြေးနီကြီး၊ ဆရာပိုအလှည့်ကျတော့ ဆရာပိုက ဘာမှမလုပ်ပါဘူး၊ ရေစိမ်ထားတဲ့ ဖိုးကြမ်း ငှက်ပျောသီး တစ်လုံးကိုပဲ ဒေါ်ဖဲကို စားခိုင်းလိုက်တာပေါ့"

"ဒေါ်ဖဲက စားသလား"

"မစားလို့ ဘယ်ဖြစ်မလဲ ကြေးနီကြီးရဲ့၊ မစားရင် သူက အရှုံးပေးရာ ကျသွားမှာပေါ့၊ ဒေါ်ဖဲက ဥပါဒါန် စွဲကပ်နေတဲ့သူဆိုတော့ ဆရာပိုပေးတဲ့ ငှက်ပျောသီးကို ယူစားလိုက်တဲ့အခါ မျိုလို့မကျဘဲ လည်ချောင်းမှာ တစ်ဆို့ကြီးဖြစ်နေသတဲ့၊ အဲဒီအခါ ဒေါ်ဖဲဟာ မျက်လုံးကြီးပြူးထွက်လာပြီး သေမှာကို အတော်လေး ကြောက်သွားရှာသတဲ့၊ အဲသလို ကြောက်တာနဲ့ပဲ ဆရာပိုကို အရှုံးပေးလိုက်ရတော့တာပေါ့၊ အရှုံးပေးပါပြီဆိုတော့မှ ဆရာပိုလဲ ဒေါ်ဖဲကို ဘားနည်းနည်း ကျွေးလိုက်တယ်၊ ဒီတော့မှ နေသာသွားရှာသတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်တော်လေး အံ့သြစရာ ကောင်းတာပဲနော်အဘ၊ အစားတစ်ခုဘည်းနဲ့လူကို သေလောက်အောင် လုပ်နိုင်တယ် နော်"

"ဒါပေါ့၊ ဒါကြောင့်လဲ အဲဒီပြိုင်ပွဲကြီး ပြီးတဲ့အခါ မင်းတုန်းမင်းကြီးဟာ မှူးမတ်တွေကိုခေါ်ပြီး အစားအသာ စားတဲ့အခါမှာ ဆတီထားပြီးစားသောက်သင့်တဲ့အကြောင်း ပြောဆိုဆွေးနွေးခဲ့သတဲ့"

"အဘ ပြောပြတာ တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ်နော်၊ ဖီးကြမ်းငှက်ပျောသီးလို အစာမျိုးဟာ လူတိုင်းနဲ့ ခတ်တည့်တဲ့ အစာလို့ပြောရင် ရတဲ့ဟာတောင် ဒေါ်ပဲ အတွက်ကျတော့ မျက်ဖြူဆိုက်ရတဲ့ အစာဖြစ်သွားတယ် နော်"

"ဒါပေါ့ ကြေးနီကြီးရဲ့၊ လူတစ်ယောက်နဲ့ တည့်ပေမယ့် နောက်တစ်ယောက်နဲ့ မတည့်တဲ့ အစာတွေက တစ်ပုံကြီး ရှိနေတာပဲ"

ဦးမှတ်စုက ပြောလိုက်၏။

ဤသို့ဖြင့် ညနေစောင်းသွားခဲ့ပြန်၏။ ထိုအခါ ရှေ့ဆက် သွားရန် မသင့်တော့သဖြင့် နေရာသိုင်ခင်းကောင်းရာ တစ်



နေရာကို ရွေးချယ်လျက် သူတို့အုပ်စု စခန်းချရန် ပြင်ဆင် ရလေတော့၏။

မိုးချုပ်စပြုလာသောအခါ ဖိုးဆိတ်ကသင်းခြောက်များ ရှာဖွေကာ ငွေဆံပင်ကြီးက မီးမွှေးလေသည်။

ဒေါက်တာဟိန်းအောင်ကျော်နှင့် မင်းမောင်တို့က မီးဖို အလင်းရောင်တွင် မြေပုံကို ဖြန့်ကြည့်ကာ ရှေ့ဆက်ရမည့် ခရီးကို တွက်ဆကြလေသည်။

ပုရပိုက်သုံးခုကိုဆက်လျက် မြေပုံတစ်ခုကို ကူးယူရေးဆွဲ ကြသောကြောင့် တောလမ်းခရီးတွင် မကြာခဏ ဖြန့်ကြည့် နိုင် လွယ်ကူလေ၏။

"မကြာခင်မှာတော့ ကျွန်တော်တို့ ရှာနေတဲ့ကျောက်ဂူ ဝန်းနေရာကိုရောက်တော့မှာ သေချာတယ် ဒေါက်တာ"

မင်းမောင်က မြေပုံကို သေသေချာချာ စူးစမ်းရင်းပြော လိုက်၏။

"ဟုတ်တယ် မင်းမောင်၊ မကြာခင် ရောက်သွားရမှာ ပေမယ့် တောအိခုရာကို သေသေချာချာကြည့်ဖို့ နေရာရောက်ရင် အခက်အခဲတွေ ရှိနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဟိန်းအောင်ကျော်က မြေပုံ၏ တစ်နေရာကို ထောက်ပြီး ပြောလိုက်၏။

"ဒီနေရာက ချောက်ကမ်းပါးကြီးနဲ့တူတယ်ဒေါက်တာ"

"သေချာတာပေါ့ မင်းဆောင်၊ ဒီချောက်ကမ်းပါးကြီးက အနည်းဆုံး ပေသုံးသယ်လောက် ကျယ်နိုင်တယ်၊ အေးလေ ဘာပဲဖြစ်ဖြစ် အဲဒီနေရာရောက်မှပဲ မီးစဉ်ကြည့်ပြီး ကကြတာပေါ့"

"ဟုတ်တာပေါ့ ဆရာရှယ်"

ဤသို့ဖြင့် ညသည် တဖြည်းဖြည်း နက်လာသော ကိုယ့်နေရာနှင့်ကိုယ် အနားယူအိပ်စက်ကြလေတော့၏။

ငွေဆံပင်၊ ကြေးနီကြီးနှင့် ဒေါက်တာ ဟိန်းအောင်ကျော်တို့သည် အလှည့်ကျ ကင်းစောင့်တာဝန်ယူကြ၏။

ဦးမှတ်စုကမူ မအိပ်ခင် ဘုရားရှိခိုးစာများကို အရှည်ကြီး ရွယ်ဖတ်သရဇ္ဈာယ်လေ၏။

ပြီးလျှင် ပုတီးစိပ်လေ၏၊ ပြီးလျှင် အမျှအတန်းကိုလည်း အကြာကြီး ဝေလေ၏၊ တောစောင့်နတ်၊ တောင်စောင့်နတ်



များမှ စတင်ကာ စသုန္ဒြေမြေစောင့်နတ်မင်းအထိ အမျှအတန်း ဝေခြင်းဖြစ်ရာ ဦးမှတ်စုအသံကို နားထောင်ရသည်မှာ အားရှိစရာ ကောင်းလေ၏။

ဤသို့ဖြင့် တင်ညတာ ကုန်ဆုံးသွားလေတော့၏။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### အိမ်ခြားထိုင်အစ်ပင်

နောက်တစ်နေ့ မှနက်မိုးလင်း၊ ကျွဲရိုးသက်လွှက်ကြ သောအခါ အတော်ကလေးသွားမိသည်နှင့် ဦးနှုတ်စုက လမ်းခွဲကလေးတစ်ခုကြွင်းလမ်းခွဲရန် ပြောလေ၏။

"ဘာဖြစ်တယ် အဘ၊ ဒီလမ်းက အဘ တစ် ယောက် တည်း ခွဲထွက်သွားတော့မယ်ဟုတ်လား၊ ဖြစ်ပါ့မလားအဘ ရယ်၊ တစ်ယောက်တည်းဆိုတော့"

ငွေဆံပင်က စိုးရိမ်စကားပြောလေ၏။



"ကျုပ်တစ်ယောက်တည်းမို့ မောင်ငွေဆံပင်က စိုးရိမ် တယ်ပေါ့"

"ဟုတ်တယ်လေ အဘရဲ့၊ လမ်းခရီးမှာ တစ်ခုခုဖြစ်ရင် မခက်ဘူးလား"

"တစ်ခုခုဖြစ်ရင်ဟုတ်လား"

"ဟုတ်တဲ့"

"လူတိုင်းဘာ နေ့စဉ် တစ်ခုခုတော့ ဖြစ်နေကြတာပါပဲ မောင်ငွေဆံပင်ရယ်၊ ပြီးတော့တစ်ယောက်တည်းဆိုပြီးတော့ လဲ ဘာမှကြောက်စရာမလိုပါဘူး၊ မွေးလာကတည်းက တစ် ယောက်တည်းပဲ မွေးလာကြတာ မဟုတ်လား၊ အဲ....တချို့ အမြွှာပူးလေးတွေတော့ ခဲခဲယဉ်းယဉ်းနှစ်ယောက်တွဲပြီးမွေး လာတာမျိုးတော့ရှိသပေါ့ကွယ်၊ဒါပေမယ့် အဲဒီနှစ်ယောက် ကလဲ ထံဇာတာတစ်မျိုးစီဖြစ်ကြတာပါပဲ၊တစ်နေ့တည်းမှာ အတူတူမွေးလာကြပေမယ့်လဲ သေတဲ့နေ့ကျရင်တော့ တစ် နေ့တည်း ဖြစ်မနေကြပုါဘူး"

"ဒါတော့ဒါပေါ့အဘရယ်၊ကျွန်တော်က [illegible] စိုးရိမ်လို့ ပြောတာပါ၊ တောထဲမှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေလဲ ပေါလေတော့ လူအုပ်နဲ့ သွားတာဟာ တစ်ယောက်တည်း သွားတာထက်တော့ အန္တရာယ်ဝေးတာပေါ့ မဟုတ်ဘူးလား"

ငွေဆံပင်က ထပ်တွန့်တက်လိုက်ပြန်၏။

"သားကောင်တွေရဲ့ အန္တရာယ်အတွက်တော့ မပူပါနဲ့ မောင်ရင်ရယ်၊ ကျုပ်က သတ္တဝါတွေ အားလုံးကို မေတ္တာထားတဲ့လူတစ်ယောက်ဆိုတော့ သတ္တဝါတွေကလဲ ကျုပ်ကို အန္တရာယ်မပေးနိုင်ပါဘူး၊ စိတ်ချပါ မောင်ငွေဆံပင်"

"ဒါဆိုရင်လဲ ပြီးတာပါပဲ အဘရယ်"

ဤသို့ဖြင့် ဦးမှတ်စုသည် ဒေါက်တာဟိန်းအောင်ကျော်တို့အဖွဲ့ကို နှုတ်ဆက်လေ၏။

"ကျုပ်က ဒီနေရာက လမ်းမခွဲရင်မဖြစ်ဘူး၊ လမ်းခွဲသွားမှ ကျုပ်လိုချင်တဲ့ ဂမုန်းတောကို ရောက်မှာကွယ့်၊ မောင်ရင်တို့လဲ မောင်ရင်တို့ရဲ့ ဦးတည်ချက်ကို ဖျောက်လို့ မရသလို ကျုပ်ကလဲ ကျုပ်ရည်ရွယ်ထားတဲ့နေရာကိုတော့ ရောက်အောင် သွားရမှာပဲပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်အဘ၊ ကျွန်တော်ကတော့ အဘကို ဘာမှ မဖြစ်နိုင်ဘူးလို့ ယုံကြည်ပါတယ်၊ အဘရည်ရွယ်ထားတဲ့



ဂမုန်းပေါင်းတစ်သောင်းကိုလဲ ပြည့်အောင် စုဆောင်းနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ဒေါက်တာ ဟိန်းအောင်ကျော်က ပြောလိုက်ရာ ဦးမှတ်စုက အမိပ္ပာယ်ပါပါ ပြုံးလိုက်ပြီး ခေါင်း ညိတ်လိုက် လေသည်။

"ကိုင်း....အားလုံးပဲ ကျုပ်သွားတော့မယ်၊ မင်းတို့ရည်ရွယ်တဲ့ ခရီးလဲ အောင်အောင်မြင်မြင် ရောက်ရှိနိုင်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်၊ ဒါပေမယ့် တစ်ခု အရေးတကြီး မှာလိုက်ချင်တာကတော့ မောင်ရင်တို့ ဘယ်လိုအခြေအနေမျိုးကိုပဲရောက်ရောက် လောဘသတ်နိုင်ကြပါစေလို့ပဲ ပြောချင်တယ်"

"စိတ်ချပါ အဘ"

ဤသို့ဖြင့် ဦးမှတ်စုဆိုသော ပုဂ္ဂိုလ်ကြီးသည် ဒေါက်တာဟိန်းအောင်ကျော်တို့ လူစုအား ကျောခိုင်းထွက်ခွာသွားလေ၏။

သူတို့အတန်ကြာအောင်နေပြီးမှ မြေပုံညွှန်းလမ်းအတိုင်း ခရီးဆက်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသွားပြီးသောအခါ ဒေါက်တာဘတိန်းအောင်ကျော်တို့သည် လွန်စွာ ထူးဆန်းသောသစ်ပင်ကြီးတစ်ပင်ကို တွေ့ကြရလေ၏။

အခြားမဟုတ်။

သစ်ပင်၏ ပင်စည်ခွဆုံနေရာမှနေ၍ အတိုင်းကြီးသုံးမြွာခွဲထွက်နေသော သစ်ပင်ကြီးကို တွေ့ရခြင်းဖြစ်၏။ သုံးမြွာခွဲထွက်နေသည့် အကိုင်းကြီးများမှာလည်း လုံးပတ်အတိုအရှည် ညီမျှ၍ ဘင်ခံနေရာသည်းမှ ညီညာစွာ ထွက်နေကြခြင်း ဖြစ်၏။

"ဒီအပင်ကြီးကို ကြည့်ရတာ သိပ်ပြီး လှတာပဲနော် ဒေါက်တာ၊ သဘာဝအတိုင်း အကိုင်းသုံးမြွာခွဲထွက်နေတာ တကယ်ညီတယ်၊ အကွာအဝေးချင်းလဲ တူတယ်၊ လုံးပတ်ချင်းလဲတူတယ်"

နေခြည်နွေးက သစ်ပင်ကြီးကို မော့ကြည့်ရင်း ပြောလိုက်၏။

"ဒီလိုအပင်မျိုးကို သိကြားထိုင် သစ်ပင်လို့ခေါ်တယ် နွေးရဲ့"



"ဘာရယ်၊ သိကြားထိုင် သစ်ပင်ဟုတ်လား"

"ဟုတ်တယ် နွေး၊ တကယ်လို့များ သိကြားထိုင် သစ်ပင်မျိုး အိမ်ဝင်းထဲမှာရှိနေရင် နေအိမ်မှာ စီးပွားလာဘ်လာဘ ရှင်စေတယ်၊ ဘေးအန္တရာယ် ကာကွယ်တယ်၊ သူတစ်ပါး မကောင်းကြံစည်နိုင်ဘူး"

"တယ်ဟုတ်ပါလား ဆရာ"

ငွေဆံပင်က သဘောကျစွာ ဝင်မေးသည်။

"ခုနလူကြီးတွေပြောခဲ့တာပဲကွ ငွေဆံပင်ရ၊ အလကားတော့ ဘယ်ပြောကြမလဲ၊ တကယ်အကျိုးပြုလို့ ပြောခဲ့ကြတာပေါ့၊ ဒီလို သိကြားထိုင်သစ်ပင်ပုံသဏ္ဌာန်မျိုးဖြစ်နေတာဟာ ရတနာသုံးပါး၊ သရဏဂုံသုံးပါးကို ပြဋ္ဌာန်းရာရောက်တဲ့အတွက် အဲဒီသစ်ပင်မျိုးကို မခုတ်ကောင်းဘူးလို့ ပြောကြတယ်"

"မခုတ်ကောင်းဘူး ဟုတ်လားဆရာ"

"ဟုတ်တယ်၊ သိကြားထိုင်သစ်ပင်မျိုးကို ခုတ်လှဲပြီး အိမ်ဆောက်ခဲ့တယ်ဆိုရင် အိမ်ရှင်ကိုထိခိုက်တတ်တယ်၊ ပြီးတော့ တစ်အိမ်လုံး ကျန်းမာရေးလဲ ညံ့တတ်တယ်၊ တကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပင်ဟာ မြင့်မားလွန်းတဲ့အတွက် လေတိုက်ရင် လဲမှာ စိုးလို့ ခုတ်လှဲချင်တယ်ဆိုရင် အပင်စောင့် ရုက္ခစိုးနတ်ကို တောင်းပန်ပြီးမှ ခုတ်လှဲရမယ်။ ခုတ်လှဲပြီးတဲ့အခါကျရင် လမ်းခရီးလူတွေနားတဲ့ အဇပ်တို့၊ ဇရပ်တို့၊ ရေချမ်းစင်တို့ ဆောက်လုပ်ပြီး လှူဒါန်းရမယ်၊ အမျှအတန်းဝေရမယ်လို့ မှတ်သားဖူးတယ်”

“ဒေါက်တာကလဲ တော်တော်လေးကို ဗဟုသုတတွေ လေ့လာထားတာပဲနော်”

နေခြည်နွေးက ပြောလိုက်၏။

“မလေ့လာလို့ မရဘူးလေ နွေးရဲ့၊ ကျွန်တော့်အလုပ်က စာပေလေ့လာတဲ့ အလုပ်က အဓိကပဲလေ”

“ဒါဆိုရင် နွေး စိတ်ဝင်စားတာတစ်ခုရှိတယ် ဒေါက်တာ၊ မေးလို့ ရမလား မသိဘူး”

“မေးကြည့်လေ၊ ကျွန်တော်သိတာဆိုရင် ဖြေမှာပေါ့”

“တခြားတော့မဟုတ်ပါဘူး ဒေါက်တာ၊ ဟိုသင်း....သူယောင်မယ်ဆိုတာ တကယ် ရှိ၊ မရှိ သိချင်တာပါ၊ အဲဒီ သူယောင်မယ်ဆိုတာ သစ်ပင်ကနေ သူယောင်သီးကနေ ဖြစ်တာဆို”



“သူယောင်ပင်အကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် ပဋ္ဌိဘ ဝေဒနီယ ဒီပနီကျမ်းထဲမှာ ဖတ်ဖူးထားတာရှိပါတယ်၊ အဲဒီကျမ်းကို ပြုစုတဲ့ပုဂ္ဂိုလ်ကြီးက သစ်ချတောင်ဆရာတော် ဦးတိလောက၊ ဦးတိလောကဆိုတာ နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်ဘူး၊ လယ်တီဆရာတော် ဘုရားကြီးရဲ့ တပည့်ပဲ”

“ဟုတ်ကဲ့၊ ပြောပါဦး ဒေါက်တာ”

“အဲဒီထဲမှာ ရေးထားတာကတော့ သူယောင်ပင်ဟာ ဟိမဝန္တာတောမှာ ရှိတယ်တဲ့၊ အဲ....ဟိမဝန္တာတောဆိုတာ ကလဲ သစ်ပင်မျိုးစုံရှိတယ်တဲ့၊ ဘယ်သစ်ပင်၊ ဘယ်နံ့သာ မျိုးတော့ မရှိဘူးဆိုတာ မရှိဘူးတဲ့၊ သူယောင်ပင်ကသီးတဲ့ သူယောင်သီးဟာ နတ်သမီးလေးတွေလို လှပတင့်တယ် တယ်တဲ့၊ သူယောင်ခတာကြီးအဖြစ် ပေါက်ရောက်နေတယ် တဲ့၊ အဲဒီအပင်မျိုးတွေဟာ ဟိမဝန္တာတောင်ရဲ့ တောင်ဘက် စောင်း ဟကျောဝလွနတောင်မှာ ပေါက်ကြတယ်တဲ့၊ အဲဒီ သူယောင်သီးတွေဟာ ခူးဆွတ်ပြီး လေးငါးလလောက်ကြာ မှ ပုပ်ရိတတ်တယ်တဲ့၊ အဲဒီ သူယောင်ပင်ကဖြစ်တဲ့ သူ ယောင်မယ် ဖမ်းစားရင်လဲ လေးလလောက်ကြာမှပဲ အတိ ပြန်ရတတ်တယ်တဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူယောင်မယ်ကလဲ အကြောက်စရာကောင်းသွား ပဲနော် ဒေါက်တာ"

"ဟုတ်တယ်နွေး၊ ဆန်းကြယ်တဲ့လောကကြီးထဲမှာ ဒါမျိုး လို ထိတ်လန့်ကြောက်ရွံ့စရာ ဇွဲမက်နှစ်သက်စရာတွေ ရှိနေ တာပဲလေ"

ဤသို့ ပြောဆိုနေကြရင်းဖြင့် လွန်စွာ အရိပ်အာဝါသ ကောင်းသော နေရာကလေး တစ်ခုသို့ ရောက်လာခဲ့ကြ လေ၏။

ထိုနေရာတွင် တောပန်းတောင်ပန်းများ မျိုးစုံပွင့်လန်း ကြ၏။

သို့ဖြစ်၍ ပန်းဝတ်ဆံရနံ့များသည် ဝန်းကျင်တွင် ပျံ့နှံ့ မွှေးကြိုင်လျက်ရှိကြ၏။

သစ်ကာပ်ပန်း များသည်လည်း အရောင် အသွေးအဖုံ ပုံသဏ္ဌာန်အစုံဖြင့် လွန်စွာကြည့်၍ကောင်းလေ၏။

သစ်ပင်တောချုံများကို ထွေးပိုက်ရစ်ပတ်၍ စီးဆင်းနေ သော စမ်းချောင်းကလေးသည် ကြည်လင်နေ၏။



ရေအောက်ကြမ်းပြင်အထိ ဒုတ်ဒုတ်ထိမြင်နေရ၏။

ရေထဲတွင် ပေါက်ရောက်နေသည့် ရေမှော်ပင်များကို လည်း ယိမ်းနွဲ့စီးဆိုစွာတွေ့ကြရ၏။

ရေထဲတွင်အုပ်စုဖွဲ့၍ ကူးခတ်နေကြသော ရွှေငါးကလေး များကလည်း ကြည့်၍ မဝအောင် ဆွဲဆောင်မှုကား ကောင်း လှ၏။

"ဒီချောင်းရေထဲသာဆင်းပြီး စိမ်လိုက်ရရင် သိပ်ကို နေလို့ထိုင်လို့ကောင်းသွားမှာပဲ ဒေါက်တာ"

နေခြည်နွေးက စမ်းချောင်းကလေးကို ငေးကြည့်ရင်း ပြောလိုက်၏။

"ဟုတ်တယ်၊ မမာမမာပန်းပန်းနဲ့ စမ်းချောင်းရေ ချိုး ရရင် အေးချမ်းပြီး အမောပြေသွားမှာ သေချာတယ်၊ဒါပေ မယ့် တောထဲမှာတွေ့သမျှ ချမ်းချောင်းတွေထဲမှာ အရမ်း ကာရော ရေဆင်းမချိုးသင့်ဘူး၊ အထူးသဖြင့် နွေးတို့လို မိန်းကလေးတွေက ပိုပြီးဆင်ခြင်သင့်တယ်"

"တောထဲမှာ အရမ်း ရေဆင်းမချိုးသင့်ဘူး ဟုတ် လား ဒေါက်တာ၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



နေခြည်နွေးက အံ့သြစွာဖြင့် ပြန်၍မေးလိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ဒီမေးခွန်းကို ဖြေရမယ်ဆိုရင် တော့ နွေးက စိတ်ရှည်လက်ရှည် နားထောင်ဖို့လိုလိမ့်မယ်၊ နားနားနေနေ နေရင်း ချွေးတိတ်အောင် စောင့်ရင်းပေါ့"

"ပြောပါ ဒေါက်တာ၊ နွေး စိတ်ဝင်စားပါတယ်"

☆

## အခန်း (၁၀)

### ကြောက်စရာ မတွေ့သော ကြောက်စရာများ

"တခြား ဝေးဝေးလံလံနေရာမှာတောင် မဟုတ်ပါဘူး ...း၊ ရွှေစက်တော်ဘုရားခြေရင်းတစ်နေရာမှာရှိတဲ့ ချောင်း ...လေးတစ်ချောင်းဟာ တော်တော်လေးကိုထူးဆန်းတယ်"

"ဟုတ်လားဒေါက်တာ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုဘာ အရင်မမေးခင် ဒီချောင်းကလေး နာမည်ကို အရင်မှတ်ထားလိုက်ဦး"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



“ဒီချောင်းရဲ့နာမည်က ရယ်စရာကောင်းတယ်၊ ကမြင်းကြောထ ချောင်းလို့ ခေါ်ကြတယ်”

“ဘာဖြစ်တယ် ဆရာ၊ ကမြင်းကြောထ ချောင်း ဟုတ်လား၊ အဆန်းပါလား”

ငွေဆံပင်က ဝင်ပြောလိုက်၏။

“ဟုတ်တယ် ငွေဆံပင်ရ၊ ဒီချောင်းကလေးရဲ့နာမည်က ကမြင်းကြောထချောင်းလို့ ခေါ်တယ်၊ အကျယ်က ဆယ့်ငါးပေလောက်ပဲရှိမယ်၊ ဒီချောင်းကရေဟာ ထူးဆန်းတယ်၊ အထက်လမ်းဆရာတွေသုံးတဲ့ အင်းအိုင် ဆေးဝါးတွေ သန့်သွားတတ်တယ်”

“သနတယ်ဆိုတာ ဘာကိုပြောတာလဲ ဒေါက်တာ”

နေခြည်နွေးက သိချင်ဇောဖြင့် မေးလိုက်၏။

“သနတယ်ဆိုတာက ဒီလိုလေ နွေးရဲ့၊ အဲဒီ ပစ္စည်းတွေမှာ ကိန်းဝပ်နေတဲ့ သိဒ္ဓိတွေ ပျက်စီးသွားတာမျိုးကို ပြောတာပေါ့၊ ဒါကြောင့် အဲဒီချောင်းကို ဖြတ်ကူးဖို့ကြုံလာရင် ချောင်းရေနဲ့ အဲဒီ တန်ဖိုးရှိတဲ့ ပစ္စည်းတွေနဲ့ မထိအောင် သတိထားပြီး ယူဆောင်ကြရတယ်”



“ဪ...ဒီလိုအား”

“ဟုတ်တယ် နွေး၊ ပြီးတော့ ရှိသေးတယ်၊ မိန်းမတွေဟာ အဲဒီချောင်းရေကို မသောက်မချိုးရဘူး”

“သောက်ချိုးမိရင် ဘာဖြစ်တတ်လို့လဲ ဒေါက်တာ”

“တကယ်လို့ မိန်းကလေးများ အဲဒီ ကမြင်းကြောထချောင်းက ရေကို သောက်ချိုးခဲ့မယ်ဆိုရင် ဖလော်လီဖောက်ပြား ပျက်စီးတတ်တယ်လို့လဲ ပြောကြတယ်၊ အဲဒီ ချောင်းဝတ်ဝန်းကျင်မှာ ပညာသည်တွေ ပေါများတယ်လို့လဲ ဆိုမှတ်ပြုကြတယ်”

“ဟောဒီချောင်းရေလဲ အဲဒီလို သဘောမျိုး ရှိနေရင်ကော့ပဲ၊ တော်ပြီတော်ပြီ၊ နွေးရေမချိုးတော့ဘူး ဒေါက်တာ”

နေခြည်နွေးက စိုးရိမ်တကြီး ပြောလိုက်သောကြောင့် ဒေါက်တာဟိန်းအောင်ကျော် ပြုံးလိုက်မိလေ၏။

ထို့နောက် ခေါင်းကို ယမ်းခါလိုက်၏။

“အဲဒီလို ထူးဆန်းတဲ့ ချောင်းမျိုးဆိုတာ တကယ့်ကိုရှားပါး နွေးရယ်၊ မြန်မာပြည်မှာ ဒါမျိုး ချောင်းလောက်တစ်ခုသောင် ရှိမှရှိရဲ့လား မပြောတတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ဖြစ်တော့ဖြစ်ခဲ့ပါ၊ မစိုးရိမ်ပါနဲ့၊ ကျွန်တော်က ခရီးရောက်ရောက်ချင်း ရေဆင်းချိုးမှာစိုးလို့ ဟန့်တားတဲ့ အနေနဲ့ ပြောလိုက်မိတာပါ၊ ချိုးလို့ရပါတယ်၊ ကိစ္စမရှိပါ ဘူး၊ ကျွန်တော် ဒီရေကို စမ်းသပ်ကြည့်ပါ့မယ်"

ပြောပြော ဆိုဆို ဒေါက်တာ ဟိန်းအောင်ကျော်က ချောင်းရေစပ်သို့ ဆင်းသွားပြီး သူ့အင်္ကျီ အိတ်ကပ်တွင် အသင့်ပါလာသော အဆောင် လက်ဖွဲ့တစ်ခုကို ရေဖြင့် ထိတွေ့ကြည့်လေ၏။

အရောင်မပြောင်းလဲ၊ ဓာတ်သဘာဝ မပြောင်းလဲသော ကြောင့် စိတ်ချရသော ချောင်းရေဖြစ်ကြောင်း အသိအမှတ် ပြုလိုက်၏။

"ကိုင်း... နွေးဘာမှမပူနဲ့တော့၊ စိတ်ချရတယ်၊ ဒီချောင်း ရေဟာ သာမန် ချောင်းရေမျိုးပါပဲ"

သည်တော့မှပင် နေခြည်နွေး၏ မျက်နှာကလေး လန်း ရွှင်သွားပြီး ရေချိုးရန် ပြင်ဆင်လေတော့၏။

နေခြည်နွေးက ချောင်းကလေး၏အောက်ဘက် ခပ်လှမ်း လှမ်း ခြုံပုပ် ထိသွားပြီးမှ အင်္ကျီလုံချည်လဲကာ ချိုးလေ၏။



ဒေါက်တာ ဟိန်းအောင်ကျော်တို့တစ်တွေလည်း မောပန်းပန်းဖြင့် ရေချိုးကြလေ၏။

လန်းရွှင်သွားအောင် ရေချိုးပြီးကြသောအခါ သူတို့ မ်းပေါ် ပြန်တက်ကြ၏။

ကြေးနီကြီး၊ မင်းမောင်နှင့် ဖိုးဆိတ်တို့က နံနက်စာ းသောက်ကြရန် ချက်ပြုတ်ပေးကြသောကြောင့် မကြာ င်မှာပင် နံနက်စာကို တည်ခင်းနိုင်ခဲ့ကြသည်။

တောလမ်းခရီးသွားနေရခြင်းဖြစ်၍ စည်သွတ်ဘူး စား ာက်ဖွယ်ရာများက အဓိကဖြစ်လေသည်။

စားသောက်ပြီးကြ၍ အဖွဲ့သားများ အနားယူမှေးစက် ကြချိန်တွင် ဒေါက်တာ ဟိန်းအောင်ကျော်သည် အများ း‌တူ အနားမယူနိုင်သေးဘဲ မြေပုံကို ဖြန့်ခင်းကြည့်ကာ ဆက်ရမည့် ခရီးအတွက် တွက်ချက်တိုင်းတာ ကြည့်နေ သည်။

"ဘယ်နှယ့်လဲ ဒေါက်တာ၊ နွေးတို့ ခရီးအတော်လေး က်လာပြီသား"

www.burmeseclassic.com

www.burmeseclassic.com



“တော်တော်ကလေးတော့ နီးလာပြီနွေးရေ၊ သိပ်မကြာ ခင်မှာ ကျွန်တော်တို့ ဦးတည်ထားတဲ့နေရာကို ရောက်တော့မယ် သိပေါ့နယ်ဘက်လဲ ရောက်လာပြီလေ”

“ဒါနဲ့ စကားမစပ် ဒေါက်တာ၊ ဒေါက်တာ့ကို နွေး တစ်ခုလောက် မေးကြည့်ချင်တယ်”

“မေးလေနွေး”

“ဩော်...ဟိုနေ့က ဦးမှတ်စုပြောသွားတဲ့ ကဝေသ ဒေါ်ဖဲ့အကြောင်း စဉ်းစားမိလို့ပါ”

“ဘယ်လို စဉ်းစားမိတာလဲ”

“ကဝေတို့ မှော်ဆရာတို့ဆိုတာ တကယ်ရှိကြတာလာ သူတို့ဟာ အစွမ်းသတ္တိ တကယ်ရှိနေကြတာလား ဆို သိချင်တာပါ”

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းတဆတ်ဆ ညိတ်လိုက်၏။

“ရှိတာပေါ့ နွေးရယ်၊ လောကီပညာဆိုတာ ဘာ ရပ်ပေါင်း များစွာရှိနေတာပဲ၊ ဝါသနာပါလို့ကစားဝ အချို့ဆိုတော့ ဒီပညာရပ်တွေ ရှိနေတာပဲ၊ တကယ်တော့ ကဝေဆိုတာကလဲ အဆန်းမဟုတ်ပါဘူး၊ ကဝိဆိုတဲ့စကားက နေ လာတာပါ။ အတတ်ပညာလို့ ဆိုလိုတာပါပဲ”

“ဒါဆို ဒေါက်တာရယ်၊ တစ္ဆေ သရဲတို့၊ နတ်စိမ်းတို့ ဆိုတာကရောကော ဘယ်လိုကနေဘယ်လို ဖြစ်ကြတာလဲ”

“ဒီမေးခွန်းကို ဖေးတာဟာဖေးထိုက်ပါတယ်၊ဒါပေမယ့် သေသေချာချာ ဖြေရရင်တော့ နွေးလဲ စိတ်ရှုပ်ရှုပ် နား ထောင်မှ ဖြစ်မယ်”

“နားထောင်မှာပေါ့ ဒေါက်တာရဲ့၊ နွေးကသိချင်နေတဲ့ လှုပဲ”

“ကျွန်တော်တို့ရုပ်ခန္ဓာကိုယ်ထဲမှာ အလားတူပုံသဏ္ဌာန် ရှိပြီးတော့ ပြာလဲ့လဲ့ အဆင်းအရောင်ရှိတဲ့ ရုပ်ကလာပ် အစုတစ်ခုရှိသေးတယ်”

“နောက်ထပ် ရုပ်တစ်ခုဟုတ်လား”

“ဟုတ်တယ်၊ အဲဒါကို အာကာသစ်ထရယ်လ်ဘော်ဒီလို့ ခေါ်တယ်၊ လူတွေရဲ့ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ အဲဒီနူးညံ့တဲ့ အတွင်းရုပ်ပုံသဏ္ဌာန်ကို အမြဲတမ်း ပြုပြင် ဖန်တီးနေတယ်"

"ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်က အဲဒီရုပ်ပုံသဏ္ဌာန်ကို ပြုပြင်ဖန်တီးနေတတ်တယ်ဟုတ်လား ဒေါက်တာ"

"ဟုတ်တယ်ရွှေ။ အဲဒီရုပ်ပုံလွှာကလေးဟာ ကုသိုလ်စိတ် လွှမ်းမိုးတဲ့အခါမှာ နတ်တမျှ လှပချောမွေ့နေတတ်ပေမယ့် အကုသိုလ်စိတ်တွေ ဖုံးလွှမ်းတဲ့အခါကျတော့ သရဲသဘက်တွေလို ဖြစ်တတ်ကြတယ်"

"ဪ...ဒီလိုလား"

"ဟုတ်တယ်ရွှေ၊ လူတွေဟာ ဒေါသတွေ၊လောဘတွေ၊ မောဟတွေ၊မာန်မာနတွေနဲ့ ဖုံးလွှမ်းပြီး သေဆုံးသွားခဲ့မယ် ဆိုရင် သူ့ရဲ့အသက်ဝိညာဉ်ဟာ အကုသိုလ်တရားအရ ဖြစ်ပေါ်လာတဲ့ နာမ်ရုပ်ကလေးအတွင်းမှာ တည်ရှိနေတဲ့ အတွက် သူဟာ တစ္ဆေ၊ သရဲ၊ နတ်ဆိုးအဖြစ်ကို ပြောင်းလဲ သွားတယ်"

နေခြည်ရွှေက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"အဲဒီလိုပဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရားတွေနဲ့ ဖုံးလွှမ်းပြီး သေဆုံးသွားမယ်ဆိုရင်တော့ သူ့ရဲ့ အသက်



ဝိညာဉ်ဟာ ကုသိုလ်တရားနဲ့ ကိုက်ညီတဲ့ ရုပ်သဏ္ဌာန်ရှိတဲ့ သိပ်ပြီးနူးညံ့တဲ့ ခန္ဓာကိုယ်ဖြစ်ပြီး နတ်ဘဝ၊ လူ့ဘဝ၊ ဗြဟ္မာ ဘဝကို ရောက်နိုင်တာပေါ့"

"သရဲခြောက်တယ်ဆိုတာကကော တကယ်လား ဒေါက်တာ၊ အဲဒီနာနာဘာဝတွေက လူတွေကို ဒုက္ခရောက်အောင် လုပ်နိုင်သလား"

"သရဲခြောက်တယ်ဆိုတာက လူတွေကို ဒုက္ခပေးချင်လို့ ဒီလောက်မဟုတ်ပါဘူး၊ သူတို့ရောက်နေတဲ့ ဘုံဘဝကို သိကြရအောင် ပြကြတဲ့သဘောပါ၊ တစ်ခါတလေကျတော့ လူတွေမှာ ရှိတဲ့ ဒါနကုသိုလ်၊သီလကုသိုလ်၊ဘာဝနာကုသိုလ် တွေကို သူတို့က လိုချင်ကြတယ်၊ အဲဒီကုသိုလ်အဖို့ဘာဂ အတွက် အမျှဝေကြတဲ့အခါ သူတို့ဟာ သာဓုအနုမောဒနာ ခေါ်ကြရမယ်ဆိုရင် သူတို့ရဲ့ နိမ့်ကျတဲ့ဘဝကနေ မြင့်မြတ် တဲ့ ဘဝကို ရောက်ရှိနိုင်ကြတယ်လေ"

"သို့ပြီ ဒေါက်တာ၊ လူတွေဆီက ကုသိုလ်အမျှယူချင်လို့ သူတို့ရှိကြောင်း ပြတာမျိုးကို ဆိုလိုတာပေါ့နော်"

"ဟုတ်ပါတယ်ရွှေ။ အဲသလိုမျိုး ဖြစ်တာများပါတယ်၊ အလကားနေရင်းတော့ သူတို့က လူတွေကို ဒုက္ခရောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် လိုက်ခြောက်မနေကြပါဘူး။အဲ...တစ်ခုတော့ရှိတယ် ပေါ့လေ၊ သူတို့ နေထိုင်ကျက်စားကြတဲ့ ပိုင်နက်ထဲကို ရောက်သွားကြတဲ့အခါမျိုးမှာတော့ သူတို့ မနှစ်သက် လက် မခံချင်ကြရင် ခြောက်လှန့်လေ့ရှိတယ်၊ အဲဒီလိုအခါမျိုးမှာ တောင်မှ သူတို့ကို မေတ္တာပို့ပေးလိုက်ရင် အနှောင့်အယှက် ပေးတာ ရပ်ဆိုင်းသွားတတ်ကြတယ်"

"နွေးက မေးလက်စနဲ့ ဆက်ပြီးမေးချင်တာ ရှိပါသေး တယ် ဒေါက်တာ"

နေခြည်နွေးက ဒေါက်တာ ဟိန်းအောင်ကျော်၏ မျက် နှာကို အကဲခတ်သလို ကြည့်ရင်းက ပြောလိုက်၏။

"မေးပါနွေး"

"တခြားတော့ မဟုတ်ပါဘူး ဒေါက်တာ၊ နတ်ဝင်သည် တွေနဲ့ ပတ်သက်ပြီး သိချင်တာပါ၊ နတ်ဝင်တယ်ဆိုတာ တကယ်ပဲ ဟုတ်သလား၊ စိတ်ကြောင့်ဖြစ်တာလား"

"ဒီမေးခွန်းဟာ ဖြေဖို့ သိပ်မလွယ်လှဘူးနွေး၊ ခေတ် အဆက်ဆက် နတ်ဝင်သည်ဆိုတာတွေဟာ ရှိနေခဲ့ကြတယ်၊ ဒါဟာ မြန်မာပြည်တွင်မကဘူး၊ ကမ္ဘာပေါ်မှာပါ ရှိနေ



ခဲ့ကြတယ်၊ သေသူတချို့ဟာ ရှင်တဲ့လူသေကို ပူးကပ်ပြီး အဆက်အသွယ်လုပ်နိုင်တယ်လို့ ယုံကြည်ကြတယ်၊ အင်္ဂလန်၊ အမေရိကန်စတဲ့ဥရောပနိုင်ငံတွေမှာလဲဒီလိုယုံကြည်မှုမျိုးတွေ ရှိနေကြတာပဲ"

နေခြည်နွေးက ခေါင်းဆတ်ညိတ်လိုက်၏။

"အဲသလို နတ်ဝင်သည်တွေကိုတော့ မီဒီယံလို့ခေါ်ကြ သလို စပရစ်ချွယ်လစ်ဇင် (Spiritualism)လို့ခေါ်ကြတယ်၊ အမေရိကန်နိုင်ငံမှာတော့ ဖက်ဒရေးရှင်းအော့ဖ်စပရစ်ချွယ် ချပ်ချက်ဖ်အင်အဆိုစီရေးရှင်း (Federation of spiritual Churches and Association) လို့ ခေါ်တဲ့ အဖွဲ့အစည်း ကြီး တည်ထောင်ဖွဲ့စည်းပြီး အားကြိုးမာန်တက်ဆောင်ရွက် လုပ်ကိုင်နေတာတောင် ရှိပါတယ်"

"အြော်...ဟုတ်လား"

"ဟုတ်တယ်နွေး၊ ဒါပေမယ့် ကိုယ်ကတော့ နတ်ဝင် သည်အလုပ်ကို သိပ်ပြီးသဘောမကျလှဘူး"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ဒီလိုမလာ၊ ကိုယ့်ရဲ့ခန္ဓာကိုယ်ထဲကို နတ်ရဲ့ဝိညာဉ် ဖြစ်ဖြစ်၊ သေသူရဲ့ ဝိညာဉ်ပဲဖြစ်ဖြစ် ပူးကပ်ပြီးကြီးရင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ရုပ်နုကလေးက နံဘေးကို ဖယ်ပေးလိုက်ရတယ်။ ရုပ်နုခန္ဓာကိုယ်ပေါ့လေ၊ အဲဒီလို ဖယ်ပေးမှ သူတို့ရဲ့ ရုပ်နုခန္ဓာက ကိုယ်ထဲကိုဝင်လို့ရတာကိုး''

''စိတ်ဝင်စားစရာကောင်းတယ်နော်''

''အဲဒီလို ကိုယ့်ရဲ့ရုပ်နုခန္ဓာကိုယ် မကြာခဏ ထွက်ထွက်ပေးရတဲ့အခါ ချွတ်ယွင်းချက်တွေ ဖြစ်လာတတ်တယ်''

''ဘယ်လိုချွတ်ယွင်းချက်လဲ ဒေါက်တာ''

''မကြာခဏ မေ့လျော့တတ်တာမျိုး၊ အားငယ်စိတ် ဝင်တတ်တာမျိုး၊ ကြောက်တတ်တာမျိုးတွေပေါ့''

''ဒါကြောင့်မို့ နတ်ဝင်သည်တွေဟာ လိပ်ပြာလှ မှတ်လို့ရတယ်လို့ ပြောကြတာလား ဒေါက်တာ''

''အစစ်ပဲ နွေး၊ အဲသလို အသည်းငယ်တဲ့ လူမျိုးကိုမှ ဝင်လို့ရတာဆိုတော့ ခေါ်လို့ကောင်းအောင် လိပ်ပြာလှတယ်လို့ ပြောကြတာပေါ့၊ တကယ်တော့ စိတ်ဓာတ် ခိုင်မာတဲ့ လူမျိုးကို ဘယ်လိုမှ ပူးကပ်ဝင်လို့ မရဘူး နွေးရဲ့''

''ဒါဆိုရင် နတ်ဝင်တဲ့အလုပ်မျိုးဟာ နာမ်ခန္ဓာကို ထိခိုက်နိုင်တာပေါ့''



''ဒါပေါ့နွေး၊ နွေးပြောသလို နာမ်ခန္ဓာကို ထိခိုက်ပါများရင် ရုပ်ခန္ဓာကိုလဲ ထစ်နည်းနည်းနဲ့ ထိခိုက်လာနိုင်တာပဲ၊ ကျန်းမာရေးတွေညှိုးဖျော့သွားနိုင်တာပဲ၊ ဥပဓိရုပ်တွေ ပြောင်းလဲ ယိမ်ငယ်သွားနိုင်တာပဲ''

''ခုလို ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ် ဒေါက်တာ''

''မလိုပါဘူး နွေးရယ်၊ ကျွန်တော်က ရှင်းပြခွင့် ရတဲ့ အတွက်တောင် နွေးကို ကျေးဇူးတင်ပါသေးတယ်၊ တချို့က မြင်းစီးလို့ အထီးမှန်းအမမှန်းတောင် သိပ်သိကြတာမဟုတ်ဘူး နွေးရဲ့''

ဒေါက်တာ ထိန်းအောင်ကျော်တို့အဖွဲ့သည် စကားတပြောပြောဖြင့် လာခဲ့ကြရင်း ခရီးအတော် ပေါက်လာခဲ့ကြ၏။

တောင်ကုန်းမြင့်ပေါ်သို့ ရောက်လာခဲ့ကြ၏။

တစ်နေ့ဝင်လျှင်း၌ တစ်မိုးချုပ်ခဲ့ [illegible]

အဖွဲ့သည် မီးများမိုက [illegible]

www.burmeseclassic.com

www.burmeseclassic.com



နေခြည်နွေးသည် ခရီးသွားရသည့် နေ့ရက်များ ကြာလာသောအခါ စောစောပိုင်း ရက်များကလောက် ပင်ပန်းသည့် ဒဏ်ကို မခံစားရတော့ချေ။

အမောလုံလာသည်ဟု ဆိုရမည်။

ခရီးထွက်ခါစ ရက်များကဲ့သို့ ညရောက်လျှင် ခြေလက်များလည်း နာကျင်ကိုက်ခဲခြင်း မရှိတော့ဘဲ ပိုမို ပေါ့ပါးသွက်လက်နေသယောင်ပင် ခံစားရလေ၏။

အတွေ့အကြုံက လူကို သင်သွားခြင်းမျိုး ဖြစ်သည်။

တကယ်တော့လည်း ပင်ပန်းသည့်ဒဏ်ကို ကျင့်သားရသွားသည့်အခါမျိုးတွင် ထိုပင်ပန်းသည်ဆိုသော အရာမှာလည်း အရေးတကြီး မဟုတ်တော့ချေ။

နေခြည်နွေးသည် နှမ်းနယ်ခြင်း သိပ်မဖြစ်သောကြောင့် အိပ်မပျော်သေးသဖြင့် ဒေါက်တာဟိန်းအောင်ကျော် မီးလှုံသည့် နေရာသို့ ထလာခဲ့လေသည်။

"ဩော်...နွေး မအိပ်သေးဘဲကိုး၊ လာ ထိုင်လေ နွေး၊ ဟောဒီမှာ ကော်ဖီကြမ်းလေးလဲ ဖျော်ထားတယ်"



ဒေါက်တာဟိန်းအောင်ကျော်က ပြောရင်း ကော်ဖီခွက်ကို လှမ်းပေးလိုက်၏။

နေခြည်နွေးက မီးပုံ နံဘေး သစ်မြစ်တစ်ခုပေါ်တွင် ထိုင်လိုက်ကာ ဒေါက်တာဟိန်းအောင်ကျော်ကမ်းပေးသည့် ကော်ဖီခွက်ကို လှမ်းယူလိုက်၏။

"အပူကြီးရှိသေးတယ်နော်နွေး၊ သတိထားပြီးသောက်"

"ဟုတ်ကဲ့ ဒေါက်တာ၊ ကျေးဇူးပါပဲ"

"ဘယ်လိုလဲ၊ အိပ်လို့မပျော်ဘူးလား"

"မအိပ်ချင်သေးလို့ပါ ဒေါက်တာ၊ ပြီးတော့ ဒေါက်တာလဲ မအိပ်သေးတာမြင်တာနဲ့ ထလာတာ၊ ညတက်တောထဲမှာရောက်နေတဲ့ အရသာဟာ တစ်မျိုး အရသာရှိတယ်နော် ဒေါက်တာ"

"ဟုတ်တယ်"

"သမင် ဘောက်သံ၊ ချေဟောက်သံကလေးတွေ တစ်ချက် တစ်ချက် ကြားရတာရယ်၊ ညဉ့်ပိုးကောင်လေးတွေ မြည်သံရယ် သိပ်ပြီး စိတ်ဝင်စားစရာကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးနွေးရယ်၊ ကိုယ်က နေ့လယ်က သရဲတစ္ဆေ အကြောင်းတွေ ပြောမိကြလို့ မအိပ်ရဲဘဲဖြစ်နေသလားလို့"

ဒေါက်တာဟိန်းအောင်ကျော်က နောက်လိုက်၏။

နေခြည်နွေးက ပြုံးယျက် ခေါင်းခါ၏။

"နွေး ဒီလောက်လဲ သရဲကြောက်တာမဟုတ်ပါဘူး ဒေါက်တာရယ်၊ သရဲတစ္ဆေဆိုတာ လူရဲ့ ကြောက်စရာအာရုံတွေ မဟုတ်ဘူးဆိုတာကို နွေး ငယ်ငယ်ကတည်းက သဘော ပေါက်ခဲ့တာပါ၊ နွေးရဲ့မိဘတွေကလဲ နွေးကို ငယ်ငယ်က ခြောက်လှန့်တဲ့အကျင့် မလုပ်ခဲ့ကြတော့ နွေးဟာ မကြောက် တတ်ဘူး"

"ဒါဆိုရင်တော့ ကောင်းပါတယ်နွေး၊ အဲသလို ဖြစ်သင့် တာပေါ့"

"ဒါကြောင့်မို့လဲ နွေးက ဒေါက်တာ့ကို နွေး သိချင် သေးတဲ့ ကိစ္စတွေ ဆက်ပြီး မေးကြည့်ချင်သေးတယ် ဒေါက်တာ"

"ဘာများလဲ နွေး၊ မေးစရာရှိရင် မေးလေ"



ဒေါက်တာဟိန်းအောင်ကျော်က ထင်းစများကို မီးဖို ထဲသို့ ထပ်မံထိုးထည့်ပေးလိုက်ရင်းက ပြောလိုက်၏။

"စုန်းတွေ၊ နတ်တွေ၊ လူရဲ့ခန္ဓာကိုယ်ထဲ ဝင်ကြပူးကြတဲ့ အကြောင်းကို နေ့ခင်းကဒေါက်တာပြောသွားတဲ့အကြောင်း အရာ ဗဟုသုတတွေဟာ အနောက်တိုင်း အယူအဆတွေလို့ နွေးထင်တယ် ဒေါက်တာ၊ ဟို...ဘာတဲ့၊ (အက်စ်ထရယ်လ် ဘော်ဒီ) (Astral Body) လို့ ခေါ်တဲ့ ရုပ်နုခန္ဓာအကြောင်း တွေဟာ နိုင်ငံခြားပညာရှင်တွေရဲ့ အယူအဆတွေ မဟုတ် လား"

"အင်းလေ၊ အဲဒါ ဘာဖြစ်လို့လဲ၊ နွေးက လက်မခံနိုင် လို့လား"

"လက်မခံနိုင်လို့ ပြောတာ မဟုတ်ပါဘူး ဒေါက်တာ၊ လက်ခံနိုင်ပါတယ်၊ အဲဒီလို လောကီပညာရပ်နဲ့ပတ်သက်ပြီး မြန်မာ့အယူအဆဘက်ကိုလဲ နားလည် သိထားချင်လို့ပါ"

"ဪ ...ဒီလိုလား၊ ရပါတယ် နွေး၊ ကျွန်တော် လေ့ လာထားတာ ရှိသလောက်တော့ ပြောပြရမှာပေါ့"

"ကျေးဇူးပါပဲ ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဟိန်းအောင်ကျော်က မီးပုံကို စူးစိုက်ကြည့် နေရင်း ဘယ်ကနေ စပြောရမည်ကို တွေးတောလိုက်၏။

ထိုအတွင်း ခပ်ဝေးဝေးမှ တောခွေးတစ်ကောင် အူသံ ကို ကြားလိုက်ရလေ၏။

☆

## အခန်း (၁၂)

### ဈေးတိစဝ

တောခွေးအူသံများ ကြားရသောကြောင့် နေခြည်နွေး ကြောက်လန့်သွားမည်လားဟု တွေးကာ ဒေါက်တာ ဟိန်း အောင်ကျော်က အကဲခတ်ကြည့်နေလိုက်၏။

သို့သော်လည်း နေခြည်နွေးက အမူအရာမပျက်ဘဲ [illegible] ပြောလာမည့် စကားများကိုသာ နားစွင့်[illegible] နေရသောအခါ ဒေါက်တာ ဟိန်းအောင်ကျော် [illegible] ဖြစ်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"နွေးက တကယ့်သတ္တိခဲပဲ"

"ဘာဖြစ်လို့"

"ဩြော် .... တောခွေးအူသံတွေ ကြားနေရတာတောင် နွေးက ကြောက်လန့်မပျက်တာ တွေ့ရလို့ပါ"

"တာကြောက်စရာရှိသလဲ ဒေါက်တာရယ်၊ နွေးတစ်ယောက်တည်းမှမဟုတ်တာ၊ နွေးအပြင် နောက်ထပ် ငါးယောက်တောင် ရှိသေးတာပဲ၊ နွေးတစ်ယောက်တည်း ဖြစ်နေရင်တောင် တိစ္ဆမရှိပါဘူး၊ တောခွေးအုပ်နဲ့ တွေ့ရင် နီးရာသစ်ပင်ကို ပြေးတက်နေလိုက်မှာပေါ့"

"နွေးမဆိုးပါဘူး၊ ဒီလိုမှပေါ့၊ အဲ....နွေးမေးတဲ့ ပူးတဲ့ကပ်တဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ တခြားပုဂ္ဂိုလ်တွေ ပြောတာထက် သစ်ချုံဘောင်ဆရာတော်ကြီး ပြောတဲ့အယူအဆကိုပဲ ပြောမှ ကောင်းမယ်ထင်တယ်"

"ဒါကတော့ ဒေါက်တာ့သဘောပဲလေ၊ နွေးကတော့ သိရရင်ပြီးရော"

"နတ်တွေ ဘာတွေ ဝင်တော့မယ်ဆိုရင် ပထမဦးဆုံး လူရဲ့နှလုံးဘူးကို ပိတ်လိုက်တာမျိုး၊ ဒါမှမဟုတ်ရင်လဲ နှလုံး



သွေး ဖောက်ပြန်အောင် လုပ်တာမျိုး၊ ဒီလိုမှ မဟုတ်ရင် အကြောင်းတစ်ခုခုတစ်ခုနဲ့ စိတ်ကို အားပျော့သွားအောင် လုပ်ပြီး သတိမေ့လျော့သွားတဲ့အချိန်မှာ သူတို့က သူတို့ရဲ့ ရုပ်ကို သိမ်မွေ့အောင် ဖန်ဆင်းပြီး လူရဲ့ခန္ဓာကိုယ်ထဲကို ဝိမ့်ဝင်ပျံ့နှံ့စေတာယ်"

နေခြည်နွေးက ခေါင်းဆတ်ညိတ်လိုက်၏။

"ပြောရမယ်ဆိုရင်တော့ နွေးရယ်၊ နို့နဲ့ရေ ခွဲမရသလို ရောစပ်သွားတာမျိုး၊ လူရုပ်နဲ့နတ်ရုပ် တစ်ခုနဲ့တစ်ခုကြား ဝိမ့်ဝင်ပျံ့နှံ့သွားအောင် လုပ်လိုက်တာပါပဲ၊ အဲဒီနတ်ထွက်မချင်း လူရဲ့စိတ်ဘာဝင်ကနေ မထတော့ဘူး"

"ဩြော်...ဒီလိုလား"

"ဟုတ်တာပေါ့၊ လူရဲ့ခန္ဓာကိုယ်တွင်းမှာနတ်ရဲ့ခန္ဓာပမာဏ ဖြစ်နေတဲ့ အဲဒီနတ် အလိုရှိသလို ပြောနေဆိုနေတာပဲ၊ အဲဒီနတ်ထွက်သွားတဲ့အခါကျတော့ လူရဲ့ခန္ဓာကိုယ်ရဲ့ရုပ်တွေက ချောင်ဟာသွားတဲ့အတွက် လူဟာ မောပန်းပြီးကျန်ခဲ့တယ်၊ အဲဒီလို ပူးဝင်တဲ့နေရာမှာ ပူးဝင်တဲ့လူရဲ့စိတ်ကို နုံးချော့ အင်းစေ၊ ဘာဂင်ကျစေပြီး မေ့လျော့အောင် လုပ်နိုင်မှ နတ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလဲ သိမ်မွေ့နိုင်မှ ပူးဝင်နိုင်ကြတယ်၊ မဟုတ်ရင်တော့ ပူးဝင်လို့မရနိုင်ဘူး"

"အင်း....ဒါဆိုရင်တော့ အယူအဆတွေဟာ မကွာပါဘူး၊ အသူတူလောက်ပါပဲ၊ ဘာပဲဖြစ်ဖြစ် ဒီလို အပူးအကပ်ခံရတာဟာတော့ သိပ်ပြီးမကောင်းလှဘူးပေါ့နော်"

"ဟုတ်တယ်၊ နေ့ခင်းက ကိုယ်ပြောသလို ကျန်းမာရေး ထိခိုက်နိုင်တယ်၊ သတိမေ့လျော့နိုင်တယ်၊တချို့ဆိုရင် အပူးအကပ် လုပ်ပါများလို့ ယောင်တက်တဲ့အကျင့်တွေ စွဲလာတယ်၊ လူတစ်ယောက်က သူ့ရဲ့ခါးကိုတို့လိုက်ပြီး ရှေ့မှာရှိနေတဲ့ မောင်ဘယ်သူကို မဘယ်ဝါကို ရိုက်-ရိုက်-ရိုက်လို့ အမိန့်ပေးလိုက်ရင် တစ်ခါတည်းရိုက်တော့တာပဲ၊ ပြီးတော့ ခါးတို့ပြီး ထက်ထက်မိုးဦးအိုက်တင် လုပ်ပြဆိုရင်လဲ လုပ်တော့တာပဲ၊အဲဒီနက်ဝင်သည်ဟာ အသက်ငါးဆယ်ခြောက်ဆယ်ရှိပါစေ ယောင်တတ်တဲ့အကျင့်ရှိရင် စေခိုင်းတဲ့ လူရဲ့ အလိုကျ လုပ်ကြတယ်၊ ဒါဟာ သိမ်ငယ်စိတ်ဝင်သွားလို့ သူတစ်ပါးရဲ့ အလွှမ်းမိုးခံရတာပဲ"

"ကိုယ်ယောင်ဖျောက်တာတို့၊ခွေးတို့၊ ငှက်တို့အယောင်ဆောင် ဖန်ဆင်းနိုင်တဲ့ တန်ခိုးတွေ ရှိတယ်ဆိုတာကကော ဒေါက်တာ"



"ဒါတွေလဲ ဟုတ်ပါတယ်၊ ပညာသည်တွေဟာ လူပင်ဖြစ်ပေမယ့် နတ်တို့ရဲ့ အစွမ်းနဲ့ ယှဉ်နိုင်တဲ့အတွက်ကြောင့် ဖန်ဆင်းနိုင်တဲ့ အစွမ်းတွေရှိကြတယ်၊ ဒါတင်မကသေးဘူး၊ အဝေးကနေပြီး ကိုယ့်ရဲ့ အကြောင်းကို ပြောနေကြတဲ့ စကားသံတွေကို ကြားနိုင်တာတို့၊စက်ကြိုးဆင်ပြီး ကောင်းကင်မှာ သွားနိုင်တာတို့တောင် လုပ်နိုင်တယ်၊ အဲဒါကို ကမ္မဇိဒ္ဓိတန်ခိုးလို့ခေါ်တယ်"

"ကမ္မဇိဒ္ဓိတန်ခိုးဟုတ်လား"

"ဟုတ်တယ်၊ အဲသလို စုန်းကဝေတွေရဲ့အစွမ်းကို ကမ္မဇိဒ္ဓိတန်ခိုးလို့ခေါ်ပေမယ့် အတတ်ပညာအစွမ်းနဲ့ ယှဉ်တဲ့ တန်ခိုးကိုကျတော့ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးလို့ခေါ်ရတယ်"

"နောက်ထပ်သိချင်တာ တစ်ခုရှိသေးတယ်၊ ဒေါက်တာ ပြောပြနိုင်မလားတော့ မသိဘူး"

"ဘာများလဲ နွေး"

"ပျောက်စေဆရာတွေနဲ့ ပတ်သက်ပြီး ဒေါက်တာ ဘယ်လိုမြင်သလဲ"

"စေတနာ မေတ္တာနဲ့ ခုနစ်ရက်သားသမီးတွေအပေါ် တကယ့်ဓာတ်စစ်ဓာတ်မှန်နဲ့ ကုသဆောင်ရွက်ပေးတဲ့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တွေ တကယ်ရှိပါတယ်။ ဒီလိုပဲ လူတွေရဲ့ ယုံကြည်မှုကို အခွင့်အရေးယူပြီး ကိုယ်ကျိုးရှာတဲ့ ပျောက်စေဆရာ အတု တွေလဲ ရှိတာပေါ့ နွေးရဲ့”

“ပျောက်စေဆရာတွေ မြန်မာမှာရှိသလို ကမ္ဘာမှာလဲရှိ တယ်ဆို”

“ရှိတာပေါ့၊ ခရစ်တော်ဟာ သူ့ဘာမှည့်ကြီးတွေကို သူ တို့ရဲ့ဘာသာ သာသနာပြုဖို့စေလွှတ်တဲ့နေရာမှာ အမှောင့် ပယောဂအမျိုးမျိုးတွေ ချွတ်လွှဲနိုင်စေဖို့ အာဏာတွေ အပ် နှင်းပေးခဲ့တယ်လို့ လေ့လာဖူးတယ်၊ ကိုးဆယ့်ခြောက်ပါး ဝေဒနာတွေကိုလဲ ပျောက်စေဆရာကြီးတွေကို သူတို့ရဲ့ မေတ္တာ၊ သီလ၊ သမာဓိတွေနဲ့ ကုပေးနိုင်ဖို့ အခွင့်အာဏာ တွေ အပ်နှင်းပေးခဲ့တာပဲ”

“စိတ်ဝင်စားစရာပဲနော်”

“ဟုတ်တယ်နွေး၊ ဒီလိုပဲ အီတလီပြည် လိုဒေးမြို့မှာရှိတဲ့ သည်မက်ဂျစ်ဂရေ့ဘူလို့ခေါ်တဲ့မယ်တော်မာရီရဲ့ဂူကလေး ရှိတယ်၊ အဲဒီဂူကလေးဆီကိုသွားပြီး ရောဂါဝေဒနာတွေကို ပျောက်ကင်းအောင် ဆုတောင်းကြတယ်။ အဲဒီဂူကလေးမှာ



မယ်တော်မာရီ သိုးကျောင်းသူမလေး ဘားနဒက်ဆိုဘီရူးကို ဆယ့်ရှစ်ကြိမ်တိုင်တိုင် ကိုယ်ထင်ပြပြီး ဆုံးမစကားတွေ ပြောသွားခဲ့ဖူးတယ်လို့ ဆိုတယ်၊ အဲ (၁၈၅၈)ခုနှစ်လောက် က ဖြစ်လိမ့်မယ်”

နေခြည်နွေးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏။

“အီဂျစ်ပြည်မန်းဖစ်နဲ့ကနိုပတ်စ်မြို့တွေမှာ ရှိတဲ့ အိုင်ဝစ် မယ်တော်ကြီးရဲ့ နတ်နန်းတွေကို အီဂျစ်လူမျိုးတွေဟာ သွားလေ့ရှိကြတယ်၊ မန်းဖစ်မှာ ခရစ်တော်မပေါ်ခင် နှစ် ပေါင်းသုံးထောင်အတွင်းက ပေါ်ခဲ့တဲ့ လောကီဝိဇ္ဇာကြီး အိုင်အမ်ဟိုတက် (ပ်) (Iem-Hotep) ရဲ့ ရုပ်ကလာပ်တိမ်း စောင်းရာ သင်္ချိုင်းဂူကြီးကိုလဲ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ဝေဒ နာရှင်တွေ သွားပြီးကုသကြသတဲ့”

“ကမ္ဘာမှာလဲ ဒါမျိုးတွေ တော်တော်ရှိတာကိုးနော် အေါက်ထာ”

“ရှိတာပေါ့ နွေးရဲ့၊ ဥရောပနိုင်ငံတွေမှာ ဆယ့်ခြောက် ရာစုက ထင်ထင်ရှားရှား ပေါ်ပေါက်ခဲ့ဖူးတဲ့ ပါရာဆေး လဆူးဟာလဲ လူတွေကို ကုသပေးခဲ့ဖူးတာပဲ၊ ဆယ့်ရှစ်ရာစု မှာ မက်စမာ (Mesmer) ခေါ်တဲ့ ကမ္ဘာကျော်စိတ်ပညာ ဆရာကြီးတစ်ဦး ပေါ်ခဲ့ဖူးတယ်၊ သူက လူရဲ့ခန္ဓာကိုယ်ထဲ မှာ ကိန်းအောင်းနေတဲ့ သံလိုက်ဓာတ် သဘောတရားအရ ပြုလုပ်နည်းတွေဖြစ်တဲ့ နဖူးရိုက်၊ လက်ဝါးရိုက် စမ်းဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ခတ်၊ လက်ဝါးအုပ် ဆွဲချ သပ်ချနည်းတွေနဲ့ ကုသပေးခဲ့ဖူးတယ်”

“အဲဒီလိုလုပ်တော့ ပျောက်သတဲ့လား”

“သူနဲ့တိုက်ဆိုင်တဲ့ လူတွေအဖို့တော့ ပျောက်ကြတာပဲ ပေါ့နွေးရဲ့၊ ပြင်သစ်ပြည်က (Nancy) နင်စီမြို့ကလေးမှာရှိတဲ့ အိမ်လေကူးဆိုတဲ့ ပုဂ္ဂိုလ်ဟာလဲ ‘ခေ’ ဘာစိတ်ယုံမှိုင်ရှင်ပဲ၊ ဂါထာမန္တရားတွေရွတ်ဖတ်၊ ဓာတ်သံးရေစိမ်ဘိုက်နည်းတွေနဲ့ သုံးပြီး လူတွေကိုကုသပေးခဲ့တယ်၊ ( )လို့ခေါ်တဲ့ ခန္ဓာကိုယ်အတွင်းမှာ သွားလာလှုပ်ရှားမှု ချွတ်ယွင်းချက်တွေကို ပြုပြင်ပေးရာမှာ အောင်မြင်ခဲ့ကြတယ်၊ ယေဖြတ်တာ၊ ဆွံ့အတား မျက်စိကွယ်တာတွေတောင် ကုနိုင်ခဲ့ကြတယ်”

“ဂမ္ဘီရနည်းနဲ့ ကုတယ်လို့ ဆိုမှာလား”

“ဒီသဘောပဲပေါ့နွေးရဲ့၊ အရေးကြီးတာကတော့ ဝေဒနာရှင်တွေရဲ့ ယုံကြည်မှုဟာ အဓိကပဲ”

နေခြည်နွေးက ခေါင်းကလေး တဆတ်ဆတ်ညိတ်ရင်း ဝါးခနဲ တစ်ချက်သမ်းဝေလိုက်၏။

“ဟော....နွေးအိပ်ချင်ပြီနဲ့တူတယ်၊ သွား အိပ်တော့လေ၊ မနက်လဲ စောစောထပြီး ခရီးဆက်ကြရဦးမယ် မဟုတ်လား”

“ဟုတ်ကဲ့ဒေါက်တာ၊ ဒေါက်တာရော မအိပ်သေးဘူးလား”



“အိပ်မယ်နွေး”

ဤသို့ဖြင့် နေခြည်နွေးသည် သူ့အိပ်ရာခင်းထားသည့် နေရာသို့ သွားရောက်အိပ်စက်လေတော့၏။

ဒေါက်တာဟိန်းအောင်ကျော်လည်း မီးဖိုနံဘေးမှာပင် ခွေလှဲလိုက်ပြီး ခေါင်းကိုခြုံကာ မှေးစက်ရလေ၏။

လွှမ်းမကမ်းဆီမှ ညဥ့်ငှက်တစ်ကောင်၏ တစ်ချက် တစ်ချက် ထ၊ ထ မြည်သံတိုနားထောင်ရင်း တဖြည်းဖြည်း မျက်ခွံများ လေးလံလာလေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### ဗျက်နှာသစ္စဝေး ဘွေ့ရေးဝန်းတန့်တတ်

"ဒေါက်တာ့ကို တကယ်တမ်း နွေး မေးချင်နေတဲ့ မေးခွန်းက သိုက်တွေရဲ့ အကြောင်းတွေပါ ဒေါက်တာ"

နောက်နေ့ခရီးဆက်ကြချိန်တွင် နေခြည်နွေးက စကားစ လိုက်၏။

"သိုက်အကြောင်း ဟုတ်လား နွေး"

"ဟုတ်ပါတယ် ဒေါက်တာ၊ အခု နွေးတို့သွားရှာကြတဲ့ သီပေါမင်းခေတ်က ပစ္စည်းတွေ ရှိတဲ့နေရာကိုလဲ သိုက်ပဲ ခေါ်တယ် မဟုတ်လား"



"ဟုတ်တာပေါ့ နွေး၊ ဘုရားသိုက်၊ ပညာသိုက်၊ ပစ္စည်းသိုက်ဆိုပြီး ရှိရာမှာ ကျွန်တော်တို့အခုသွားရှာနေကြတာက ပစ္စည်းသိုက်ပဲပေါ့ နွေးရဲ့"

"နွေး ကြားဖူးတဲ့ သိကြားသိုက်၊ နတ်စက်ရောင်သိုက်၊ ငမှန်ကန်သိုက် ဆိုတဲ့ဟာတွေက ဘယ်လိုသိုက်မျိုးလဲ ဒေါက်တာ"

"နွေးပြောတဲ့ နတ်စက်ရောင်သိုက်၊သိကြားသိုက်၊ ငမှန်ကန်သိုက်ဆိုတာတွေက ရတနာတွေ သိုဝှက် သိမ်းဆည်းထားတဲ့ သိုက်နေရာတွေ မဟုတ်ဘူးနွေးရဲ့၊ အဲဒါတွေက သိုက်စာသက်သက်တွေပဲ၊ ရှင်ဘုရင်တွေဘာဖြစ်တယ်၊ ဘယ်မင်း ဘာဖြစ်တယ်ဆိုတဲ့ မှတ်တမ်းတွေ၊ဘာဖြစ်လိမ့်မယ်ဆိုတဲ့ ဟောစာတမ်းတွေကို ဆိုလိုတာနွေး"

"ဪ...."

"လူတော်တော်များများသိနေကြတဲ့ မင်းစိန် ဝင်းသိန် သိုက်ဆိုပါတော့၊ သူ့ကို တချို့က ရွှေတိဂုံဘုရားနားက ကန်တော်မင်ပန်းခြံထဲမှာ ရှိတယ်လို့ ပြောကြတယ်"

"အဲဒါ မဟုတ်ဘူးလား၊ နွေးလဲ ဒါလိုကြားဖူးတာ ပဲ ဒေါက်တာရယ်"

www.burmeseclassic.com

www.burmeseclassic.com



နေခြည်နွေးက မျက်မှောင်ကလေးကြုတ်၍ မေးလိုက်သည်။

ဒေါက်တာ ဟိန်းအောင်ကျော်က ခေါင်းကို ယမ်းခါလိုက်သည်။

"ကျွန်တော် သုတေသနလုပ်ကြည့်တော့ အဲဒီ မင်းစိန်မင်းသိန်သိုက်ဟာ မော်ဘီမှာပဲရှိတယ်၊ ဒါပေမယ့် မော်ဘီမြို့ပေါ်မဟုတ်ဘူး၊ မော်ဘီချောင်းအဖျားလောက်မှာ အစတုန်းက ရွာဟောင်းကလေးရှိတယ်၊ မော်ဘီရွာပေါ့နော်၊ မော်ဘီဆိုတာကလဲ မွန်လို ဥသျှစ်ညွန့်လို့ခေါ်တာ၊ အဲ.... အဲဒီ ဥသျှစ်ချောင်းရဲ့ မြစ်ဖျားခံရာမှာ မော်ဘီမြို့ဟောင်းရှိတယ်၊ ဒါကြောင့် ကျွန်တော် သွားကြည့်ရသလောက် မင်းစိန်မင်းသိန်သိုက်ဟာ နတ်စင်အင်းရွာနားလောက်မှာ ရှိလိမ့်မယ်"

"ဒေါက်တာ တော်တော်လေ့လာထားတာကိုး"

"ကျွန်တော်က ဝါသနာပါတဲ့ကိစ္စဆိုရင် ဒီလိုပဲ စပ်စပ်စုစုလုပ်တတ်တယ် နွေးရဲ့၊ ရွှေချိုးဖြူမူလခဲသိုက်ဆိုတာကော ကြားဖူးလား"



"နွေးတို့ ကြီးတော်တစ်ယောက် ပြောဖူးလို့ နည်းနည်းတော့ ကြားဖူးထားပါတယ်၊ အဲဒီ ရွှေချိုးဖြူမူလခဲ ဆိုတဲ့ သိုက်ဟာ ရုပ်ရှင်ရိုက်ထားတောင်ရှိတယ်ဆိုလား"

"ရွှေချိုးဖြူမူလခဲသိုက်ကိုလဲ အမှတ်မှားပြီးပြောကြတာ ကြုံတယ် နွေး၊ လူအများက မအူပင်နားက ပန်းတပွတ်ချောင်းထဲမှာ ရှိတယ်လို့ ဆိုကြတယ်၊ အမှန်ကမဟုတ်ဘူး"

"ရွှေချိုးဖြူသိုက်က ဘယ်မှာလဲ ဒေါက်တာ"

"တိုက်ကြီးကုန်းမှာ ရှိတာနွေးရဲ့....

"ရွှေချိုးဖြူမူလခဲ အုတ်တိုက်ကြီးကြောင့် အဲဒီနေရာကို တိုက်ကြီးကုန်းလို့ ခေါ်လာခဲ့တာပဲ"

"ဒီလိုလား"

"ဟုတ်တယ်နွေး၊ ပြောရဦးမယ်၊ အခုလူတွေ သိမ်ဖြူဈေးခေါ်တဲ့ ဈေးဟာ ဟိုတုန်းက ဘီလူးမဈေးလို့ ခေါ်ကြတဲ့ဈေးပဲ၊ ဘာလို့ခေါ်သလဲဆိုတော့ အဲဒီနားမှာ ဘီလူးပုံတုကြီးတစ်ခုရှိလို့ ဘီလူးမဈေးလို့ ခေါ်ကြတာပေါ့၊ ဒီ ဘီလူးမဈေးနားမှာ ဒေဝနာဂရသိမ်လို့ခေါ်တဲ့ သိမ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတယ်၊ အဲဒီသိမ်ကိုစောင့်ရတဲ့ အစောင့်ကတော့ မဒွေးလှတို့ ညီအစ်မပဲ"

"ဒေါက်တာက ဒီလောက်ထိတောင် သိနေတယ်နော်"

"နောက်ထပ်သိတာတစ်ခု ထပ်ပြောရဦးမယ်"

"ဟုတ်ကဲ့"

"ရန်ကုန်မြို့ လမ်းမတော်မှာရှိတဲ့ အိမ်တော်ရာဘုရားဟာ ဘာဖြစ်လို့ အိမ်တော်ရာဘုရား ဖြစ်လာခဲ့သလဲ နွေးသိလား"

"ဟင့်အင်း....မသိဘူး"

"စေတီတော်ကိုပြင်ဆင်ဖို့ သာယာစေတီမင်း ဒဂုံရောက်လာတယ်၊ အဲဒီလို လာတဲ့အချိန်မှာ အိမ်တော်ရာဘုရား နေရာမှာ အိမ်ဆောက်ပြီးနေခဲ့လို့ အဲဒီဘုရားကို နောက်လူတွေက အိမ်တော်ရာဘုရားလို့ခေါ်ကြတာပဲ၊ အိမ်တော်ရာ ဘုရား ထီးတင်တဲ့အချိန်မှာ အင်္ဂလိပ်နဲ့ မြန်မာ တိုက်ပွဲစ ခဲ့တာ နွေးရဲ့"

"ဒေါက်တာ ပြောပုံတွေက အဲဒီအကြောင်းတွေကို သိပ်လိုက်တဲ့လူတစ်ယောက် ပြောပြနေသလိုမျိုးပဲနော်"



"ဒီလိုပြောနိုင်အောင် သိမီလိုက်သူတွေ ပြောပြတာကို သေသေချာချာနားထောင်မှတ်သားထားရတာပေါ့ နွေးရဲ့၊ အဲဒီလို ဘုရားထီးတင်နေတုန်း တိုက်ပွဲတွေ ဖြစ်တော့ပြေးရသွားရမှာ ဖြစ်တဲ့အတွက် ဘုရင့်ငွေတွေကို အဲဒီမှာပဲ မြှုပ်ခဲ့တယ်....

"အလျင်လိုလုပ်ခဲ့ရလို့ ငွေတွေမြှုပ်တဲ့နေရာမှာအထိမ်းအမှတ်အဖြစ် လူတစ်ရပ်သောက်မြင့်တဲ့ စေတီသေးသေးကလေး တည်ခဲ့တယ်"

"သာယာဝတီမင်းက လူတစ်ရပ်စာလောက်ပဲ မြင့်တဲ့စေတီတည်ခဲ့တယ် ဟုတ်လား ဒေါက်တာ"

"ဟုတ်တယ်၊ သူ မြှုပ်ခဲ့တဲ့ ငွေတွေရဲ့နေရာကိုလဲ မှတ်သားတဲ့အနေနဲ့ပေါ့"

"အဲဒီစေတီက အိမ်တော်ရာဘုရားဝင်းထဲမှာရှိသလား"

"ဟုတ်တယ်နွေး၊ အိမ်တော်ရာဘုရားဝင်းရဲ့ စနေထောင့်ရပ်က ထန်းပင်တွေကြားမှာရှိတယ်၊ ဒီဘုရားကို ဦးရွှေရေး စောင့်ရတယ်"

"ဦးရွှေရေး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဦးရွှေရေးဆိုတဲ့ ပုဂ္ဂိုလ်ကြီးက မန္တလေးမြို့ဆင်ကျုံးအရပ်က ထွက်ရပ်ပေါက်တဲ့ ပုဂ္ဂိုလ်ပဲ၊ ပုဂံမင်းရဲ့ ကျွန်တော်ရင်းပေါ့....

"မျက်နှာသာပေး ရွှေရေးပုဂံတက် ဆိုတဲ့စကားဟာ အဲဒီခေတ်က ပြောကြတဲ့စကားပဲ နွေး၊ ပုဂံမင်းကို ဦးရွှေရေးက ခားမိုးပြီး နန်းတင်ပေးခဲ့တဲ့အတွက် ဒီစကားပုံပေါ်လာခဲ့တာပဲ"

"မသိပါဘူး ဒေါက်တာရယ်၊ နွေးတို့ကတော့ မျက်နှာသာပေး ရွှေရေးပုံဂံတက်စကားကို ပြောမယ့်သာ ပြောနေကြတာ ဘယ်ကလာတဲ့ စကားမှန်းမသိဖူးဘူး"

"အခု သိပြီပေါ့၊ တိမ်မြုပ်နေတဲ့လူတွေ မသိတော့တဲ့ အကြောင်းအရာတွေကို လေ့လာဖော်ဆောင်တာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စပေါ့နွေး၊ ကိုယ် ဘာပြောလို့ပြောမှန်းကိုယ့်ဘာသာ မသိကြတာ တွေးကြည့်ရင် ရယ်ဖို့ကောင်းတယ်"

"ဒါဆိုရင်တော့ နွေးတို့ဟာ ရယ်စရာအကောင်းဆုံးလူ ဖြစ်မယ်ထင်တယ်"

"ဘာလို့လဲ"



"အဓိပ္ပာယ်မသိဘဲ မှန်းတုတ်ရမ်းဘုတ်တွေ များလို့ပေါ့ ဒေါက်တာရဲ့"

နေခြည်နွေးကပြောပြီး သူ့ဘာသာ သဘောကျစွာ ရယ်သည်။

ဒေါက်တာ ဟိန်းအောင်ကျော်ကပါ လိုက်ရယ်သည်။

"အခုဆိုရင် နွေးလဲ တော်တော်များများ သိသွားပြီပဲ၊ ရယ်စရာအကောင်းဆုံးလူတော့ မဖြစ်နိုင်တော့ဘူးပေါ့၊ အခု ကျွန်တော်ပြောပြတဲ့ သိုက်တွေဟာ ပစ္စည်းရှိတဲ့ သိုက်တွေချည်းပဲနွေး၊ ပစ္စည်းမရှိတဲ့သိုက်တွေကျတော့ သိုက်ကန်းလို့ ခေါ်တယ်"

"သိုက်ကန်း....ဟုတ်လား"

"ဟုတ်တယ်၊ သိုက်ကန်းတစ်ခုအကြောင်း နွေးဗဟုသုတ ဖြစ်အောင် ပြောပြရမယ်ဆိုရင် ကံရင်ပြည်နယ် ဇွဲကပင် တောင်မှာ တောင်ကမ်းပါးယံကြီးတစ်ခုဟာ ထူးဆန်းတယ်၊ အဲဒီကမ်းပါးယံကြီးပေါ်မှာ ကျောက်လက်ဝါးကြီး တစ်ခုရဲ့ ပုံသဏ္ဍာန်ပေါ်နေတယ်၊ အဲဒါကို တချို့က ကျောက်လက်ဝါးသိုက် ရှိတယ်လို့ပြောနေကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ လူတွေက အထင်နဲ့ပြောနေကြတာပါ၊ အဲဒီကမ်းပါးယံမှာပဲ ကျောက်ရုပ်ကြီးတစ်ရုပ် ရှိသေးတယ်၊ အဲဒါလဲ လူကထုဆစ်ထားတာ မဟုတ်ဘူး၊ သဘာဝ အလျောက် သူ့ဘာသာ ဖြစ်နေတာ၊ အဲဒီ ကျောက်ဗျိုင်း ရုပ်ကြီးအောက်မှာ ရေကန်ကြီးတစ်ခုရှိတယ်၊ အဲဒီရေကန် မှာ သိုက်ရှိတယ်ဆိုပြီး ကျောက်ဗျိုင်းကြီးသိုက်လို့ ခေါ်ကြ ပြန်တယ်"

"အဲဒါကော သိုက်မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ထင်ကြေးနဲ့ပြောနေကြတာပဲ၊ အဲဒါမျိုးကို သိုက်ကန်းလို့ ခေါ်ကြတာပေါ့"

"ဒေါက်တာပြောမှပဲ သိုက်ကန်းဆိုတာ ကြားဖူးတော့ တယ်"

ဤသို့ စကားတပြောပြောဖြင့် ရှေ့ဆက်၍သွားလေရာ မျှားမကြာမီ အတော အတွင်းမှာပင် လမ်းခုလတ်၌ ချောက် ကမ်းပါးကြီးကို တွေ့ကြရလေတော့၏။



ကမ်းပါးပြတ်ဖြစ်၍ တစ်ဖက်ကမ်းနှင့် ပေးသုံးဆယ်ခန့် ကွာလှမ်းကာ ဘောင်ကြားချောင်း ဖြတ်စီးနေသည်ကို တွေ့ ရ၏။

"ဆရာ....ကျွန်တော်တို့ တစ်ဖက်ကမ်းကို ဘယ်လိုလုပ်ပြီး ကူးကြမလဲဆရာ၊ ဒီလမ်းကော ဟုတ်ရဲ့လား"

"လမ်းကတော့ ဟုတ်ပါတယ်ကွာ"

"လမ်းဟုတ်ရင် ဘယ်လိုလုပ်ပြီး ဆက်ကြမလဲဆရာ"

ကြေးနီကြီးက စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောလိုက် သည်။

"စိတ်အေးအေး ထားစမ်းပါ ကြေးနီကြီးရာ၊ ငါစဉ်းစား နေပါတယ်၊ သူတို့ဘစ်တွေ ခရီးဆက်ကြတုန်းက ဒီနေရာကို ကူးတားဆောက်ခဲ့ကြမှာပေါ့ကွ၊ ပြီးတော့မှ ရတနာတွေ ထားရာနေရာကို အလွယ်တကူ မရောက်နိုင်အောင် တံတား ဖြုန်ဖျက်ခဲ့တာနေမှာပေါ့"

ဒေါက်တာ ဟိန်းအောင်ကျော်၏ စကားကြောင့် ကြေး နီကြီး သဘောပေါက်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....ဟုတ်ပါရဲ့၊ ဟုတ်တယ်ဆရာ၊ အဲဒီလိုပဲ ဖြစ်ဖို့ များတယ်၊ ကျွန်တော် မစဉ်းစားမိဘူး"

ဟု အားတက်သရော လေသံဖြင့် ပြန်ပြော လိုက်လေတော့သည်။

★

## အခန်း (၁၄)

### အမြန်းဆုံးပြီးဆုံးသည့် တံတားကြီးတစ်ခု

"ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းကို တံတားဆောက်ရမယ်ဆိုတော့ အမြန်ဆုံးတစ်နည်းပဲရှိတယ် ကြေးနီကြီး"

"ပြောပါဦး ဆရာ"

"သိပ်ပြီးဦးနှောက်ခြောက်အောင်တွေးမနေပါနဲ့ ကြေးနီကြီးရာ၊ ဒီအနားမှာ အမြင့်ဆုံးသစ်ပင်နဲ့ ပင်လုံးသိပ်မကြီးတဲ့ အပင်ရှာပြီး ခုတ်လှဲလိုက်ကြရုံပေါ့၊ အဲ....တစ်ခုတော့ရှိတာပေါ့ကွာ၊ တစ်ဖက်ကမ်းကိုလဲအောင်တော့ တို့တွေ ဉာဏ်ကူ ထိန်းကျောင်းပေးရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သဘောပေါက်ပြီဆရာ"

"ဟုတ်တယ် ဒေါက်တာ၊ ဒီအကြံကောင်းတယ်"

မလှမ်းမကမ်းတွင်ရှိနေသည့် မင်းမောင်ကလည်း ဝင်ပြောလိုက်၏။

ဤသို့ဖြင့် သူတို့သည် ကမ်းပါးစောက်ထက်လျှောက် အပင်မြင့်မြင့်သွယ်သွယ်ကို ရှာကြလေ၏။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ ပင်လုံးဖြောင့်ဖြောင့် ရှည်ရှည် လုံးပတ်လည်းသိပ်မကြီးသော သစ်ပင်ကြီးတစ်ပင်ကို ရှာတွေ့ကြလေ၏။

"ဟောဒီအပင်ကြီး မကောင်းဘူးလားဆရာ"

ကြေးနီကြီးက အပင်ကိုလက်ညှိုးညွှန်ပြလျက် ပြောလိုက်သည်။

"အေး....ကောင်းကယ်၊ ဒီအပင်က ပင်လုံးဖြောင့်ပြီး သွယ်တဲ့အပြင် မြင့်လဲမြင့်တယ်၊ ပြီးတော့ ဟိုဘက်ကမ်းကိုလဲ ကိုင်းငိုက်နေတယ်၊ ဒီဘက်ကနေ ခုတ်ဖြတ်လိုက်တာနဲ့ ထစ်ဖက်ကမ်းကို လဲကျသွားမှာသေချာတယ်"



ဒေါက်တာဟိန်းအောင်ကျော်နှင့် ကြေးနီကြီးတို့က တစ်ဖက်ကမ်းကူးရန်အတွက် သစ်ပင်ရှာဖွေနေကြစဉ် နေခြည်နွေးက ငွေဆံပင်အား သစ်ကပ်ပန်းတွေ တက်ခူးခိုင်းလေသည်။

တောတောင်အတွင်း သဘာဝမိခင် ဖန်ဆင်းပေးထားမှုကြောင့် သစ်ကပ်ပန်းများသည် လွန်စွာ အရောင်အသွေးတောက်ပ ဆန်းပြားလျက် လှပလွန်းသောကြောင့် နေခြည်နွေး မျက်စိကျခဲ့သည့်ဆိုပါက ကျဲလောက်စရာပင် ဖြစ်သည်။

နေခြည်နွေးလို မိန်းကလေးမပြောနှင့် ဒေါက်တာ ဟိန်းအောင်ကျော်ပင်လျှင် ထိုသစ်ကပ်ပန်းကြီးများကို စိတ်ထဲက သဘောကျနေမိသည်။

နေခြည်နွေးသည် ငွေဆံပင်ကြီး ခူးပေးသော သစ်ကပ်ပန်း ဝါပါများကို တစ်ခေါင်းလုံး ဝေနေအောင် ပန်ဆင်ပင်လိုက်၏။

ထိုနောက် သစ်ကပ်ပန်းပင်တချို့ကို ကျောပိုးအိတ်ထဲသို့ ထိုးထည့်နေလေ၏။

"ဒါ ဘာလုပ်တာလဲ မနေခြည်နွေး"

www.burmeseclassic.com

www.burmeseclassic.com



ငွေဆံပင်က မေးလိုက်၏။

"ဒီအပင်တွေ ယူသွားမယ်လေ.... ငွေဆံပင်ကြီးရဲ့၊ တို့ရောက်ရင် ပြန်ပြီးစိုက်မှာပေါ့"

"ပြန်စိုက်မယ် ဟုတ်လား"

"အင်းလေ"

ငွေဆံပင်ကြီးက ခေါင်းကို ယမ်းခါလိုက်၏။

"ဖြစ်မယ်မထင်ဘူး မမလေး"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ နွေးတို့ခြံဝင်းထဲမှာ ကုက္ကိုပင်ကြီးရှိတယ်၊ ဒီအပင်က အပွေးထူတယ်၊ သစ်ကပ်ပန်းတွေ ဖြစ်နိုင်တာပေါ့"

"မလွယ်ဘူး မနေခြည်နွေးရဲ့၊ ဟိုသင်းအပင်တော့ ရှင်ချင် ရှင်မယ်၊ ပန်းလဲပွင့်ချင်ပွင့်မယ်၊ ဒါပေမယ့် ဒီလို အပွင့်ကြီးကြီးတွေ၊ အရောင်အသွေးတောက်တောက်ပပတွေ ဖြစ်နိုင်မယ် မထင်ဘူး"

"အင်း....ဒါလဲဟုတ်တာပဲ၊ ငွေဆံပင်ကြီး ဆိုလိုတာက တောင်ပေါ်နဲ့ မြေပြန့် ရာသီဥတုချင်း မတူတာကို ပြောချင်တာ မဟုတ်လား"



"ဒါပေါ့ မမလေးရဲ့"

"ကဲ....ဟေ့ ငွေဆံပင်၊ စကားတွေ သိပ်များမနေနဲ့၊ ဟိုဘက်နားမှာ ဆရာက မင်းတို့ကို ခေါ်ခိုင်းလိုက်တယ်"

"ဘာကိစ္စလဲကွ"

"ဟ....မင်းတို့ကို အလှကြည့်ဖို့ ခေါ်တယ်လို့များ ထင်နေသလား၊ ဟိုဘက်ကိုကူးဖို့ တံတားအဖြစ် သစ်ပင်ခုတ်လှဲရမယ်လေကွာ၊ အဲဒီ ခုတ်ရမယ့်အပင် တွေ့ထားပြီ၊ အဲဒါ မင်းတို့ကို လာခေါ်တာ"

ကြေးနီကြီး၏စကားကြောင့် မင်းမောင်၊ ဖိုးဆိတ်နှင့် ငွေဆံပင်တို့သည် ဒေါက်တာဟိန်းအောင်ကျော်ရှိရာသို့အပြေးအလွှား သွားကြလေတော့၏။

နောက်ဘက်ခပ်လှမ်းလှမ်းမှ နေခြည်နွေးကလည်း လိုက်ပါလာခဲ့သည်။

မကြာခင်မှာပင် သစ်ခုတ်သံတဒုတ်ဒုတ်ကြားရပြီး ဒေါက်တာဟိန်းအောင်ကျော်ကို တွေ့ကြရလေ၏။

"ဟာ....ဆရာ မလုပ်ပါနဲ့၊ ကျွန်တော်တို့ ခုတ်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြေးနီကြီးက အားနာပါးနာဖြင့် ဒေါက်တာ ဟိန်းအောင်ကျော်၏လက်ထဲမှ ပုဆိန်ကိုယူဟန် ပြင်လိုက်သော်လည်း ဒေါက်တာဟိန်းအောင်ကျော်က မပေးချေ။

"ကိစ္စမရှိဘူး ကြေးနီကြီး၊ ငါက ဒီအဖွဲ့ရဲ့ခေါင်းဆောင်ကွ၊ ခေါင်းဆောင်ဆိုတာ နေရာတကာမှာ ခေါင်းဆောင်ပြီး အလုပ်လုပ်ရမယ်၊ ငါမောတော့မှ မင်းတို့အလှည့်ကျ တစ်ယောက်ပြီး တစ်ယောက် ဝင်ခုတ်ကျ၊ ခေါင်းဆောင်ကောင်းဟာ အချောင်မခိုရဘူး ကြေးနီကြီးရ...သိလား၊ ဒီတော့ မင်းတို့ အသာလေးကြည့်နေကြဦး၊ မောရင် ပြောမယ်"

ဒေါက်တာဟိန်းအောင်ကျော်၏ စကားကို မပယ်လှန်ရဲသည့် ကြေးနီကြီးသည် အနားသို့ တိုးမသွားဝံ့တော့ဘဲ ခပ်လှမ်းလှမ်းမှသာ ရပ်ကြည့်နေရ၏။

အမှန်စင်စစ် ကြေးနီကြီး၏စိတ်ထဲတွင် ဒေါက်တာ ဟိန်းအောင်ကျော်ကို ပင်ပင်ပန်းပန်း မလုပ်စေချင်ပေ။

လုပ်ချင်းလုပ် သူတို့ပဲ လုပ်ချင်သည်။

ငွေဆံပင်ကလည်း ထိုနည်းလည်းကောင်း။



ဒေါက်တာ ဟိန်းအောင်ကျော်ကို အားနာသည့် အမူအရာဖြင့် လှမ်းကြည့်နေ၏။

မင်းမောင်၏ စိတ်ထဲ၌မူ ဒေါက်တာဟိန်းအောင်ကျော်ကို ကျိတ်၍ ချီးကျူးနေမိ၏။

ဖိုးဆိတ်တစ်ယောက်သာ ဘာမျှဖရေရေရာရာ မတွေးတတ်သဖြင့် ခပ်အေးအေးရှိလေ၏။

နေခြည်နွေးမှာကား သစ်ပင်ကို အားကြိုးမာန်တက် ခုတ်နေသည့် ဒေါက်တာ ဟိန်းအောင်ကျော်ကို ကြည့်ပြီး သဘောကျနေ၏။

သစ်ပင်ခုတ်သည့်အတွက် ဒေါက်တာဟိန်းအောင်ကျော်က အပေါ်အင်္ကျီကို ချွတ်ထားသည်ဖြစ်ရာ စွပ်ကျယ်ကလေးတစ်ထည်က သူ၏ ယောက်ျားပီသသောခန္ဓာကိုယ်ကို လုံခြုံအောင် မဖုံးကွယ်ထားနိုင်တော့ချေ။

ကျန်းမာရေးလိုက်စားထားသော ခန္ဓာကိုယ် ဖြစ်သောကြောင့် ကြွက်သားများက သူ့နေရာနှင့်သူ ဖုရမည့်နေရာဖု၊ ဖောင်းရမည့်နေရာဖောင်း၊ အမြောင်းလိုက် ရှိရမည့်နေရာမှာရှိကာ ကိုယ်နေဟန်ထားမှာ မောင်မြန်မာ တစ်ယောက်ကဲ့သို့ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယိုအထဲ ကြွက်သား အဖုဖု ထုထုပြီး ခရာချင်စရာငယ်၊ ထွားကျိုင်းတဲ့ ဗမာလူငယ်ဆိုသော အဆိုတော် ဒေါ်တင်တင်မြ သီဆိုထားသည့် သီချင်းစာသားကလေးက အာရုံထဲ ဝင်ရောက်လာပြန်သောကြောင့် နေခြည်နွေး၏ ရင်ထဲတွင် ဖိုခနဲခံစားလိုက်ရလေ၏။

သို့ဖြစ်၍ ဆက်မကြည့်ရဲတော့သလိုဖြစ်လာသောကြောင့် မျက်စိကို အသာလွှဲထားလိုက်ရ၏။

"ဒုတ်....ဒုတ်....ဒုတ်....ဒုတ်"

ဒေါက်တာ ဟိန်းအောင်ကျော် ပုဆိန်ဖြင့် တစ်ချက်ခုတ်လိုက်တိုင်း ပုံ့တင်သံထက်ကြွပ်ပါလာသဖြင့် နှစ်ချက်ကြားရ၏။

အဘန်ကြာသောအခါ ဒေါက်တာဟိန်းအောင်ကျော်၏ ခန္ဓာကိုယ်ပေါ်တွင် ချွေးသီး ချွေးပေါက်များ ရွှဲရွှဲစိုလာသဖြင့် ကြေးနီကြီးက အပါးသို့ တိုးကပ်သွားကာ....

"ဆရာ ခုတ်တာကြာပြီဆရာ၊ ဒီတစ်ခါ ကျွန်တော့်အလှည့်ပဲ"

ဟု ပြောလျက် ဒေါက်တာ ဟိန်းအောင်ကျော်၏ လက်ထဲမှ ပုဆိန်ကိုတောင်းယူကာ အားကောင်းမောင်းသန်ဖြင့် လွှဲ၍လွှဲ၍ ခုတ်လေတော့၏။



ကြေးနီကြီးမှာမူ ဒေါက်တာဟိန်းအောင်ကျော်ထက်ပို၍ ကိုယ်လုံးကိုယ်ထည်ကြီးမား၏။သို့ဖြစ်၍ကြွက်သားအမြောင်းလိုက်အချောင်းလိုက်မှာလည်း ပို၍ကြည့်ကောင်း၏။

ပုဆိန်ကိုလွှဲ၍ခုတ်သောအခါ သူ၏ရင်ကျယ်ကြီးနှင့်လက်မောင်းကြွက်သားများမှာ စီးချက်ကျနစွာ လှုပ်ရှားနေသောကြောင့်ကြေးနီကြီးမှာလည်း၊ပုဆိန်လွှဲခုတ်နေသည်နှင့်မတူဘဲ မောင်မြန်မာကိုယ်ဟန်ပြသည်နှင့် တူနေလေတော့၏။

ကြေးနီကြီး မောသွားသောအခါ ငွေဆံပင်အလှည့်ဖြစ်၏။

ငွေဆံပင်ကြီး၏ ခန္ဓာကိုယ်မှာလည်း ကြေးနီကြီးကဲ့သို့ပင် ကြီးမားသောကြောင့် ကြည့်၍ကောင်းသူပင် ဖြစ်ပါ၏။

ငွေဆံပင်ကြီး အားမာန်အပြည့်ဖြင့် ခုတ်ပြီးမောပန်းလာသောအခါ မင်းမောင်က ဝင်ခုတ်သည်။

မင်းမောင်မှာ လူလုံးလူဖန်မသေးသော်လည်း မထွားကျိုင်းသောကြောင့် သိပ်ကြည့်မကောင်းလှချေ။

ဖိုးဆိတ်အလှည့်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးဆိတ်ကား နာမည်နှင့်လိုက်အောင်ပင် ဆိတ်ကလေးတစ်ကောင်လို သေးကွေးလှ၏။

မုတ်ဆိတ်မွေးကိုနန့်နန့်လည်းဆိတ်ကလေးတစ်ကောင်လို ရှိ၏။

သူ ပုဆိန်ကို အားယူ၍ခုတ်နေသော အမူအရာကိုကြည့်ရင်း အားလုံးမပြုံးဘဲ မနေနိုင်ကြချေ။

နေခြည်ခွေးကမူ ဟန်မဆောင်နိုင်ဘဲ ပါးစပ်ပိတ်ကာ တခွိခွိရယ်မောလေတော့၏။

သူ့ကိုကြည့်ပြီး ရယ်မောနေသည့်အတွက် ဖိုးဆိတ် မကျေနပ်ချေ။

သို့သော်လည်း မပြောသာတော့ပေ။

ရှက်ရှက်ဖြင့် အားမာန်တင်းကာ ထွီမှဲ့ ခုတ် လေ တော့သည်။

ဖိုးဆိတ်ခုတ်သည်မှာ အလှည့်ကျမှုပင် ကံကောင်းထောက်မစွာဖြင့် လေကလည်း တစ်ဖက်ကမ်းဘက်ဆီသို့ ခပ်ပြင်းပြင်းလေး တိုက်၏။



“ဒုတ်....ဒုတ်....ဒုတ်....ဒုတ်”

“ဖိုးဆိတ်ကွ၊ ခုတ်ပေး....ခုတ်ပေး၊ သစ်ပင်ကြီး လဲကျတော့မယ်”

ကြေးနီကြီးတို့ ငွေဆံပင်တို့က လက်ခုပ်လက်ဝါးတီးလျက် အားပေးသည်။

“ဂျွတ်....ဂျွတ်....ဂျွတ်”

“ဖြောင်း”

“ဘုန်း”

ဂျွတ်....ဂျွတ်....ဂျွတ်....ဟူသည်မှာ သစ်ပင်ကြီး ကျိုးကျရန် တဖြည်းဖြည်း စောင်းလဲကျသွားသဖြစ်၏။

“ဖြောင်း”ဆိုသည်မှာ အရှိန်ပြင်းပြင်းဖြင့် ကျိုးပြတ်သွားသံဖြစ်သည်။

“ဘုန်း”ဆိုသည်မှာ သစ်ပင်ကြီးနှင့် တစ်ဖက်ကမ်းပါးယံတို့ ထိခတ်မိသံ ကျယ်ကြီးပင် ဖြစ်လေတော့၏။

ထိုအခါ သူတို့တွက်ဆထားသည့်အတိုင်း သစ်ပင်ကြီးသည် ချောက်ကမ်းပါးကို တံတားခင်းပြီးလျက်သား ဖြစ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဒေါက်တာဟိန်းအောင်ကျော်တို့လည်း သစ်ပင်ကြီးကို နင်းဖြတ်ကာ တစ်ဖက်ကမ်းသို့ ကူးနိုင်ကြလေတော့၏။

တစ်ဖက်ကမ်းသို့ ရောက်ပြီး မကြာမီမှာပင် သူတို့တွေ ဦးတည်ရှာဖွေခဲ့သည့် ရွှေကိုယ်လေးငွေကိုယ်လေး ရုပ်တုများရှိရာ သီပေါမင်းရတနာသိုက် တည်ရှိသည့် ကျောက်ဂူများ အနီးအနားသို့ ရောက်ရှိသွားကြလေတော့၏။

☆

## အခန်း (၁၅)

### အိန္ဒြေရှင်ဖနေသော ရသေ့ကြီး

ကျောက်တောင်များကို လှမ်းမြင်နေရသော်လည်း တော်တော်နှင့် မရောက်နိုင်ကြသေးချေ။

စိတ်လောနေသော မင်းမောင်သည် ရှေ့ဆုံးမှ အပြေးတစ်ပိုင်း လျှောက်နေလေရာ ဒေါက်တာဟိန်းအောင်ကျော်က မကြာခဏ သတိပေးရလေ၏။

"သိပ်ပြီးမလော့ပါနဲ့မင်းမောင်၊ မောင်ရင်တစ်ယောက်တည်း ပြတ်သွားပြီး မျက်စိလည်သွားရင်ခက်မယ်နော်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟိန်းအောင်ကျော် လှမ်းပြောမှပင် မင်းမောင်သည် ခြေလှမ်းများ အနည်းငယ် နှေးကွေးသွားပြီး နောက်က လူအုပ်ကို စောင့်ဆိုင်းလေ၏။

စောင့်သာစောင့်နေရသော်လည်း သူ့ကိုကြည့်ရသည်မှာ သိပ်ပြီး စိတ်ရှည်ပုံ မပေါ်ချေ။

မင်းမောင်၏ လောဘစိတ် အခြေအနေကို သိရသဖြင့် ဒေါက်တာ ဟိန်းအောင်ကျော်က ပြုံးလည်းပြုံးမိ သနားလည်း သနားမိလေ၏။

ကျောက်တောင်ကြီးများနှင့် နီးလာသောအခါ အေးစိမ့်ခေတ် ပိုကျသဖြင့် ပို၍ ချမ်းစီးမှုကို ခံကြရလေသည်။

ကျောက်ဂူကြီး တစ်ခုနှင့် တဖြည်းဖြည်း နီးလာသောအခါ သူတို့အားလုံးသည် အံ့သြစွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေ၏။

"တော်တော်တော့ ထူးဆန်းတယ်နော်ဆရာ၊ ဒီခလောက် လူမနီး သူမနီး အရပ်ကြီးမှာရှိတဲ့ ဂူပေါက်ကြီးဟာ ချုံနွယ်ပိတ်ပေါင်းတွေ မရှိဘဲ ရှင်းလင်းနေတယ်၊ သစ်ရွက်ကြွေတောင်မရှိအောင် ပြောင်တလင်းခါနေတယ်"



ငွေဆံပင်က အခြေအနေကို အကဲခတ် ကြည့်ရှုရင်း ဒေါက်တာ ဟိန်းအောင်ကျော်ကို ပြောလိုက်၏။

"မင်း မဆိုးဘူး ငွေဆံသင်၊ ဟုတ်တယ်၊ ဒါဟာ ထူးခြားတဲ့ လက္ခဏာတစ်ခုပဲ၊ ဒီဂူကြီးထဲမှာလူ သူရှိခနကြောင်း ပြနေတာပဲ၊ သတိဝီရိယနဲ့ နေကြ၊ ဒါပေမယ့် ဒီမှာ ရှိနှင့်နေတဲ့လူဟာ ရန်သူတော့ မဟုတ်နိုင်ဘူး"

"ဘာဖြစ်လို့ ရန်သူမဟုတ်ဘူးလို့ ပြောနိုင်ဘာလဲ ဆရာ"

မင်းမောင်က မေးလိုက်၏။

"လူဆိုး လူမိုက်တစ်ယောက်ဟာ ရောက်ရာ အရပ်မှာ ဖြစ်သလိုနေကြတဲ့အကျင့်များတယ်၊ အခုလိုဂူကြီးတစ်ပိုက်မှာ ရှင်းလင်း သုတ်သင်ထားမယ် မထင်ဘူး၊ ဖြစ်ဖို့များတာက ရသေ့ရဟန်း သူတော်စင်လိုပုဂ္ဂိုလ်မျိုးပဲ ဖြစ်နိုင်တယ်"

ဒေါက်တာ ဟိန်းအောင်ကျော်က ခိုင်ခိုင်မာမာ ပြောလိုက်၏။

မကြာခင်မှာပင် ဂူအတွင်း ချောင်းဟန့်သံ တစ်ချက်ထွက်ပေါ်လာပြီး သစ်ခေါက်ဆိုး သင်္ကန်း ဝတ်ထားသည့် ပုဂ္ဂိုလ်ကြီးတစ်ပါး ထွက်လာသော၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဆံပင်များ၊ မုတ်ဆိတ်များသည် ဝါဂွမ်းကဲ့သို့ ဖွေးဖွေး ဖြူနေကြပြီး လေတွင် တဝဲဝဲ လွင့်နေကြ၏။

ပုဂ္ဂိုလ်ကြီး၏ အသားအရေသည် ဖြူသည်ဟု ဆိုရမည်ထက် ဝင်းဝါနေသည့် အဓနအထားမျိုး ရှိနေ၏။

ထိုပုဂ္ဂိုလ်ကြီးသည် ဟိန်းအောင်ကျော်နှင့် အဖွဲ့ကို တွေ့ရသည်နှင့် ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။

"အင်း....တယ်လဲ အပင်ပန်းအဆင်းရဲခံကြသကိုးကွယ့်"

အေးဆေးတည်ငြိမ်သော လေသံဖြင့် တစ်လုံးချင်း ဖြည်းဖြည်း ပြောလိုက်၏။

ရသေ့ကြီးစကားကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်က ဘာဆက်ပြောရမည်ကို တွေးနေစဉ်မှာပင် ရသေ့ကြီးက ဆက်ပြောလိုက်၏။

"ပစ္စည်းသိုက်ဆိုတာမျိုးဟာ လောကမှာ ရှိနေကြပေမယ့် ထိုက်တန်တဲ့ လူမှ ဖြစ်တာကွယ့်၊ သူ့ကိစ္စနဲ့ သူ အကြောင်းနဲ့ ဖြစ်နေကြတဲ့အခါ ရှာဖွေယူငင်ဖို့ခက်တယ်"

"ခင်ဗျာ"

ရသေ့ကြီး၏ စကားကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်နှင့်အဖွဲ့သားများ အားလုံး အံ့အားသင့် သွားကြ၏။



"ရသေ့ကြီးက တပည့်တော်တို့ လာရင်းကိစ္စကိုတောင် သိနေပါလား"

ဒေါက်တာ ဟိန်းအောင်ကျော်၏ နှုတ်ဖျားမှ လွတ်ခနဲ ထွက်သွားလေ၏။

ထိုအခါ ရသေ့ကြီးက အဓိပ္ပာယ်ပါပါဖြင့် ပြုံးလေ၏။

"သိသင့်သိထိုက်တဲ့ကိစ္စ၊ သိချင်သိမယ့်ကိစ္စ၊ သိမှဖြစ်မယ့် ကိစ္စတွေကိုတော့ သိလို့ရပါတယ် လူကလေး"

"တပည့်တော်တို့က ဟိုးအဝေးကြီးက လာခဲ့ရတာပါ ရသေ့ကြီး၊ လာရတဲ့ အကြောင်းကလဲ တပည့်တော်တို့ ကိုယ်ရေးကိုယ်တာအကျိုးအတွက် မဟုတ်ပါဘူးဘုရား၊ အများအတွက် အကျိုးရှိရာရှိကြောင်း လာတာပါ၊ တပည့်တော်တို့မှာ ရတဲ့သိုက်မှာ ပညာနဲ့ ပတ်သက်တဲ့ ပုရပိုက်တွေ အတော်များများ ရှိနေတယ် ဆိုတာကို တပည့်တော်က ပိုအန္တရာယ်ရှိပါတယ်"

ရသေ့ကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြန်၏။

"လူကလေးပြောတာ မှန်ပါတယ်၊ ပညာရပ် တော်တော်များများတာလဲ အဲဒီမှာ ရှိနေပါတယ်၊ ဒါပေမယ့် ခုအချိန်မှာတော့ အချိန်မတော်သေးတယ်လို့ ကျုပ် ယူဆတယ် လူကလေး"

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးစကားကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်တို့ စိတ်ပျက်လက်ပျက် ဖြစ်သွားပြီး တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ဖြစ်ကြ၏။

''ခက်တယ် လူကလေးတို့ရေ၊ လောကကြီးဟာ သိပ်ပြီး ဆန်းကြယ်တယ်၊ လုပ်ချင်တာကို မလုပ်ဘဲ နေရသလို တစ်ခါတစ်ရံကျတော့လဲ မလုပ်ချင်တာကိုမှ ရွေးပြီး လုပ်နေကြရတာမျိုးတွေ ရှိတယ် လူကလေး၊ တခြားမကြည့်နဲ့၊ ကျုပ်ကိုပဲ ကြည့်၊ ဟောဒီ သစ်ခေါက်ဆိုးရေ သင်္ကန်းဟာ ကျုပ် ဝတ်ချင်လို့ ဝတ်ထားတယ် မထင်ကြနဲ့''

''ခင်ဗျာ...ဝတ်ချင်လို့ မဟုတ်ဘူး ဟုတ်လား''

''ဟုတ်တယ် လူကလေး၊ ဟောဒီ ရသေ့ဝတ်ကို ကျုပ် မဝတ်ချင်ဘဲ ဝတ်ထားရတာပါ၊ ဒါဟာ သစ္စာစကားတစ်ခုပဲ၊ ကျုပ်ဟာ လူ့ဘဝတုန်းက လူပျော် တစ်ယောက်ပေါ့၊ အသောက်အစား အပျော်အပါး မကင်းတဲ့အပြင် အားလပ်ရက်တွေမှာဆိုရင် အမဲလိုက်တဲ့ အလုပ်ကို အမြဲမပြတ် လုပ်ခဲ့တယ်''

''ဟာ...ရသေ့ကြီးက အမဲလိုက်တယ် ဟုတ်လား''

ဖိုးဆိတ်က အံ့အားတသင့်ဖြစ်သွားပြီး ဝင်ပြောလိုက်ရာ—



''အသာနေစမ်းပါ ဖိုးဆိတ်ရာ၊ ဘယ်ကလာ ရသေ့ကြီးက အမဲလိုက်ရမှာလဲ၊ လူ့ဘဝတုန်းကကိစ္စကို ပြောနေတာ''

ဟု မင်းမောင်က ဝင်ဟန့်လိုက်သောကြောင့် ဖိုးဆိတ် ပါးစပ်ပိတ်သွား၏။

''အဲဒီလို အမဲလိုက်တဲ့နေရာမှာ ကျုပ်က စားချင်လွန်းလို့ မဟုတ်ဘူး၊ တောထဲ ပျံ့လည်တဲ့အလုပ်၊ ပစ်ခတ်ရတဲ့ အလုပ်တွေကို ဝါသနာပါလွန်းလို့ လုပ်တာ၊ ရလာတဲ့ အမဲကောင်ကို ဖျက်ပြုပြီးတော့ အိမ်နီးနားပါးတွေကို ခွဲဝေပေးပစ်လိုက်တာပါပဲ၊ အဲ...တစ်ခါတလေကျတော့ ကျုပ် ပစ်ခတ် ရလာတဲ့ အသားကောင်တွေ မြို့ဝန်ကို လက်ဆောင် ပေးလိုက်တာပါပဲ''

''မြို့ဝန်ကို ပေးတယ်''

''ဟုတ်တယ်''

''မြို့ဝန်ဆိုတာက သီပေါဘုရင် လက်ထက်က မြို့ဝန်ကို ပြောတာလားဘုရား''

ဒေါက်တာ ဟိန်းအောင်ကျော်၏ အမေးကို ရသေ့ကြီးက ခေါင်းယမ်းခါ၍ ငြင်းပယ်လိုက်၏။

''မဟုတ်ဘူး လူကလေး၊ ဘကြီးတော်ဘုရား လက်ထက်က မြို့ဝန်ပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ....ဒါဆိုရင် အရှင်ဘုရားရဲ့ သက်တော်က မနည်းတော့ဘူးပေါ့"

ရသေ့ကြီးက ခေါင်းဆတ်ညိတ်လိုက်၏။

"မြဒါး ခတ်ဆီ၊ ကျောက်ခတ်ဆီ၊ သံခတ်ဆီတွေကို ဖြူဖြင်စီရင် ဖန်တီးသုံးစွဲရင် အသက် တစ်ရာတမ်းမှာပေဖယ့် အဆောင်အဆောင်းမက နေနိုင်တယ်လေ လူကလေးရဲ့၊ လူကလေးလဲ စာတတ်ပေတတ်တစ်ယောက်ပဲ၊ မေ့သွားပြီလား"

"မှန်ပါ့ဘုရား၊ သဘောပေါက်ပါတယ်"

"အေး...သေခြင်းတရားကိုသာ မဖြစ်အောင် လုပ်လို့မတတ်ကောင်းတာ၊ အိုခြင်းဆိုတဲ့ ဇရာကို နှေးကွေးအောင် သက်တမ်းကို ရှည်အောင် ဖြူဖြင်စီရင်လို့ ရနိုင်ပါတယ်ကွယ်၊ လူတွေက မလုပ်နိုင်ကြလို့ပါ၊ ပြီးတော့ ကျုပ်ရဲ့အဖြစ်အပျက်က လူသာမန်တွေထက် ပိုပြီး ဆန်းပြားတယ်ကွယ့်"

"အဲဒီ ဆန်းပြားတယ်ဆိုတဲ့ အကြောင်းအရာကို သိခွင့်ရှိရင် သိချင်ပါတယ်ဘုရား"

"သိခွင့်ရှိပါတယ် လူကလေး၊ သိချင်သပဆိုရင်လဲ ပြောပြရတာပေါ့"



ပြောပြောဆိုဆို ရသေ့ကြီးက ဂူပေါက်ဝ အနီးတွင်ရှိနေသော ကျောက်ဖျာချပ်ကြီးပေါ်၌ တင်ပျဉ်ခွေလျက် ထိုင်နေလိုက်၏။

အဖွဲ့သားများက မလှမ်းမကမ်းတွင် မြေပြင်ပေါ်၌ ပုဆစ်တုပ်၍ ထိုင်နေကြရသည်။

"ဒီလိုကွယ့်၊ ကျုပ်က ဘောင်ယာလုပ်ကိုင် စားသောက်ရတဲ့ တောင်သူကြီး တစ်ယောက်ပါ၊ စားနိုင်သောက်နိုင် ချောင်ချောင်လည်လည် ရှိပါတယ်၊ ဘိုးဘွားပိုင် ယာကောထောင်ချီပြီး ပိုင်ဆိုင်တာဆိုတော့ ကျုပ်ဟာ ရွာစားတစ်ယောက်အဆင့်အထိ ရောက်လာခဲ့တယ်"

နေခြည်နွေးသည့် အသက်ရာနှင့်ချီ ရှည်နေသည့် မုတ်ဆိတ်ဖြူဖြူနှင့် ရသေ့ကြီးကို အံ့ဩတကြီး ငေးမောကြည့်ရှုရင်း ဂရုတစိုက်နားထောင်နေလေ၏။

အားလုံးလည်း ရသေ့ကြီး၏စကားကို လွန်စွာ စိတ်ဝင်စားနေကြလေ၏။

"အဲသလို တင့်တောင်းတင့်တယ် နေရတဲ့ ဘဝဆိုတော့ ကျုပ်မှာ အားလပ်တဲ့အချိန်တွေ အများကြီး ရှိလာခဲ့တယ်၊ ဒီတော့ ကျုပ် အသောက်အစား အပျော်အပါးတွေ ခုံမင်လာတယ်၊ ဒီ့အပြင် ဝါသနာအကြီးမားဆုံးကတော့ ကြက်လည်ထွက်တာပဲ၊ သားကောင်တွေပစ်ခတ်ဖို့ လေးမြားကို

www.burmeseclassic.com



ကျုပ်ကိုယ်တိုင် လုပ်ဘာယ်၊ မြားဆိပ်ကအစ ကိုယ်တိုင် ဖော်စပ်ခဲ့တယ်''

ဒေါက်ဘာ ဟိန်းအောင်ကျော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

''အဲသလို တောလည်ထွက်ရင်း တစ်နေ့ကျတော့ ကျုပ်ဟာ သမင်တစ်ကောင်ကို လေးနဲ့ပစ်ဖို့လိုက်ရင်း ချုံကွယ်ထဲ ဝင်သွားတဲ့ သမင်ကို ပစ်လိုက်တာ သမင်ကိုမထိဘဲ ချုံကွယ်မှာ တရားထိုင်နေတဲ့ ရသေ့ကြီးတစ်ပါးကို ထိမှန်သွားတယ်''

''ဟာ....ဒုက္ခပါပဲ''

ဖိုးဆိတ်ပါးစပ်က ယောင်ယမ်း ထွက်သွားသောအခါ သူ့ဆရာ မင်းမောင်က မျက်စောင်းထိုးလိုက်သဖြင့် ဖိုးဆိတ်ဇက်ကလေး ပုသွားရှာ၏။

''ဖြစ်ချင်တော့ ရသေ့ကြီးကို မြားမှန်တာ ဘယ်ဘက်ရင်အုံတည့်တည့်ကို ဖြစ်နေတယ်၊ ကျုပ် သေသေချာချာ ဖော်စပ်ပြီး မြားဦးမှာ သုတ်လိမ်းထားတဲ့ အဆိပ်တွေကလဲ ချက်ချင်းအစွမ်းပြသာကြတော့ ရသေ့ကြီးခမျာ ဝေဒနာကို အလူးအလဲ ခံစားရရှာတာပေါ့၊ ဒီအခါ ကျုပ်လဲ နောင်တတရား တော်တော် ရသွားပြီး ရသေ့ကြီးကို အနူးအညွတ် တောင်းပန်ရတာပေါ့''



''အဲဒါနဲ့ ဘာတွေ ဆက်ဖြစ်သေးသလဲ အရှင်ဘုရား''

ငွေဆံပင်က သိချင်ဇောအားကြီး၍ ဖြတ်မေးလိုက်၏။

''ပြောမှာပေါ့ ငွေဆံပင်ရယ်၊ ငြိမ်ငြိမ်လေး နားထောင်နေစမ်းပါ၊ ဆန္ဒမစောစမ်းပါနဲ့''

ကြေးနီကြီးက ဟန့်လိုက်ပြန်၏။ ရသေ့ကြီးက ချောင်းတစ်ချက် ဟန့်လိုက်ကာ သူ့စကားကို ဆက်၍ ပြောပြန်လေတော့၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

### ဘဝပြောင်း၍ ကြွေးဆပ်ခြင်း

မြားဆိပ်ဖြင့် ဝေဒနာခံစားနေရသော ရသေ့ကြီးသည် ဖိုးစိန္တာ၏ ရင်ခွင်ထဲတွင် ခွေခွေခေါက်ခေါက် ရှိနေရာက လေသံမာမာဖြင့် ပြောလိုက်၏။

''မင်းဟာ အမှားယွင်းဆုံး အရာတစ်ခုကို လုပ်မိလိုက်ပြီ ဖိုးစိန္တာ''

ဝေဒနာ ခံစားနေရသည့်ကြားကပင် ရသေ့ကြီး၏ လေသံက မာကျောလွန်းသောကြောင့် ဖိုးစိန္တာ အံ့သြတုန်လှုပ်သွား၏။



''မှန်ပါတယ် အရှင်ဘုရား၊ တပည့်တော် မှားပါတယ် ဘုရား''

''အေး...မှားတယ်၊ မှားတာမှ မောင်မင်း အမှားကြီးကို မှားတယ်၊ မောင်မင်းက ငါးပါးသီလ အားလုံးလောက်လို လို ချိုးဖောက်ခဲ့တဲ့ လူဘစ်ယောက်ဖြစ်တယ်၊ အထူးသဖြင့် သုရာမေရယကံနဲ့ ပါဏာတိပါတာလို့ ခေါ်တဲ့ သေရည် သေရက်နဲ့ သူ့အသက်သတ်မိခြင်းကိစ္စတွေကို မောင်မင်း အများကြီး ကျူးလွန်ခဲ့တယ်''

''မှန်ပါတယ်ဘုရား''

''အခုအမှားအပြင် အခု အမှားကြီးတစ်ခု ကျူးလွန်လိုက်ဖြန်ပြီ၊ ငါ့လို တောမှီရသေ့တစ်ပါးရဲ့ အသက်ကိုပါ ရန်ရှာ စော်ကားမိပြီ''

''တပည့်တော်...တပည့်တော် တောင်းပန်ပါတယ်ဘုရား၊ အရှင်ဘုရားမှန်းမသိလို့ ကျူးလွန်မိတာပါ ဘုရား၊ သမင် အမှတ်နဲ့ ပစ်ခတ်မိတာပါဘုရား၊ ရသေ့ရဟန်းမှန်း သိရင် အခုလို ဖြစ်မှာမဟုတ်ပါဘူးဘုရား''

ဖိုးစိန္တာက ငိုသံကြီးဖြင့် ဖြန်သည်ပြောကြား လျှောက် ထားလေ၏။

''ရသေ့မှန်းသိရင် မသတ်ဘူး၊ သမင်အမှတ်နဲ့ သတ်မိတာ ပါ၊ ဒီလိုလား ဖိုးစိန္တာ''

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် အရှင်ဘုရား"

ဖိုးစိန္တာရင်ဝယ် အံ့ဩစိတ်၊ ယူကျုံးမရစိတ်၊ ထိတ်လန့်စိတ်များ ထွေပြားနေ၏။

မိမိနှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးခြင်းမရှိခဲ့သော ရသေ့ကြီးက မိမိအား ဖိုးစိန္တာ....ဖိုးစိန္တာဖြင့် နာမည်ကို တည့်တည့်ကြီး ခေါ်ငင်နေတာကြောင့်လည်း ပို၍ခံစားရခြင်းဖြစ်၏။

"အေး....အဲဒါကို မင်းတို့လို လူတွေရဲ့ မဟာအမှားကြီး တစ်ခုပဲ၊ တိရစ္ဆာန်မို့လို့ သတ်ကြတယ်၊ သတ်ထိုက်တယ်၊ သတ်ရက်တယ်၊ လူကျတော့ မသတ်ရဘူး၊ မသတ်ထိုက်ဘူး၊ မသတ်ရက်ဘူး၊ ဒီလိုလား"

"မှန်....မှန်ပါ"

"ဒီထက်ပိုပြီး မှန်ကန်တဲ့အချက်က တိရစ္ဆာန်ကိုသတ်လို့ ဘာအပြစ်မှမကျခံရဘူး၊ လူလူချင်းပြန်သတ်ရင်တော့ သေဒဏ်ရတယ် ဒီလိုဟုတ်လား၊ ဒါက မင်းတို့ရဲ့ လောကထုံးစံပဲ၊ ဟုတ်တယ်နော်၊ သေသေချာချာ စဉ်းစားကြည့်စမ်း ဖိုးစိန္တာ"



"သိပ်ပြီး မှောင်နေပါမယ်အရှင်ဘုရား၊ နားနားနေနေ ပြောတော်မူပါ ဒီအနီးအပါးဝန်းကျင်မှာ တပည့်တော် အဆိပ်ဖြေပြင် ရှာလိုက်ပါဦးမယ်ဘုရား"

ရသေ့ကြီးက ခေါင်းယမ်းလိုက်၏။

"ဘာမှ အပင်ပန်းခံပြီး အဆိပ်ဖြေပြင် ရှာမနေနဲ့တော့ ဖိုးစိန္တာ၊ မင်းစီးရင်ထားတဲ့မြွားဆိပ်က ကောင်းလွန်းတော့ ဆေးမမီတော့ပါဘူးကွယ်၊ ဒါကို ခေါင်မင်းလဲသိပါတယ်၊ ဒီတော့ ကျုပ်ပြောချင်တာ ပြောသင့်တာပြောမယ်၊ မောင်မင်း သေသေချာချာနားထောင်ထား"

"မှန်....မှန်ပါဘုရား"

ရသေ့ကြီးသည် မြွားဆိပ်မွှန်နေသည့်ကြားကပင် အားယူ၍ စကားဆက်ပြန်လေ၏။

"လူကိုကျတော့မသတ်ဘဲ တိရစ္ဆာန်တွေကို သတ်နေတာလဲ အကယ်တော့ သဘာဝမကျဘူး ဖိုးစိန္တာ၊ လူဟာ နာကျင်မှာ ကြောက်ရွံ့သလို တိရစ္ဆာန်ရမှာလဲ နာကျင်မှာ ကြောက်ရွံ့တာပဲ၊ လူတွေဟာ ကိုယ့်ရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို စွန့်လွှတ်ရမှာ ကြောက်ရွံ့သလို တိရစ္ဆာန်တွေဟာလဲ သူတို့ရဲ့ အသက်နဲ့ခန္ဓာကိုယ်ကို စွန့်လွှတ်ရမှာ ကြောက်ရွံ့

www.burmeseclassic.com

www.burmeseclassic.com



ကြတာချည်းပဲ၊ သေမှာမကြောက်တဲ့သတ္တဝါရယ်လို့ မရှိပါဘူး ဖိုးစိန္တာရယ်"

"ဟုတ်ပါတယ်ဘုရား"

"မောင်မင်းတို့လူတွေဟာ ရုတ်စက်ကြတယ်၊ ကြင်နာတဲ့နှလုံးသားကင်းမဲ့ကြတယ်၊ သူများရဲ့ ခန္ဓာကိုယ် အသွေးအသားနဲ့ တည်ဆောက်မှ ကိုယ့်ရဲ့ခန္ဓာကိုယ်အသွေးအသားတိုးပွားမယ်လို့မှတ်ယူနေကြတယ်၊ ဒါဟာ အလွဲသုံးစားအယူဝါဒပဲ၊ လောကကြီးမှာ အသီးအနှံ၊ သစ်ဥသစ်ဖုတွေဟာ ဘာကြောင့်ဖြစ်ပေါ်လာကြတာလဲစဉ်းစား၊ ကဲ...ကဲ ဒါတွေလျှောက်ပြောနေဖို့ ကျုပ်မှာ အချိန်မရှိဘူး၊ ကျုပ် ပြောသင့်တာတွေပဲပြောတော့မယ်၊ မောင်မင်းနားထောင်"

"ထောင်ပါ့မယ် ဘုရား"

"မောင်မင်းဖိုးစိန္တာဟာ သူ့အသက်သတ်ခြင်း အမှုတွေပြုလုပ်ခဲ့တဲ့အပြင် တရားကျင့်နေတဲ့ ရသေ့ရဟန်းကိုပါ ပစ်ခတ်တဲ့အတွက် အပြစ်ရှိကယ်၊ ဒီအပြစ်အတွက် ပေးဆပ်ရလိမ့်မယ်"

"ပေးဆပ်ပါ့မယ်ဘုရား၊ တပည့်တော် နောက်ကို အခုလို အမဲလိုက်တဲ့အလုပ် တစ်သက်လုံး မလုပ်တော့ပါဘူး"



"ဒါနဲ့တင်မပြီးသေးဘူး ဖိုးစိန္တာ၊ မောင်မင်း ကျူးလွန်ခဲ့တဲ့ မိုက်ပြစ်အတွက် ကျုပ်ကို အလျော်ပြန်ပေးရမယ်"

"အလျော်ပေးရမယ် ဟုတ်လား"

ဖိုးစိန္တာ ထိတ်လန့်စွာ ပြန်မေးမိ၏။

"ဟုတ်တယ်၊ အလျော်ပေးရမယ်"

"ဘယ်လို အလျော်မျိုးလဲ အရှင်ဘုရား"

"ကျုပ်က ရသေ့ရဟန်းဖြစ်နေလေတော့ သင့်ရဲ့အသက်ကို အလျော်မတောင်းပါဘူး၊ ဒါပေမယ့် သင့်ရဲ့ဘဝကိုပဲ လျော်ကြေးအဖြစ် ပေးဆပ်ရမယ်"

"ဘဝကို လျော်ကြေး ပေးရမယ်"

"ဟုတ်တယ် ဖိုးစိန္တာ၊ သင့်ရဲ့ လူ့ဘဝကနေ ကျုပ်လိုနိရည်စွန့်းတဲ့ သက်နှုံးဘို့ ဝတ်ပြီး ရသေ့ရဟန်းဘဝနဲ့ အရိုးထုတ်ရမယ်"

"ရသေ့ဝတ်ရမယ်"

"ဟုတ်တယ်၊ မောင်မင်း ရသေ့ဝတ်ရမယ်၊ ရသေ့ဝတ်ပြီးသေ့လိုကျင့်ရမယ့် ကျင့်စဉ်တွေကိုကျင့်နိုင်မယ်၊ ကျုပ်ဟာကျုပ်ရဲ့လုပ်ငန်းတွေ၊ ကျင့်စဉ်တွေ မပြီးဆုံးသေးခင်၊ မပြီးသတ်ခင် ကျုပ်ရဲ့ ရသေ့ဘဝကိုစွန့်လွှတ်ရတော့မယ် ဟုတ်လား၊ ဒီအကြွေး မောင်မင်း ပေးဆပ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အကြွေးပေးဆပ်တာတော့ ဟုတ်ပါပြီဘုရား၊ ဒါပေ မယ့် ရသေ့တို့ကျင့်ရမယ့် အကျင့်တရားတွေ၊ အစီရင်တွေ တပည့်တော် ဘာတစ်ခုမှ သိမထားသေးဘူးဘုရား"

"ဒါအတွက် ဘာမှ မပူနဲ့ ဖိုးစိန္တာ၊ မောင်မင်းအနားမှာ ကျုပ် အမြဲရှိနေမယ်၊ မောင်မင်း ဘာလုပ် ဘာကိုင်ရမယ် ဆိုတာကို ကျုပ် အမြဲညွှန်ကြားပေးမယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား၊ အဲသလိုဆိုရင်တော့ တပည့်တော် ရသေ ဝတ်နိုင်ပါလိမ့်မယ်ဘုရား"

"ကောင်းပြီ ဖိုးစိန္တာ၊ မောင်မင်းဟာ ကျုပ်လိုပဲ ရသေ့ တစ်ပါးဖြစ်လာရမယ်၊ ကျုပ်ကျင့်လို့ မပြီးသေးတဲ့ အကျင့် တွေကို ဆက်ပြီးကျင့်ရမယ်၊ နှစ်ပေါင်း ရာထောင်ချီပြီး ကျင့် နေရမယ်၊ နောက်ဆုံးဘုရားပွင့်တဲ့အထိ ကျင့်သွားရမယ်"

"မှန်ပါ ရသေ့ကြီး"

"ဒါဟာ ဖိုးစိန္တာအတွက်အကောင်းဆုံးပြစ်ဒဏ်ချေခြင်း ပဲကွယ့်၊ ရသေ့ရဟန်းဘဝနဲ့ အရိုးထုတ်သွားတဲ့အတွက် အရင် က မောင်မင်းကျူးလွန်ခဲ့တဲ့ အကုသိုလ် အညစ်အကြေးတွေ ဟာ စင်ကြယ်သွားလိမ့်မယ်၊ တန်ဖိုးမဲ့ လူသားတစ်ယောက် ကနေ တန်ဖိုးရှိတဲ့ လူသားတစ်ယောက် ဖြစ်လာလိမ့်မယ်"

ရသေ့ကြီး သည် စကားပြောရင်း အမှောဖောက်လာ လေ၏။



နှုတ်ခမ်းထောင့်စွန်းမှ သွေးစိမ်းရှင်ရှင်များ စီးကျလာ ပြီးနောက် ရသေ့ကြီးသည် ဖိုးစိန္တာ၏ ရင်ခွင်ထဲမှာပင် သက်ပျောက်သွားလေတော့၏။

ဖိုးစိန္တာလည်း ရသေ့ကြီး၏ရုပ်အလောင်းကို တို အနီး ားပတ်ဝန်းကျင်မှာပင် ကောင်းစွာမြေမြှုပ် သဂြိုဟ်ပေး ရလေသည်။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

### ရွှေကိုယ်လေး ငွေကိုယ်လေး ဖြစ်အောင်လုပ်

ရသေ့ကြီး ဦးစိန္တာသည် စကားကို လက်စဆက်ပြီး နောက်....

"ကျုပ်ရဲ့ဖြစ်စဉ်ကတော့ ဒါပါပဲလူကလေးတို့၊ ထဲ အချိန်ကစပြီး ကျုပ်ဟာ ကျုပ်ကိုယ်ကျုပ် မပိုင်တော့ဘူး သူတော်စင်ရသေ့ကြီး ညွှန်ကြားသမျှတွေ အကုန်လိုက် လုပ်ပေးနေရတော့တယ်၊ အခုလဲမောင်ရင်တို့လူစု ဒီဂူ ထဲကိုရောက်လာမယ့်အကြောင်း ကျုပ်ကြိုပြီး သိနေတယ်



လူကလေးတို့ ဘာလာလုပ်ကြမယ်ဆိုတာလဲ နားလည်နေ တယ်"

ဒေါက်တာ ဟိန်းအောင်ကျော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ဖြစ်ကြ၏။

"အချိန်မကျသေးဘူး လူကလေးတို့"

"ခင်ဗျာ...."

ရသေ့ကြီး၏စကားကို နားမလည်စွာဖြင့် နားထောင် မိကြ၏။

"ဟုတ်တယ်၊ ဒီရတနာသိုက်ဟာ အချိန်မကျသေးတဲ့ အတွက် လူတွေရဲ့လက်ထဲကို မရောက်ရသေးတာ ဖြစ်တယ်၊ အချိန်ကျရင်တော့ ရောက်ရမှာပေါ့ကွယ်၊ တကယ့်တကယ် တော့ လူကလေးတို့အနေနဲ့လဲ ဒီပစ္စည်းတွေကို မက်မော တွယ်တာမှု မရှိသင့်ကြဘူးကွယ့်"

"ဟုတ်ကဲ့ပါ ရသေ့ကြီး"

"လောကမှာ ပစ္စည်းဥစ္စာဟာ မတည်မြဲတဲ့ အရာဆိုတာ လူကလေးတို့လဲ သိသင့်သိထိုက်သလောက် သိထားပြီးကြ ပြီပဲ"

"မှန်ပါတယ် အရှင်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အေး....တကယ်တန်ဖိုးရှိပြီး ခိုင်မာတဲ့ အရာကတော့ နှလုံးသားစိတ်ထားပဲကွယ့်၊ စိတ်ကောင်းမွေးနိုင်တဲ့ လူသားအဖို့ အရာရာ ဘာမှမလိုတော့ဘူး၊ အဲဒီကောင်းတဲ့ စိတ်ထားကနေပြီး အရာရာကို ပြည့်စုံသွားစေလိမ့်မယ်"

ရသေ့ကြီး ဦးစိန္တာ၏စကား မှန်ကန်နေသောကြောင့် ဒေါက်တာ ဟိန်းအောင်ကျော်တို့အဖွဲ့ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကြ၏။

"အခု၊ လူကလေးတို့ လာရှာကြတဲ့ နန်းစဥ်ရတနာတွေထဲမှာ အလောင်းဘုရားနဲ့ ဆင်ဖြူရှင်တို့ရဲ့ ရွှေကိုယ်လေး ငွေကိုယ်လေးတွေလဲ ရှိနေကြတယ်၊ အဲဒါကိုလဲ သိကြတယ် မဟုတ်လား"

"သိပါတယ် ဘုရား"

"အဲဒီ ရွှေကိုယ်လေး ငွေကိုယ်လေး ရုပ်တုတွေဟာ သိန်းပေါင်း ရာထောင်ချီပြီး တန်ချင် တန်နေမှာပေါ့ကွယ်"

"မှန်ပါတယ်ဘုရား၊ ရွှေကိုယ်လေးဆိုတာဟာ လူရဲ့ခန္ဓာကိုယ် အလေးချိန်အလိုက် သွန်းလုပ်ရတာဆိုတော့ သိန်းပေါင်း ထောင်ချီပြီး တန်ဖိုးရှိနိုင်ပါတယ်"

"အေး....မှတ်ထား၊လောကမှာ ရွှေထည်ငွေထည်ဖစ္စည်းတွေ ဘယ်လောက်ပဲ တန်ဖိုးရှိရှိ လူ့တန်ဖိုးကိုတော့ လိုက်



မမီပါဘူး၊ လူတစ်ယောက် တန်ဖိုးရှိလာပြီဆိုရင် ဆွေမျိုးစုတစ်စုလုံး၊နိုင်ငံတစ်ခုလုံး၊ကမ္ဘာတစ်ခုလုံး ပြီးတော့....စကြာဝဠာ အနန္တအထိ အဖိုးမဖြတ်နိုင်အောင်တန်ဖိုးရှိတယ်ကွယ့်၊ ကျုပ်ပြောတာ မမှန်ပေဘူးလား လူကလေးတို့"

"မှန်ပါတယ်ဘုရား"

"ဒါဖြင့် ရွှေကိုယ်လေး ငွေကိုယ်လေးဆိုတဲ့ရုပ်တုတွေကို ရှာနေဖွေနေ တွေ့ချင်နေသေးဖို့ လိုပါမလား"

"မလိုပါဘူးဘုရား"

"အေး....မလိုဘူးကွယ့်၊ခုလို ရွှေကိုယ်လေးငွေကိုယ်လေးကို လိုက်ပြီးအချိန်ကုန်ခံ ရှာဖွေနေကြမယ့်အစား ကိုယ့်ကိုယ်ကို ရွှေကိုယ်လေး ငွေကိုယ်လေးလိုတန်ဖိုးရှိလာအောင် ပြုလုပ်ကြ၊ အဲဒီထက်တန်ဖိုးရှိအောင် ပြုလုပ်ကြ"

"မှန်ပါ့ဘုရား"

"အဲ....လူတစ်ယောက်ရဲ့ တန်ဖိုးကိုတော့ သစ္စာမေတ္တာဆိုတဲ့ပေတံနဲ့ တိုင်းတာရမှာပဲ၊ အဲဒါ ကမ္ဘာလောကကြီးအပေါ်မှာဘယ်လောက်သစ္စာကြီးမားမလဲ၊ မေတ္တာကြီးမား မလဲ၊ အဲဒီပေါ်မှာလူကလေးတို့တစ်ယောက်ချင်းရဲ့ တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



တွေရှိတယ်၊ ဒီတော့အချားကောင်းကျိုးအတွက်ဘယ်လို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်မလဲ စဉ်းစား၊ အချားကောင်းကျိုး အများဆုံး လုပ်ဆောင်ပေးနိုင်တဲ့လူဟာ တန်ဖိုး ကြီးမားတဲ့လူတစ်ယောက် ဖြစ်လာမှာပဲ"

ရသေ့ကြီးက စကားတွေအရှည်ကြီး ပြောဆိုနေသော်လည်း မောပန်းပုံ မရချေ။

အသက်တွေ ရာကျော်ရှည်နေသော်လည်း ရသေ့ကြီး၏ မျက်နှာပေါ် ခန္ဓာကိုယ်ပေါ်တွင် ဇရာအရိပ်အယောင်များ မတွေ့ရချေ။ အသားအရေ တွန့်လိမ်ခြင်းလည်း မရှိချေ။

ရသေ့ကြီးကြည့်ရသည်မှာ အသက် ငါးဆယ်ကျော် အရွယ်ခန့်သာ ရှိသည်ဟု ထင်ကြရ၏။

ရသေ့ကြီး၏စကားဆုံးသောအခါ သူတို့လူစုသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးခေတ္တမျှငိုင်နေမိကြ၏။

ထိုအချိန်တွင် မင်းမောင်သည် ဒေါက်တာ ဟိန်းအောင်ကျော်နားသို့ ကပ်လာပြီးနောက်....

"ဘယ်လိုလဲဒေါက်တာ၊ ရသေ့ကြီးပြောတဲ့အတိုင်းဆို ကျွန်တော်တို့အားလုံးနောက်ပြန်လှည့်ကြရုံပဲရှိတော့တယ်။ ကျွန်တော်တော့ ဒီလောက်ထိ အပင်ပန်းခံလာခဲ့ကြပြီးမှတော့ လက်ချည်းသက်သက် နောက်ပြန်မလှည့်ချင်ဘူး"



ဟု တီးတိုးပြောလိုက်၏။

"ဘယ်လိုတုံး လူကလေး မောင်မင်းမောင်၊ လူကလေးက ကျုပ်ပြောတာကို လက်မခံနိုင်လို့ ရှေ့ကိုဆက်ပြီး တိုးချင်သေးတယ်ပေါ့လေ"

ရသေ့ကြီးက လေသံမာမာဖြင့် မင်းမောင်အား လှမ်း၍ ပြောလိုက်ရာ မင်းမောင်ခမျာ တွန့်ခနဲ တစ်ချက်ဖြစ်သွားသည်။

စင်စစ် သူတို့အားလုံး၏အမည်များကို ရသေ့ကြီးအား ပြောဆိုထားခြင်း အလျဉ်းမရှိသေးချေ။

သည်ကြားထဲက ရသေ့ကြီးအနေနှင့်သူ့အမည်ကို တန်း၍ခေါ်လိုက်ခြင်းဖြစ်လေရာ သူသာမကဘဲ အဖွဲ့သားများအားလုံး အံ့အားတသင့် ဖြစ်သွားကြရလေတော့၏။

အံ့အားသင့်သလိုပင် ရှေ့ဆက်ရမည့်ခရီးအတွက် စိတ်များလည်း လေးလံသွားကြလေတော့၏။

"ကျုပ် လူလေးတို့ကို မေတ္တာရပ်ခံနေတာပါ၊ ဒီဂူကြီးထဲကို ဆက်ပြီးမဝင်ကြပါနဲ့တော့၊ ရတနာတွေမရှာကြပါနဲ့တော့၊ အဲဒီရတနာတွေဟာ တစ်ချိန်မှာ ပြည်သူတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲရောက်ပြီး သာသနာပြုရမယ့်ရတနာတွေ ဖြစ်တယ်ကွယ့်၊ ဒါကြောင့် မပြစ်မှားစေချင်ဘူး၊ ကျုပ်ပြောသာတွေကို နားထောင်ပါ၊ ကျုပ်ရဲ့စကားကို ယုံကြည်ပါ”

အားလုံး ငြိမ်သက်တိတ်ဆိတ်သွားကြပြန်လေ၏။

“ကိုင်း .... လူကလေးတို့ရဲ့ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဒေါက်တာ ဟိန်းအောင်ကျော် လူကလေး....”

ရသေ့ကြီး၏အသံက ထွက်လာသည်။ ဒေါက်တာ ဟိန်းအောင်ကျော် လူကလေးဟု ခေါ်လိုက်သည့်အသံမှာနားဝမှ ကြားရသည်ဟု မထင်မှတ်ရဘဲ သွေးနှလုံးသားထဲမှ ခေါ်လိုက်သည်ဟု ဒေါက်တာ ဟိန်းအောင်ကျော် ထင်မှတ်မိလေသည်။

ကြက်သီး ဖြန်းဖြန်းလည်း ထမိသည်။

“မှန်ပါ၊ အမိန့်ရှိပါ အရှင်ဘုရား”

ဒေါက်တာ ဟိန်းအောင်ကျော်က လက်အုပ်ချီလျက် ပြန်ထူးလိုက်ရ၏။

“လူကလေး ဒေါက်တာဟိန်းအောင်ကျော်ဟာ ဒီအဖွဲ့ရဲ့ ခေါင်းဆောင်ပဲ မဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”



“ဟုတ်ရင် ခေါင်းရင်းရဲ့ အဖွဲ့သားတွေ အားလုံးကို ဖော့င်းဖျောင်းဖျဖျ ပြောဆိုပြီး ဒီနေ့ရာကပဲ လာရာလမ်းကို ပြန်လှည့်ကြပါတော့၊ လူကလေးတို့ လာရကျိုးနပ်အောင် ကျုပ်က လက်ဆောင်တစ်ခု ချီးမြှင့်လိုက်ပါ့မယ်”

လက်ဆောင်တစ်ခုဆို၍ အဖွဲ့သားများအားလုံး စိတ်ဝင်တစားဖြင့် မျက်လုံးများ အရောင်ဝင်းဝင်း လက်သွားကြလေသည်။

“လက်ဆောင်ဆိုလို့ လူလေးတို့ခေတ်ကာလ ကြေးငွေနဲ့ တန်ဖိုးရှိတဲ့ ရွှေတွေငွေတွေမဟုတ်ပါဘူး၊အဲ....သုံးစွဲတတ်မယ်ဆိုရင်တော့ အဲဒီရွှေငွေထက်အများကြီးပိုပြီး တန်ဖိုးကြီးတဲ့ လက်ဆောင်ပါပဲ”

ရသေ့ကြီး ဦးစိန္တာ၏စကားကို နားစွင့်နေမိကြ၏။

“တခြားတော့ မဟုတ်ပါဘူး၊ လူကလေးတို့ကို ချီးမြှင့်မှာကတော့ ရှေးနှစ်ပေါင်းများစွာက စက္ကဂီလို့ခေါ်တဲ့ ရသေ့ကြီးတစ်ပါးထားခဲ့တဲ့ရသာယနဆေးဖော်နည်းပါပဲ၊ ဒီဆေးကိုစားသုံးတဲ့သူဟာ အသက်ရာထောင်မက ရှည်ရုံတင် မကဘဲ စိတ္တာအဖြစ်ဘောင် ကူးပြောင်း ရောက်ရှိနိုင်ပါတယ် လူကလေးတို့”

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ရသေ့ကြီး ဦးစိန္တာသည် ဒေါက်တာ ဟိန်းအောင်ကျော်၏ မှတ်စုစာအုပ်ကို ထုတ်ယူ ဖွင့်ခိုင်းလျက် စက္ကဂီရှင်ရသေ့၏ ရဿာဃနအသက်ရှည်ဆေးကို လိုက်လံ ရေးမှတ်စေလေတော့၏။

မှတ်ချက်။ ။ထိုဆေးနည်းကိုစိတ်ဝင်စားပါက စာရေးသူ ထံသို့ဆက်သွယ်၍ တောင်းယူနိုင်ပါသည်။

(စာရေးသူ)

## အခန်း (၁၈)

### ငါးရေအဲ ရေချိုးပြန်ရသဖြင့် ကျေနပ်သူ

ရန်ကုန်သို့ ပြန်ရောက်ကြသောအခါ ဦးဘသော်သည် ရွှေကိုယ်လေး ငွေကိုယ်လေး ရတနာများကို မရရှိလာသည့်အတွက် မည်သို့မျှ မခံစားရချေ။

ထိုခရီးစဉ်အတွက် ကုန်ကျသည့် စရိတ်စခများအတွက်လည်း နှမြောတွန့်တိုခြင်း အလျဉ်းမရှိချေ။

ရသေ့ကြီး ဦးစိန္တာပေးလိုက်သော စက္ကဂီရှင်ရသေ့၏ ရသာဃနဆေးနည်းကို ရသည့်အတွက် အကျေနပ်ကြီး ကျေနပ်နေပေတော့ရာ ဒေါက်တာဟိန်းအောင်ကျော်လည်း ထိုအခါကျမှပင် သက်ပြင်းကြီး ဟင်းခနဲ ချလိုက်ရလေတော့၏။

ဇေယျာတု သဗ္ဗမင်္ဂလံ

လင်းရောင်ဆင်

www.burmeseclassic.com

www.burmeseclassic.com

# လင်းရောင်တောင်

ရွှေကိုယ်လေး ငွေကိုယ်လေး



www.burmeseclassic.com